# ကြေးမုံ
The Mirror Daily
Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ စနေနေ့။ | Saturday, 14 September 2019 | ၄၇၇၂


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဝေ့ါရှန်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဝေ့ါရှန်းအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေးအမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ မြန်မာနိုင်ငံ အစိုးရ၏ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

**သတင်းစဉ်**



**ရင်းရင်းနှီးနှီး နှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဝေ့ါရှန်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ပြည်တွင်းပဲဈေးကွက်တွင် မတ်ပဲဈေးနှုန်း တစ်ပတ်အတွင်း တစ်တန်လျှင် ငွေကျပ် ၄၅၀၀၀ ခန့် ဈေးပြန်တက်

**ရန်ကုန် စက်တင်ဘာ ၁၃**

ပြည်တွင်း ပဲဈေးကွက်တွင် မတ်ပဲဈေးနှုန်းမှာ တစ်ပတ်အတွင်း တစ်တန်လျှင် ငွေကျပ် ၄၀၀၀၀ ခန့် ဈေးပြန်တက်နေကြောင်း၊ ထို့ပြင် ပဲစင်းငုံဈေးနှုန်းမှာ တစ်ပတ်အတွင်း တစ်တန်လျှင် ငွေကျပ် ၂၀၀၀၀ ခန့် ဈေးပြန်တက်နေကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

လက်ရှိ ပဲဈေးကွက်အတွင်း မတ်ပဲတစ်တန်လျှင် ငွေကျပ် ၇၆၀၀၀၀ ခန့်ရှိပြီး ပဲစင်းငုံ (အဟောင်း) တစ်တန်လျှင် ငွေကျပ် ၈၃၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

"မတ်ပဲဈေးက လက်ရှိ ငွေကျပ် ၇၆၀၀၀၀ ရှိတယ်၊ ပြီးခဲ့တဲ့အပတ်က မတ်ပဲက ငွေကျပ် ၇၁၅၀၀၀၊ အခု လက်ရှိက ငွေကျပ် ၇၆၀၀၀၀ ဆိုတော့ တစ်တန်ကို ငွေကျပ် ၄၅၀၀၀ လောက်ပြန်တက်လာတယ်။ နောက်တစ်ခါ ပဲစင်းငုံအဟောင်းက လက်ရှိ ငွေကျပ် ၈၃၀၀၀၀ လောက်ပြန်ဖြစ်တယ်၊ ပြီးခဲ့တဲ့အပတ်က ငွေကျပ် ၈၁၀၀၀၀ လောက်အထိ ကျတယ်ဆိုတော့ ငွေကျပ် ၂၀၀၀၀ လောက် ပြန်တက်လာတယ်"ဟု ဦးမင်းကိုဦးက ပြောသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ☆

## ကြေးမုံ ယနေ့ ဖတ်စရာ


သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရပ်ကျွမ်းကျင်သူများ မွေးထုတ်သွားရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များအောင်မြင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆို အတည်ပြု

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၄

ဓာတုပစ္စည်းများသုံး၍ ထုတ်လုပ်နေသော ကွမ်းသီးနှင့် ကွမ်းယာလုပ်ငန်းများအပေါ် ကြပ်မတ်ထိန်းသိမ်း

အမျိုးသားလွှတ်တော် စာမျက်နှာ » ၅

မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး ယာယီကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ » ၈





ကြေးမုံ

# ရည်ရွယ်ချက်ဖြင့် စွက်ဖက်မှုကိုဆန့်ကျင်

ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၄၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလ အတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးမှ လူ့အခွင့်အရေး ဆိုင်ရာ နောက်ဆုံးအခြေအနေအား နှုတ်ဖြင့်ရှင်းလင်းတင်ပြမှု အစီအစဉ် (Oral Update)နှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (Independent Investigative Mechanism-IIM)၏ မြန်မာ နိုင်ငံအပေါ် အပြန်အလှန်ဆွေးနွေးပွဲတို့ကို စက်တင်ဘာလ ၉ ရက်နေ့နှင့် ၁၀ ရက်နေ့တို့တွင် ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကုလ သမဂ္ဂပဋိညာဉ်ပါ ရည်ရွယ်ချက်များ၊ အခြေခံမူများကို လိုက်နာရန်လိုအပ် ကြောင်း ထောက်ပြခဲ့ပြီး လူတိုင်းပါဝင်မှုရှိခြင်း(Universality)၊ ဘက်လိုက်မှု မရှိခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်း စသည့်အခြေခံမူများကို ချိုးဖောက်ကာ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် နိုင်ငံများ၏ ပြည်တွင်း အချုပ် အခြာအာဏာကို စွက်ဖက်ခြင်းနှင့် အရေးယူခြင်းတို့ကို ရှောင်ကြဉ် သင့်ကြောင်း အသိပေးပြောကြားခဲ့သည်။

ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့ (Fact Finding Mission-FFM) သည် လူတိုင်းပါဝင်မှု၊ မျှတမှု၊ ဘက်မလိုက်မှု၊ မခွဲခြားမှု၊ ဓမ္မဓိဋ္ဌာန်ကျမှုတို့ကို သွေဖည်ကာ မမှန်ကန်သောအချက်အလက်များဖြင့် IIMကို ဖွဲ့စည်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအပေါ် လွန်ကဲစွာဖိအား ပေးခြင်း၊ ခွဲခြားစောင့်ကြည့်ခြင်း၏ နောက်တစ်ဆင့်နည်းလမ်းဖြစ်ပြီး မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးကျူးလွန်ခြင်းဖြစ်၍ ၎င်းအဖွဲ့ များကို အစဉ်တစိုက် လက်မခံခဲ့သလို မြန်မာတစ်နိုင်ငံလုံး ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။

၎င်းတို့၏အစီရင်ခံစာများသည် ချွတ်ယွင်းချက်များရှိပြီး တစ်ပါးနိုင်ငံ အပေါ် ဝင်ရောက်စွက်ဖက်လိုသော ရည်ရွယ်ချက်ဖြင့် နိုင်ငံရေးသွတ်သွင်းမှု များရှိနေသည်။ ရခိုင်ပြည်နယ်ဖြစ်စဉ်အမှန်ကို အများပြည်သူတို့သိရှိ ထားပြီးဖြစ်သော်လည်း အစီရင်ခံစာတွင် လုံခြုံရေးဝန်ထမ်းများ၊ ရာပေါင်း များစွာသော ဟိန္ဒူမိသားစုဝင်များ၊ အခြားတိုင်းရင်းသား လူနည်းစုနှင့် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်နေသည့် မွတ်စလင်များအပါအဝင် အပြစ်မဲ့ပြည်သူ မြောက်မြားစွာတို့အား ARSA အကြမ်းဖက်အဖွဲ့၏ ရက်ရက်စက်စက်ကျူးလွန်မှုများကို ထည့်သွင်းထားခြင်းမရှိသည့် တစ်ဖက် သတ်စွပ်စွဲချက်များသာဖြစ်သည်။

နိုင်ငံအများက ဂုဏ်ယူလေးစားအားထားရသော ကုလသမဂ္ဂအဖွဲ့ ကြီးကို ပဋိညာဉ်ပါ ရည်ရွယ်ချက်များ၊ အခြေခံမူများအား သမာသမတ် ကျကျ လိုက်နာကျင့်သုံးပြီး ကမ္ဘာ့နိုင်ငံများ၏အကျိုးကို အပြုသဘောဆောင် ဆောင်ကြဉ်းပေးနေသော အဖွဲ့အစည်းကြီးအဖြစ် နားလည်လက်ခံထား သည်။ သို့သော် ကုလသမဂ္ဂ၏ ယခုအဖွဲ့အစည်းနှစ်ခုသည် စံနှစ်မျိုးထားရှိမှု၊ နိုင်ငံရေးအသွင်ပြုလုပ်မှု၊ ဘက်လိုက်မှုနှင့် ရွေးချယ်ဆက်ဆံမှုတို့ဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် အမြတ်ထုတ်ရန် ကြိုးပမ်းနေခြင်းဖြစ်ရာ ယင်းတို့ကို မြန်မာနိုင်ငံနှင့်ပြည်သူအားလုံးတို့က ပြင်းပြင်းထန်ထန်ကန့်ကွက်ရမည်သာဖြစ်သည်။

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်အရေးကိစ္စသာမက မည်သည့်အရေး ကိစ္စတွင်မဆို လူ့အခွင့်အရေးနှင့်ပတ်သက်၍ ခိုင်မာသည့်ရပ်တည်ချက်၊ အရေးယူဆောင်ရွက်ချက်နှင့် ကောင်းမွန်သော ကတိကဝတ်တို့ရှိပြီးဖြစ် သည်ကို ထပ်လောင်းပြောကြားခဲ့သည်သာမက လက်တွေ့ကျကျလည်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ အပြုသဘောဆောင်သည့် ဆွေးနွေးမှုများအပါအဝင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများတွင်လည်း တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်အရေးကိစ္စကို ဖြေရှင်းရာတွင် မှန်ကန် မျှတမှုရှိပြီး အပြုသဘောဆောင်သည့် ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက် ရန်သာလိုအပ်ပြီး မလိုမုန်းထားမှုဖြင့် ခွဲခြားစောင့်ကြည့်စစ်ဆေးမှုနှင့် နိုင်ငံရေးအရ ဖိအားပေးမှုများကို ကန့်ကွက်ဆန့်ကျင်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် Edmond Efendija ဦးဆောင်သော NDI အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Edmond Efendija (Senior Legislative Strengthening Adviser) ဦးဆောင်သော National Demo -cratic Institute (NDI) အဖွဲ့ အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက် အအုံ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် NDI အနေဖြင့် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ စိစစ်သုံးသပ်ခြင်း ဆွေးနွေးမှုစာတမ်း နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ဥပဒေပြုရေး စောင့်ကြည့်ခြင်းနှင့် ကိုယ်စားပြုခြင်းဆိုင်ရာ ကိစ္စရပ်များ တွင် ကူညီပံ့ပိုးသွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၀ တွင်လည်း NDI အနေဖြင့် ပိုမို ပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာ မြင့်သိန်း၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ရေးအဖွဲ့ဝင် ဦးတင်အောင်ချိုနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူ များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများဆင်းပွဲ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့် ရေးကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများဖြစ်သည့် ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၃၀)နှင့် ပစ္စည်းထိန်းသင်တန်းအမှတ်စဉ် (၇) သင်တန်းများဆင်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဌေး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၀ ဖြင့် ဖွင့်လှစ်လေ့ကျင့် သင်ကြားပေးခဲ့ပြီး သင်တန်းကာလမှာ ဩဂုတ် ၅ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃-၉-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၆၂ | ၇၄၄,၀၀၀ |
| MTSH | ၄,၄၀၀ | ၄,၄၀၀ | ၃၇,၇၅၆ | ၁၆၆,၁၂၆,၄၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၅,၅၀၀ | ၂၆,၀၀၀ | ၄၂၁ | ၁၀,၇၃၆,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၁၀၀ | ၇၆၇ | ၂,၃၃၉,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၁၃**

ရန်ကုန်(ရွှေဈေး) ၁၂၄၂၀၀၀ မန္တလေး(ရွှေဈေး) ၁၂၄၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၀/၉၁၅ ကျပ် | ၉၁၅/၉၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၆၀/၉၁၀ ကျပ် | ၉၄၅/၉၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၂၀ ကျပ် | ၈၄၅/၈၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၈၀/၉၂၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၀/၈၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၄၅/၇၅၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၀.၇ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၉၇.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၆.၂၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၅၀.၁၁၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၄၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၁၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၇.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၀၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၂.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၄.၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၁




### ယူနီကုဒ်စနစ် စတင်ပြောင်းလဲ သုံးစွဲကြပါစို့

- နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် e-Government စနစ်၊ စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။
- e-Government စနစ်၊ စနစ်တကျ တိုးတက်လာရေးအတွက် အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူလူထုအကြား ကောင်းမွန်သော ဆက်သွယ်ရေး၊ ရေးသားပြောဆိုသောစနစ် တူညီရေး လိုအပ်ပါသည်။
- တူညီသော စနစ်ဖြစ်စေရန် နိုင်ငံတကာစံနှုန်း၊ မြန်မာစာ ရေးထုံးများနှင့် ကိုက်ညီသော ယူနီကုဒ်စနစ်သုံး မြန်မာစာစနစ်သို့ စတင်ပြောင်းလဲသုံးစွဲကြပါစို့။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့်တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြီးကြပ်လမ်းညွှန်ဆောင်ရွက်ခြင်းအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် (ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ)၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်၊ အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ခရိုင် ရွေးကောက်ပွဲအရာရှိများ တက်ရောက်ခဲ့ကြသည်။

**ကျွမ်းကျင်အောင်လေ့လာ**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၂၀ ရွေးကောက်ပွဲကို ဟန်ပြမဟုတ်ဘဲ စံပြအဖြစ်ဆောင်ရွက်မည်ဟု ပြောကြားလိုပါကြောင်း၊ ထိုသို့ ပြောကြားရခြင်းမှာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အများယုံကြည်လေးစားခြင်းခံရသော ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အားလုံး စံငါးချက်နှင့်အညီ ဆောင်ရွက်ကြမည်ဆိုသည်ကို အမှန်တကယ် ယုံကြည်ကိုးစား၍ ပြောကြားခြင်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် မဲဆန္ဒရှင်စာရင်းသည် အကျယ်




ပြန့်ဆုံး၊ အကြီးမားဆုံး လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အသက်(၁၈) နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ရေး အလေးထား ဆောင်ရွက်ပေးကြပါရန်နှင့် သတ်မှတ်ချိန်အမီပြီးစီးရေးအတွက် တိုက်တွန်းလိုပါကြောင်း၊ ကော်မရှင်တွင် ပါဝင်ဆောင်ရွက်နေကြသူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို ကျွမ်းကျင်အောင်လေ့လာထားပြီး ရွေးကောက်ပွဲလုပ်ငန်းများကို ကြီးကြပ်နိုင်စွမ်းရှိအောင်နှင့် ၂၀၂၀ ရွေးကောက်ပွဲကို ချောမောအောင်မြင်စွာကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# သွားမြစ်တု အစားထိုးဆေးကုသမှုပညာ စာတွေ့လက်တွေ့သင်တန်းများ ပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၃**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန်နှင့် ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်တို့အကြား နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်မှုအဖြစ် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ကျင်းပခဲ့သည့် သွားမြစ်တု အစားထိုးဆေးကုသမှုပညာ စာတွေ့လက်တွေ့ သင်တန်းလေးခု ပြီးမြောက်အောင်မြင်သည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါတက္ကသိုလ် သဟဇာတခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြင်ပြီးမြောက်ခဲ့သည့် ဆရာ ဆရာမ ၁၀ ဦးတို့အား တာဝန်ရှိသူများက အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်ကျွမ်းကျင်သူများ မွေးထုတ်သွားရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များအောင်မြင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆို အတည်ပြု

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့တွင် ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း တင်သွင်းသည့် **နိုင်ငံတစ်ဝန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖြေရှင်းဆောင်ရွက်သွားနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်ကျွမ်းကျင်သူများ မွေးထုတ်သွားရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ခရိုင်၊ မြို့နယ်အဆင့်ထိ စနစ်တကျတိုးချဲ့ဖွဲ့စည်းပြီး ဝန်ကြီးဌာန၏လုပ်ငန်းစဉ်များအောင်မြင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုအား အတည်ပြုခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ **မင်းဘူး မဲဆန္ဒနယ်မှ ဦးဝင်းဝင်း**က ဆွေးနွေးရာတွင် မိမိတို့နိုင်ငံတွင် ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း၊ လျှောင်လျှပ်ခြင်းတို့ကို လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ပိုမိုပြင်းထန်စွာ ဖြစ်ပွားခဲ့ခြင်းကြောင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးခြင်းများအပြင် စေတီပုထိုးနှင့် ရှေးဟောင်းအမွေအနှစ်များပါ ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ခရိုင်နှင့်မြို့နယ်အဆင့်ထိ စနစ်တကျတိုးချဲ့ဖွဲ့စည်းရန်အတွက် ရုံးနေရာတည်ဆောက်ရန် လုံလောက်သည့် မြေနေရာများ ရရှိရန်လည်း လိုအပ်ပါကြောင်း၊ လိုအပ်သည့်မြေနေရာများကို အဆင်ပြေချောမွေ့စွာ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် အဆိုနှင့်ပတ်သက်၍ ပြည်သူ့အစိုးရအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ကျွမ်းကျင်ပညာရှင်များ ပိုမိုမွေးထုတ်ပေးရန်လိုအပ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကိုလည်း ခရိုင်နှင့် မြို့နယ်အဆင့်တို့တွင် ရုံးအချို့ ဖွင့်လှစ်နေကြောင်းကို သိရှိပြီးဖြစ်ကြောင်း၊ သို့သော်လည်း အဆိုရှင် တင်ပြသကဲ့သို့ ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် အရှိန်အဟုန်မြှင့် ပိုမိုဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး**က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်း၍ အခြေခံအကြောင်းတရားများဖြစ်သည့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုဖြစ်စေရန် ကြိုးစားလုပ်ဆောင်ခြင်းဖြင့် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို ဖြည့်တင်းပေးခြင်း၊ သဘာဝသယံဇာတများကို စီမံခန့်ခွဲခြင်း၊ အလုပ်အကိုင် ဖော်ဆောင်ပေးခြင်း၊ ပြည်သူလူထုကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်း၊ နည်းဥပဒေ၊ ဥပဒေများစိုးမိုးစေခြင်းဖြင့် အဂတိလိုက်စားမှုများကို လျှော့ချနိုင်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း၊ ပင်လည်ဘူး မဲဆန္ဒနယ်မှ ဦးမင်းနောင်၊ မကွေး မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ပေါင် မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၊ ကျောက်ကြီး မဲဆန္ဒနယ်မှ ဦးမြင့်ငွေ၊ တွံတေး မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်နှင့် သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဇစ်တာခလိုက်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ**က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကချင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်တို့နှင့် တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ခရိုင်ရုံး ၁၃ ရုံးနှင့် မြို့နယ်ရုံး တစ်ရုံး ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၉ စက်တင်ဘာတွင် မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ခရိုင်ရုံး ငါးရုံးအား ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ခရိုင်ရုံး ၁၅ ရုံးနှင့် မြို့နယ်ရုံး ရှစ်ရုံး ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးနှစ်စီမံကိန်းအရ ဖွင့်လှစ်ရန် ကျန်ရှိသည့် ခရိုင်ရုံး ၃၈ ရုံးနှင့် မြို့နယ်ရုံး ၈၉ ရုံးတို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် မြေနေရာရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ခရိုင်ရုံး ၂၂ ရုံးနှင့် မြို့နယ်ရုံး ၃၂ ရုံးတို့အတွက် မြေနေရာရရှိပြီးဖြစ်ပါကြောင်း။

## ပတ်ဝန်းကျင်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေးစွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ သင်ကြားရေးစင်တာတစ်ခု ဖွင့်လှစ်တည်ထောင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအား နှစ်စဉ်စီမံချက်များ ချမှတ်၍ အင်အားပြည့်မီရေးအတွက် ဝန်ထမ်းများ ခန့်ထားနိုင်ရေးနှင့် ဘဏ္ဍာနှစ်အလိုက် ခရိုင်ရုံး၊ မြို့နယ်ရုံးများ ဆက်လက်ခွင့်ပြုနိုင်ရေးအတွက် နှစ်စဉ်ဘဏ္ဍာရန်ပုံငွေထည့်သွင်းတောင်းခံလျက်ရှိပြီး အဆိုပါလုပ်ငန်းများအား ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် လုပ်ငန်းခွင်မွမ်းမံသင်တန်းများ၊ ပြည်တွင်း၊ ပြည်ပ၌ ဖွင့်လှစ်လျက်ရှိသော ကာလတို၊ ကာလရှည် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများအပြင် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအားစေလွှတ်၍ ပတ်ဝန်း



ဒုတိယဝန်ကြီး
ဒေါက်တာရဲမြင့်ဆွေ



မင်းဘူး မဲဆန္ဒနယ်မှ
ဦးဝင်းဝင်း



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း



မင်းတပ် မဲဆန္ဒနယ်မှ
ဦးနေလင်းအောင်

ကျင်ထိန်းသိမ်းရေး ဘာသာရပ်ကျွမ်းကျင်သူများအား မွေးထုတ်ပေးလျက်ရှိပါကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ ပတ်ဝန်းကျင်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေးစွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ သင်ကြားရေးစင်တာတစ်ခုကို ဖွင့်လှစ်တည်ထောင်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ စီမံကိန်းကာလ သုံးနှစ်၏ ပထမနှစ်အတွင်းတွင် ကနဦးဆောင်ရွက်ချက်အနေဖြင့် Dam Safety Training Workshop အားလည်းကောင်း၊ Land Acquisition and Resettlement သင်တန်းအားလည်းကောင်း၊ Community Health and Safety သင်တန်းအားလည်းကောင်း ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပါကြောင်း။

ထို့ပြင် စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် ရေရှည်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ UNDP ၏ နည်းပညာအကူအညီဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် Capacity Needs Assessment ဖော်ထုတ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ခဲ့ပြီး ၎င်းအပေါ်အခြေခံ၍ မဟာဗျူဟာဆက်လက်ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းပူးပေါင်း၍ သင်တန်းသားများ ဆက်လက်စေလွှတ်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ လုပ်ငန်းများ စဉ်ဆက်မပြတ်ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်ကျွမ်းကျင်သူများ မွေးထုတ်သွားမည်ဖြစ်ပါကြောင်း၊ ခရိုင်၊ မြို့နယ်အဆင့်တို့ကို စနစ်တကျတိုးချဲ့ဖွဲ့စည်းပြီး ဌာန၏လုပ်ငန်းစဉ်များ အောင်မြင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ အဆိုအား အတည်ပြုသင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

အစည်းအဝေးတွင် သပိတ်ကျင်း မဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင်၏ **သပိတ်ကျင်းမြို့နယ်၊ အုန်းဇုန်းကျေးရွာအုပ်စု၊ ဇရပ်ကျေးရွာများ၏ ပြည်ထဲရေးအမည်ပေါက်ရွာ မြေအတွင်းကျရောက်နေသော သစ်တောမြေအား ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၇)၏ ဆုံးဖြတ်ချက်အရ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၀ ရက် ရက်စွဲပါစာဖြင့် မန္တလေးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သောအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သပိတ်ကျင်းမြို့နယ်၊ အုန်းဇုန်းကျေးရွာအုပ်စုအတွင်းရှိ ပြည်ထဲရေးအမည်ပေါက် ကျေးရွာ လေးရွာတို့အတွက် အမှန်တကယ် ထပ်မံပယ်ဖျက်ပေးရန် လိုအပ်သည့် ဧရိယာ(ဧက)အား တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ထပ်မံကွင်းဆင်းစစ်ဆေးတိုင်းတာနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းထားသော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များအပေါ် အမှန်တကယ် ထပ်မံပယ်ဖျက်ပေးရမည့် ဧရိယာများအား ပယ်ဖျက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၏ **အဝေးသင်တက္ကသိုလ်ပညာသင်ကြားလိုသော ကျောင်းသား ကျောင်းသူများအတွက် အိမ်ထောင်စုစာရင်းဝင်ပြောင်းရွှေ့ဝင်ရောက်သည့် အထောက်အထားတင်ပြစေရန် တောင်းခံနေမှုအား ပယ်ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် အဓိကလိုအပ်သည့် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ကြောင်း အထောက်အထား၊ အမှတ်စာရင်းနှင့် အမှန်တကယ်နေထိုင်သည့် သို့မဟုတ် အလုပ်လုပ်ကိုင်နေသည့် ဒေသရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်များဖြင့် လက်ခံသင်ကြားခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်အခန်း ၉ ရှိ အဝေးသင် သင်တန်းရေးရာကိစ္စရပ်များအခန်းတွင် အဝေးသင် သင်တန်းသားတိုင်းသည် အဝေးသင်တန်းတွင် ဘာသာပြောင်းလိုသည့် ကိစ္စ၊ ကျောင်းပြောင်းလိုသည့်ကိစ္စများကို မိမိတို့သင်ကြားခွင့်ရရှိသည့် တက္ကသိုလ်၏ အဝေးသင်ဌာနခွဲကို တိုက်ရိုက်ဆက်သွယ်ရပါကြောင်းကို ဖော်ပြထားရှိပါကြောင်း။

ကျောင်းပြောင်းလျှောက်ထားရာတွင် မိမိတက်ရောက်လိုသည့် ဌာနခွဲဆိုင်ရာ နယ်မြေတွင် အမှန်တကယ်နေထိုင်သူဖြစ်ကြောင်း၊ အိမ်ထောင်စုစာရင်းမိတ္တူ သို့မဟုတ် ကျောင်းသားသည် ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းဖြစ်ကြောင်းထောက်ခံချက် သို့မဟုတ် ကျောင်းသားမိဘတစ်ဦးသည် ဝန်ထမ်းဖြစ်ပါက ပြောင်းရွှေ့မိန့် မိတ္တူတို့ကို ပူးတွဲတင်ပြရပါကြောင်း၊ ကျောင်းပြောင်းခွင့်ပြုရေး၊ မပြုရေး ဆုံးဖြတ်ရာတွင် ကျောင်းပြောင်းလိုသည့် ကျောင်းသား၊ ကျောင်းသူက ထိုအချက်များကို ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ဦးစွာစစ်ဆေးပြီး လိပ်စာမှန်ကန်မှုရှိပါက လက်ခံမည့် တက္ကသိုလ်ဆရာ၊ ဆရာမ အင်အား၊ လက်တွေ့ခန်းနှင့် ဆရာ၊ စာသင်ခန်းအင်အားတို့ကို စိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီမှသာ ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ထိုသို့ တောင်းခံရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရန်ကုန်မြို့ မန္တလေးမြို့နှင့် မြို့ကြီးများတွင်ရှိသော တက္ကသိုလ်ကြီးများသို့ အခြားတက္ကသိုလ်၊ ဌာနခွဲများမှ ပြောင်းရွှေ့သင်ကြားမှုများ လွန်စွာများပြားလာသည့်အတွက် ဝန်နှင့်အား မျှစေရန် အထောက်အထားအဖြစ် တောင်းခံခြင်းဖြစ်ပါကြောင်း၊ သို့သော် ပြောင်းရွှေ့လိုသည့် အဝေးသင် ကျောင်းသူကျောင်းသားများအနေဖြင့် အမှန်တကယ်အခက်အခဲရှိမည်ဆိုပါက အိမ်ထောင်စုစာရင်း မိတ္တူတောင်းခံမှုကို ဖြေလျှော့ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း အထောက်အထား၊ အမှတ်စာရင်း၊ အမှန်တကယ်နေထိုင်သည့် ဒေသ၊ အလုပ်အကိုင်လုပ်ကိုင်လိုသည့် ဒေသများရှိ ရပ်ကွက်၊ ကျေးရွာ၊ အုပ်ချုပ်သူများ၏ ထောက်ခံချက်များအပေါ် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ထပ်ဆင့်အတည်ပြုထောက်ခံချက်ဖြင့် ပြောင်းရွှေ့ရေးအတွက် စိစစ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်ဌာနခွဲများနှင့်ညှိနှိုင်းပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ချင်းပြည်နယ် မင်းတပ်မြို့တွင် ဝိဇ္ဇာသိပ္ပံကောလိပ်တစ်ခု စတင်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိ

မင်းတပ် မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **မင်းတပ်မြို့တွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် သို့မဟုတ် ကောလိပ်ကျောင်း တစ်ကျောင်း တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ် မင်းတပ်မြို့တွင် ဝိဇ္ဇာသိပ္ပံကောလိပ်တစ်ခု စတင်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေနေရာကိုလည်း လွှတ်တော်ကိုယ်စားလှယ် တင်ပြသကဲ့သို့ ရရှိပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေကိုလည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ထပ်စာသင်ဆောင် နှစ်လုံး၊ စာသင် ဆရာ၊ ဆရာမ အဆောင် နှစ်လုံး၊ ခြောက်ခန်းတွဲ တစ်ထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး၊ ကျောင်းသားဦးရေ ၁၀၀ ဆံ့ ကျောင်းသား ကျောင်းသူ အိပ်ဆောင် နှစ်လုံး၊ ရေမီး၊ မြေယာပြုပြင်ခြင်းတို့အတွက် လျာထားပြီး ချင်းပြည်နယ်အစိုးရနှင့် ပေါင်းစပ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မင်းကင်း မဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရပ်ဆိုင်းခဲ့သော အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)တို့တွင် ၎င်းဘဏ္ဍာနှစ်အတွင်း ကုမ္ပဏီများမှ တည်ဆောက်ရေးလုပ်ငန်းများအတွက် စိုက်ထုတ်လုပ်ကိုင်ခဲ့ရသည့်**

စာမျက်နှာ ၉ ကော်လံ ၁ သို့

# ဓာတုပစ္စည်းများသုံး၍ ထုတ်လုပ်နေသော ကွမ်းသီးနှင့် ကွမ်းယာလုပ်ငန်းများအပေါ် ကြပ်မတ်ထိန်းသိမ်း

**နေပြည်တော် စက်တင်ဘာ ၁၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ယနေ့နံနက်(၁၀)နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် တိုက်ပွဲရှောင်စခန်းများတွင် ခိုလှုံနေသည့် တိုက်ပွဲရှောင် တိုင်းရင်းသားများနေရပ်သို့ ဘေးကင်းလုံခြုံစွာ ပြန်လည်အခြေချနေထိုင်နိုင်ရေး မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တိုက်ပွဲရှောင်ပြည်သူများအတွက် မိမိခရီးစဉ် (၄)ကြိမ်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ခရီးစဉ်(၂)ကြိမ်သွားရောက်၍ ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ခြင်း၊ ကယ်ဆယ်ရေးအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိရာ ယာယီခိုလှုံသည့် စုရပ်များသို့ ခေတ္တရောက်ရှိနေသော တိုက်ပွဲရှောင်ပြည်သူများထဲမှ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အို (၅၀) ကို လူမှုရေးပင်စင်များခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်မှ စတင်ခဲ့သော ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်ကိုလည်း တိုက်ပွဲရှောင်ပြည်သူများ ဆက်လက်ခံစားရရှိရန် ကြိုးပမ်းပေးလျက်ရှိရာ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွက် ထောက်ပံ့ကြေးငွေကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း။

## ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲရှောင်မြို့နယ်ပေါင်း ခုနစ်ခုရှိ တိုက်ပွဲရှောင် စခန်းပေါင်း ၅၃ ခုတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁၉၂ ဦးအား သင်ကြားလျက်ရှိ

ထို့ပြင် တိုက်ပွဲများဖြစ်ပွားခဲ့သော်လည်း လက်ရှိတည်ငြိမ်မှုရှိသော ကျေးရွာအချို့တွင် ရပ်ရွာအခြေပြု အခြေခံစက်ချုပ်သင်တန်းများကို လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ရာ ကျေးရွာခြောက်ရွာတွင် အမျိုးသမီး ၁၃၅ ဦးအား သင်ကြားပေးခဲ့ပါကြောင်း၊ ကလေးငယ်များပညာသင်ကြားရေးနှင့်ပတ်သက်၍ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၌ ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲရှောင်မြို့နယ်ပေါင်း ခုနစ်ခုရှိ တိုက်ပွဲရှောင်စခန်းပေါင်း ၅၃ ခုတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁၉၂ ဦးအား သင်ကြားလျက်ရှိပါကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော တိုက်ပွဲများကြောင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကိုပါ ကုသပေးနိုင်ရန်အတွက် ၂၀၁၉ခုနှစ် မေ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၌ ရခိုင်ပြည်နယ် (၁၇) မြို့နယ်ကျန်းမာရေးဌာနများမှ သင်ကြားရေးအဖွဲ့ဝင်များအား Psychological First Aid (TOT) Training ကို ဆောင်ရွက်ခဲ့ပြီး တိုက်ပွဲရှောင်ဒေသများ အပါအဝင် မြို့နယ်များတွင် ဆက်လက်၍ ဆင့်ပွားသင်တန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် တိုက်ပွဲရှောင် တိုင်းရင်းသားများ နေရပ်သို့ဘေးကင်းလုံခြုံစွာ ပြန်လည် အခြေချနေထိုင်နိုင်ရေးနှင့် စားဝတ်နေရေးပြေလည်ရေးတို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် တိုက်ပွဲဖြစ်ပွားလျက်ရှိသည့် ဒေသများဖြစ်သော ဘူးသီးတောင်-မောင်တော-ပလက်ဝ-ကျောက်တော်၊ မြောက်ဦးဒေသများအတွင်းရှိ ဒေသခံပြည်သူများအား ၂၀၁၉ ဇန်နဝါရီလမှ ဇွန်လအတွင်း ရေပေးဝေခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်နေရာများသို့ ကူညီပံ့ပိုးမှုများ အချိန်မီဆောင်ရွက်ပေးခြင်း၊ ဒေသအတွင်းရှိ ဘုရားပုထိုးနှင့်ဘုန်းတော်ကြီးကျောင်းများသို့ လှူဖွယ်ဝတ္ထုများ၊ တစ်ဆုပ်ဆန်၊ တစ်ဇွန်းဆန် လှူဒါန်းခြင်းများကို ဆောင်ရွက်ခြင်းနှင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက နီးစပ်ရာ ကျေးရွာများသို့ သွားရောက်၍ နယ်လှည့်ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကိုသိရှိရပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တိုက်ပွဲရှောင်ဒေသများ အပါအဝင် ရခိုင်ပြည်နယ်အတွင်း ၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၂၁၀ ဖြင့် ကျေးလက်အိမ်ရာအလုံး ၃၀၀ ကို ပြည်နယ်အစိုးရအဖွဲ့၏ အစီအမံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်းတိုက်ပွဲများဖြစ်ပွားမှုကြောင့် တိုက်ပွဲရှောင် ယာယီစုရပ်များတွင် သွားရောက်ခိုလှုံနေကြသည့် တိုက်ပွဲရှောင်တိုင်းရင်းသားများ ဘေးကင်းလုံခြုံရေးအတွက် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ အမှတ်(၁၊ ၂၊ ၃)၊ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲနှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး


ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ


ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်


မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်

လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်စပ်လျဉ်း၍ တိုက်ပွဲရှောင်စခန်းများ စုရပ်များတွင် ရောက်ရှိခိုလှုံနေသော တိုက်ပွဲရှောင် ပြည်သူများ မိမိမူလနေထိုင်ခဲ့သော ဒေသများသို့ပြန်သွားနိုင်ရေး လုံခြုံရေးအခြေအနေအရ တည်ငြိမ်အေးချမ်းပြီးဖြစ်သော မူလနေထိုင်ခဲ့ရာ နေရာများစာရင်းကို ပြုစုလျက်ရှိပြီး ရရှိပါက မူလနေရပ်များသို့ ၎င်းတို့ဆန္ဒအရ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ အစီအမံဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသော တိုက်ပွဲရှောင်စခန်းများတွင် စနစ်တကျ နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **ခံတွင်းကင်ဆာ ဖြစ်စေနိုင်သော ဓာတုဗေဒပစ္စည်းများသုံး၍ ထုတ်လုပ်နေသော ကွမ်းသီးနှင့် ကွမ်းယာ လုပ်ငန်းများအပေါ် မည်ကဲ့သို့ ထိန်းသိမ်းကြပ်မတ်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဓာတုပစ္စည်းများသုံး၍ ထုတ်လုပ်နေသော ကွမ်းသီးနှင့် ကွမ်းယာလုပ်ငန်းအပေါ် ကြပ်မတ်ထိန်းသိမ်းရန်အတွက် မိမိတို့ဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် ဆောင်ရွက်ရန် များစွာခက်ခဲလှပါကြောင်း၊ ကွမ်းသီးနှင့်ကွမ်းယာတွင် ထည့်သွင်းစားသုံးသည့် ပစ္စည်းများ တင်သွင်း/တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ လက်လီလက်ကားရောင်းချခြင်းများနှင့်ပတ်သက်၍ အကန့်အသတ်ဖြင့်သာ လိုင်စင်ထုတ်ပေးခြင်း၊ စည်းကမ်းသတ်မှတ်ခြင်း၊ ထိန်းကွပ်ခြင်း၊ ကြီးကြပ်ခြင်းများကို သက်ဆိုင်ရာဌာနများဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီအစရှိသည့် သက်ဆိုင်ရာဌာနများအားလုံးက တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပါက ရည်မှန်းထားသကဲ့သို့ ကွမ်းသီး၊ ကွမ်းယာနှင့်ပတ်သက်သည့် ရောဂါများကျဆင်းနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အဆင့်မှလည်း ကဏ္ဍပေါင်းစုံပါဝင်သော ဦးဆောင်အဖွဲ့တစ်ခုကို ဦးစီးဆောင်ရွက်၍ ပိုမိုထိန်းသိမ်းကြပ်မတ်မှုများ တင်းတင်းကျပ်ကျပ်ဆောင်ရွက်ပါက ကင်ဆာရောဂါကင်းရှင်းရေးလုပ်ငန်းများ ပိုမိုအဆင်ပြေသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆေးရွက်ကြီးပါသော ကွမ်းစားသုံးမှုဆိုင်ရာလျှော့ချမှု မူဝါဒရေးဆွဲရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် အဖွဲ့အစည်းများအားလုံးကို ဖိတ်ခေါ်၍ ပါဝင်ပူးပေါင်းဆောင်ရွက်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း၏ **ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံတွင် ဝန်ထမ်းများ လုံလောက်စွာ ခန့်ထားပေးရန်နှင့် တိုင်းရင်းဆေးရုံ အဆောက်အအုံအား ပြင်ဆင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အဆိုပါဆေးရုံတွင် ဆေးရုံအုပ်တစ်ဦး၊ ဒုတိယ ဆေးရုံအုပ်တစ်ဦး၊ တိုင်းရင်းဆေးမှူးခြောက်ဦး၊ ဒုတိယတိုင်းရင်းဆေးမှူး ရှစ်ဦး၊ လက်ထောက်တိုင်းရင်းဆေးမှူးကိုးဦး၊ အကြီးတန်းစာရေး တစ်ဦး၊ သူနာပြုသုံးဦး၊ အငယ်တန်းစာရေးတစ်ဦး၊ လုပ်သား(လူနာခန်း)တစ်ဦး စုစုပေါင်း ၂၉ ဦးခန့်ထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အထက်တန်းသူနာပြု တစ်ဦးကိုလည်း တိုင်းရင်းဆေးရုံတွင် တွဲဖက်ထားပါကြောင်း။

ဆေးရုံအတွက်လိုအပ်သော ရုံးအကူ၊ သန့်ရှင်းရေး၊ လုပ်သား (လုံခြုံရေး) တို့အတွက် ပြင်ပလုပ်သားတစ်ဦးကို ငှားရမ်းသုံးခွင့်ပြုခဲ့ရာ စတင်တာဝန်ထမ်းဆောင်နေပြီဖြစ်သည့်အပြင် ပြင်ပလုပ်သားနှစ်ဦးကိုလည်း ထပ်မံသုံးစွဲခွင့်ပြုခဲ့ရာ စတင်တာဝန်ထမ်းဆောင်နေပြီဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာငွေဖြင့် ဆောက်လုပ်ခဲ့သည့် အဆောက်အဦရှိ Wheel Chair လှေကား အတက်အဆင်းမတ်စောက်ခြင်းကို ပြန်လည်ပြင်ဆင်ရန်အတွက် ကုန်ကျစရိတ်များကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးလှူဒါန်းငွေဖြင့် တံခါးသုံးပေါက်တပ်ဆင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၅၃၃၇၅၀ ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း၊ မိလ္လာသွယ်တန်းခြင်းလုပ်ငန်းကို ခန့်မှန်းကုန်ကျငွေကျပ် ၁၇ သိန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကွင်းဆင်းကုသရေးလုပ်ငန်းများနှင့် အထွေထွေလုပ်ငန်းကိစ္စများဆောင်ရွက်ရန် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဟိုက်ဂျက်အမျိုးအစားမော်တော်ယာဉ်ကို တိုင်းရင်းဆေးရုံသို့ ပေးအပ်ခဲ့ပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **ကာကွယ်ရေးဝန်ကြီးဌာနမှ သိမ်းယူထားသော မွန်ပြည်နယ် မော်လမြိုင်ပညာရေးကောလိပ်၏ ကျောင်းပိုင်မြေဧရိယာ ၄ ဒသမ ၇၆၆ ဧကအား ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်ကလည်းကောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **မြန်မာ ရေကူးအဖွဲ့ချုပ် အပါအဝင် အခြားအားကစား အဖွဲ့ချုပ်များဖြစ်သည့် (ကျွမ်းဘား၊ E-Sport) ဖွဲ့စည်းခြင်းတို့အား အသစ်ပြန်လည် စိစစ်ဖွဲ့စည်းခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ ခုတင်(၅၀)ဆံ့ဆေးရုံ၊ တိုက်နယ်ဆေးရုံများ အပါအဝင် ကျန်းမာရေးဌာနနှင့် ဌာန(ခွဲ)များတွင် ဆေးဝါးပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှူမောင်၏ **ကယားပြည်နယ်တွင် ဖွင့်လှစ်ထားသော သူနာပြုသားဖွား ဒီပလိုမာသင်တန်းကျောင်းများတွင် ဒေသခံ ကျောင်းသား ကျောင်းသူများ တက်ရောက်ခွင့်၊ ဖြေဆိုခွင့်ရရှိရေး မေးခွန်း**၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နိုင်နိုင်၏ **ပလတ်စတစ်ဘူးထဲ ထည့်ထားသည့် ရေနှင့် အချိုရည်များသည် ပူပြင်းသောနေရောင်ခြည် ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများကို ပြည်သူလူထု ပိုမိုသိရှိနားလည်လိုက်နာလာစေရန် မည်ကဲ့သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၏ **မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ဆင်တဲကျေးရွာ ကျေးလက်ကျန်းမာရေးဌာန (ခွဲ) အဆောက်အအုံသစ်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**တို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်ကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်က ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁/၂၀၁၉)နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့က ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က ပြည်သူ့အသံနှင့် ပြည်သူ့ဆန္ဒကိုဖော်ဆောင်ရန်နှင့် အစိုးရကိုထိန်းကျောင်းရန်မှာ မိမိတို့လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာကော်မတီမှ တင်သွင်းလာသည့် အစီရင်ခံစာသည် အထက်ပါတာဝန်များကို ထမ်းဆောင်နေကြောင်း ထင်ဟပ်စေသည့်အပြင် ပြည်သူတို့၏ လိုလားချက်နှင့် နစ်နာမှုများကို များစွာဖြေရှင်းနိုင်ကြောင်း အစီရင်ခံစာတွင် တင်ပြထားသည့်အတွက် ကော်မတီ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ခြင်းဖြစ်သကဲ့သို့ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း

စာမျက်နှာ ၆ သို့ ✳

# ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သွားရောက်ထောက်ပံ့



**နေပြည်တော် စက်တင်ဘာ ၁၃**
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ မဒေါက်တိုင်တရာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဘုန်းတော်ကြီးအား ဖူးမြော်ကြည်ညို၍ အလှူငွေဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်စခန်းရှိ ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၄၆၀၉ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၉၆၇၉၉၀၀၊ ညောင်လေးပင်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို တာပေါလင်လိပ် ၂၅ လိပ်၊ ရွှေကျင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၁၃၇၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၂၈၉၃၈၀၀ နှင့် ရွှေကျင်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ကယ်ဆယ်ရေးဖိုင်ဘာ စက်လှေတစ်စင်းအတွက် ငွေကျပ် ၄၅ သိန်းနှင့် တာပေါလင်လိပ် ၂၅ လိပ်တို့ကိုထောက်ပံ့ရာ သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများက လက်ခံကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလေးငယ်များအား ကစားစရာနှင့် အာဟာရမုန့်များ ပေးဝေခဲ့ကြသည်။

ဆက်လက်ပြီး ညောင်လေးပင်မြို့နယ် ရေကျော်လေးကျေးရွာရှိ ကျေးရွာချင်းဆက် ဘိုင်းဒါး ချောင်းကူးတံတား ပေ ၄၀ ခန့် မျောပါပျက်စီးလျက်ရှိရာ ပြုပြင်တည်ဆောက်ရန် ငွေကျပ် ၂၅ သိန်းကို ထောက်ပံ့ခဲ့သည်။ အဆိုပါ ချောင်းကူးတံတားသည် ရေကျော်လေးကျေးရွာ တောင်ဘက်ကမ်းနှင့် မြောက်ဘက်ကမ်းကို ဆက်သွယ်ပေးထားရာ ကိုးထောင်ပေါက်ကျေးရွာနှင့် ဘိုင်းဒါးကျေးရွာများရှိ ပြည်သူများ နေ့စဉ်ကူးလူးသွားလာလျက်ရှိကြပြီး ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် ဖြတ်သန်းသွားလာ အသုံးပြုနေရသော ကျေးရွာချင်းဆက် တံတားဖြစ်သည်။

ထို့နောက် ပဲခူးမြို့နယ် မြို့သစ်ရပ်ကွက် ကြခတ်ဝိုင်းတောရဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်စခန်းသို့ ရောက်ရှိပြီး ပဲခူးမြို့ မြို့သစ်ရပ်ကွက်ရှိ ရေဘေးရှောင်ပြည်သူ ၁၀၁၆ ဦးအတွက် စားနပ်ရိက္ခာဖိုးငွေကျပ် ၂၁၃၃၆၀၀ ကို ထောက်ပံ့ပြီး ကလေးငယ်များအား ကစားစရာများနှင့် အာဟာရမုန့်များပေးဝေခဲ့သည်။

ညနေပိုင်း၌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံးတည်ရှိရာ ဗုဒ္ဓအသံ ဓမ္မဗိမာန်သို့ရောက်ရှိပြီး ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှုကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ဆုတောင်းပြည့် ရွှေမော်ဓောစေတီရှိ မွန်ဓမ္မာရုံ၌ ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်စခန်းသို့ ရောက်ရှိပြီး ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကာ ကလေးငယ်များအား ကစားစရာနှင့် အာဟာရမုန့်များပေးဝေခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ယခုလို ရေကြီးရေလျှံမှုကြောင့် ယာယီစခန်းများတွင် လာရောက်ခိုလှုံစဉ် ကူးစက်ရောဂါများမဖြစ်စေရန် ကျန်းမာရေးအသိရှိကြရန် လိုပါကြောင်း၊ ကလေးငယ်များအား ရေဘေးဖြစ်ပွားပြီး ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာရန်များကို ပြောပြထားရန် လိုကြောင်း၊ စားသောက်ရိက္ခာများကို လိုအပ်သလို ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ စိုးရိမ်သောကမဖြစ်ကြရန် အားပေးစကားပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ရွှေကျင်မြို့နယ်တို့တွင် ယနေ့စာရင်းအရ ကယ်ဆယ်ရေးစခန်း ၄၄ ခု ဖွင့်လှစ်ထားပြီး လူဦးရေ ၂၇၇၀၈ ဦးအတွက် ဆန်ရိက္ခာဖိုးစုစုပေါင်းငွေကျပ် ၅၈၁၈၀၅၀၀၊ တာပေါလင်လိပ် ၁၀၀၊ ကျောင်းဝတ်စုံ ၂၀၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

✻ စာမျက်နှာ ၅ မှ
ပြည်သူများ၏ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် တိုင်ကြားစာ တစ်စောင်ကို တာဝန်ရှိသူများအနေဖြင့်လည်း အလေးအနက်ထား ပြန်ကြားပေးရန် လွှတ်တော်တိုင်ကြားစာကော်မတီ၊ အစိုးရနှင့် တရားရေးနှင့်သက်ဆိုင်သည့် ဌာနများအနေဖြင့် တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်သူတို့၏ တိုင်ကြားစာများကို သက်ဆိုင်ရာဌာနများအနေဖြင့် ကော်မတီသို့ အချိန်မီအကြောင်းပြန်ကြားပေးရန် တိုက်တွန်းတင်ပြလိုပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလှမြင့်(ခေါ်) ဦးလှမြင့်သန်းက အဆိုပါ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ(၁/၂၀၁၉)ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဒေါ်မြတ်သီတာထွန်းက ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆိုမေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာတွင် ကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းများ ရာခိုင်နှုန်းပြည့်ပြီးစီးကြောင်း ကတိကဝတ်စာရင်းတွင် ပယ်ဖျက်ပေးပါရန် တင်ပြလာမှုအပေါ် မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှလည်း မိမိတို့၏ အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ ရာခိုင်နှုန်းပြည့် ပြီး/မပြီး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီမှု ရှိ/မရှိ ကိုပြန်လည်စိစစ်ပြီး ကတိကဝတ်စာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် ကော်မတီသို့ ဆောလျင်စွာ တင်ပြပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ကော်မတီအနေဖြင့် တင်ပြချက်များအပေါ် စိစစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီး၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်ပေးရန် တင်ပြလာသော အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက တင်ပြလာသည့် ကတိကဝတ်များအပေါ် မြေပြင်မှန်တွင် မပြီးစီးဘဲ သို့မဟုတ် ကွဲလွဲနေမှုများရှိပါက ကော်မတီအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို သီးခြားဖိတ်ကြား၍ ဝန်ကြီးဌာနအလိုက် ညှိနှိုင်းဆွေးနွေးသွားရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လက်ရှိတွင်လည်း ဆောင်ရွက်နေပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ နောက်ဆုံးဆောင်ရွက်ထားရှိမှု အခြေအနေ၊ လစဉ်အစီရင်ခံစာများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ မိမိတို့ကော်မတီကို လာရောက်ပေးပို့လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာမေးခွန်းရှင်များအနေဖြင့် သိရှိလိုပါက ကော်မတီသို့လာရောက်ဆက်သွယ်၍ ထုတ်ယူနိုင်သည်ကိုလည်း ပန်ကြားလွှာထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ကော်မတီ၏ အစီရင်ခံစာကို ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးက ဆွေးနွေးခဲ့ကြပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက် အကြံပြုချက်များကို ကော်မတီမှ လိုက်လိုက်လှဲလှဲကြိုဆိုပါကြောင်းနှင့် အကြံပြုဆွေးနွေးချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုတင်ပြသည့် အစီရင်ခံစာကိုလည်း ထပ်မံဆွေးနွေးအကြံပြုပေးနိုင်ပါရန် ဖိတ်ခေါ်တင်ပြအပ်ပါကြောင်း။

ကော်မတီသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင် ကတိဖြစ်ပေါ်ဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သလို ညှိနှိုင်းဆွေးနွေးအကြံပြုတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ လွှတ်တော်အရေအတွက် ပိုမိုများပြားလာသည်နှင့်အမျှ ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများလည်း ယခင်ကထက် ပိုမိုများပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းအဆိုပြုချက်များသည် မိမိတို့၏ မဲဆန္ဒနယ်မြေမှ ဒေသခံပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရသည့်အပြင် ကော်မတီမှလည်း လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများကို ယခုထက်ပိုမိုပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ကာ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ကွင်းဆင်းစိစစ်တွေ့ရှိချက်များနှင့် သုံးသပ်အကြံပြုချက်များကိုလည်း သက်ဆိုင်ရာဌာနများသို့ ကော်မတီမှ ဆက်လက်ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကွင်းဆင်းလေ့လာရန် လိုအပ်သည့် နေရာများကိုလည်း အခါအားလျော်စွာ ကွင်းဆင်းလေ့လာစိစစ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

---

ငွေကြည် လောကကြီးမှာချာ



❍ ကျောဖုံးမှ

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်တွင် ပြဋ္ဌာန်းခဲ့ရာ အဆိုပါနေ့ကိုပင် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ၂၀၁၃ ခုနှစ်ကတည်းက သတ်မှတ်ကျင်းပခဲ့ရာ ယခုဆိုလျှင် သတ္တမအကြိမ်မြောက် ရှိခဲ့ပြီဖြစ်ပါကြောင်း။

**စိစစ်ဖော်ထုတ်နိုင်ခဲ့**

လူကုန်ကူးမှုပြဿနာသည် လူသားအချင်းချင်းစာနာမှုကင်းမဲ့စွာ ခေါင်းပုံဖြတ်အမြတ်ထုတ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုဖြစ်ပါကြောင်း၊ လူကုန်ကူးမှုများသည် ပုံသဏ္ဌာန်နည်းလမ်းမျိုးစုံဖြင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိပြီး လူကုန်ကူးမှုဒဏ်ကို တစ်ကမ္ဘာလုံး ကြုံတွေ့ခံစားနေကြရပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် နိုင်ငံများသည် လူကုန်ကူးမှု၏ဆိုးကျိုးများကို ပိုမိုခံစားနေကြရသည်ကို တွေ့ရှိရပါကြောင်း။

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime-UNODC)၏ ၂၀၁၈ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာ(Global Report on Trafficking in Persons 2018) ထုတ်ပြန်ချက်တွင် လူကုန်ကူးခံရသူအရေအတွက် များပြားလာသည်ကိုဖော်ပြထားပါကြောင်း၊ အစီရင်ခံစာ၏ ဒေသအလိုက် ဖော်ပြချက်များတွင် အရှေ့အာရှနှင့် ပစိဖိတ်ဒေသအတွင်း မြန်မာနိုင်ငံကို ထည့်သွင်းဖော်ပြထားပါကြောင်း၊ ဒေသတစ်ခုလုံး၏ လူကုန်ကူးခံရသူ အမျိုးအစားကို ကြည့်မည်ဆိုလျှင် အမျိုးသား ၂၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၈ ရာခိုင်နှုန်း၊ ကလေးသူငယ်များအနေဖြင့် ယောကျ်ားလေး လေးရာခိုင်နှုန်း၊ မိန်းကလေး ၁၉ ရာခိုင်နှုန်းပါဝင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ လူကုန်ကူးမှုအမျိုးအစားများတွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု ၆၀ ရာခိုင်နှုန်း၊ လုပ်အားခေါင်းပုံဖြတ်မှု ၃၈ ရာခိုင်နှုန်း၊ အခြားလူကုန်ကူးမှု နှစ်ရာခိုင်နှုန်းပါဝင်ကြောင်းဖော်ပြထားပြီး အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြသည့် ဂျပန်၊ မွန်ဂိုလီးယား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့တွင် အမျိုးသမီးလူကုန်ကူးခံရမှုအများအပြားကို စိစစ်ဖော်ထုတ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် လူကုန်ကူးသူအမျိုးသမီးတရားခံများကို အများဆုံး တရားစွဲတင်စီရင်ချက်ချမှတ်နိုင်ခဲ့သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများမှာ စီးပွားရေး၊ သဘာဝဘေးအန္တရာယ်နှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ စသည့်အခြေအနေများဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံအသီးသီးသို့ တရားဝင်နည်းဖြင့်ဖြစ်စေ၊ တရားမဝင်နည်းဖြင့်ဖြစ်စေ ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးခံနေကြရသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ လူကုန်ကူးမှုများပပျောက်စေရန် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများရေးဆွဲပြီး နှစ်အလိုက်လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစသည့် လုပ်ငန်းကဏ္ဍ(၄)ရပ်ကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် လူကုန်ကူးမှုအမျိုးအစားများမှာ အဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်း၊ အဓမ္မခိုင်းစေခြင်း၊ ကလေးသူငယ်လူကုန်ကူးခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းဆိုသည့် ပုံစံငါးမျိုးရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း လူကုန်ကူးမှုဖြစ်ပွားခဲ့သည့် ကိန်းဂဏန်းများအရ အဓမ္မထိမ်းမြားလက်ထပ်မှု ၇၅ ဒသမ ၂၄ ရာခိုင်နှုန်း၊ အဓမ္မပြည့်တန်ဆာပြုမှု ၁၃ ဒသမ ၅၉ ရာခိုင်နှုန်း၊ အဓမ္မအလုပ်ခိုင်းစေမှု ၈ ဒသမ ၇၄ ရာခိုင်နှုန်း၊ အငှားကိုယ်ဝန်ဆောင်မှု ၁ ဒသမ ၉၄ ရာခိုင်နှုန်း၊ အဓမ္မမွေးစားမှု သုည ဒသမ ၄၉ ရာခိုင်နှုန်း ဖြစ်ပွားခဲ့ပါကြောင်း၊ နိုင်ငံအလိုက် ဦးတည်ဖြစ်ပွားမှုများအနေဖြင့် တရုတ်နိုင်ငံ ၇၉ ဒသမ ၆၁ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံ ၁ ဒသမ ၄၆ ရာခိုင်နှုန်း ဖြစ်ပွားခဲ့ပြီး ပြည်တွင်း ၁၈ ဒသမ ၉၃ ရာခိုင်နှုန်းဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါကြောင်း။

လူကုန်ကူးမှုဖြစ်စဉ်များတွင် ပြောင်းလဲသွားသည့် အခြေအနေများကို တွေ့ရှိရပြီး နှစ်စဉ်သိသိသာသာလျော့ပါးသွားခြင်းမရှိဘဲ ဆက်လက်ဖြစ်ပွားနေသည်ကို တွေ့ရှိရပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့်ချိတ်ဆက်၍ အလုပ်အကိုင်များရရှိရေးနှင့် ထိုက်တန်သည့် လုပ်ခလစာများရရှိရေး စီမံဆောင်ရွက်ပေးရန် လိုအပ်သည်ကိုတွေ့ရှိရပါကြောင်း။

ဆဋ္ဌမအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ပြီးဆုံးသည့် အချိန်မှစတင်၍ ယနေ့အထိ လူကုန်ကူးမှု ၂၁၀ မှု၊ တရားစွဲတင်ခဲ့တဲ့အမှုအရေအတွက် ၁၅၆ မှု၊ လူကုန်ကူးသူတရားခံ အမျိုးသား ၁၅၂ ဦး၊ အမျိုးသမီး ၃၃၄ ဦးကို ထိရောက်သည့်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ လူကုန်ကူးခံရသူများကို အခြေခံလူ့အခွင့်အရေးများ၊ ကုလသမဂ္ဂကွန်ဗင်းရှင်းပါအခွင့်အရေးများနှင့်အညီ လူသားချင်းစာနာထောက်ထားသည့်ရှုထောင့်မှ ကာကွယ်စောင့်ရှောက်ရေးသည် အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ခေတ်နှင့်လျော်ညီသည့် ဥပဒေ၊ နည်းဥပဒေအဖြစ် ပြင်ဆင်ရေးဆွဲအတည်ပြုနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့်လုပ်ငန်းအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့လက်အောက်ရှိ တပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ်များ တိုးချဲ့ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းအပါအဝင် လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနောက်ဆက်တွဲစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးပါဝင်ဆောင်ရွက်လျက်ရှိသည့်အပြင် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကွန်ဗင်းရှင်း၊ အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ်- ၂၉ နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတို့တွင် ဝင်ရောက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် (၁၉)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပခဲ့ပြီး (၁၆)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ၏ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် (၃၄)ကြိမ်မြောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့အကြီးအကဲများအစည်းအဝေးတို့ကို ကျင်းပနိုင်ခဲ့ပါကြောင်း၊ ၂၀၂၅ ခုနှစ် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း အကောင်အထည်ဖော်ဆောင်ရေးစီမံချက်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အာဆီယံကွန်ဗင်းရှင်း၏ အမျိုးသမီးများနှင့် ကလေးများ အနာဂတ်အတွက် လုပ်ငန်းစီမံချက်များ၊ ၂၀၁၇-၂၀၂၀ ခုနှစ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ (Bohol)လုပ်ငန်းစီမံချက်အတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို သဘောတူညီချက်များ ရယူဆွေးနွေးနိုင်ခဲ့ပြီး နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**လူကုန်ကူးမှုအန္တရာယ် အသိပညာပြန့်ပွားစေရေး ဆောင်ရွက်**

ပြည်သူလူထုအကြား လူကုန်ကူးမှုအန္တရာယ် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် တာဝန်ရှိအစိုးရအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ သာမက သတင်းမီဒီယာအဖွဲ့အစည်းများကပါ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းသားလူငယ်များ လူကုန်ကူးမှုအန္တရာယ် အသိပညာများရရှိစေရေးအတွက် အခြေခံပညာသင်ခန်းစာများတွင် ထည့်သွင်းပို့ချရုံမျှမက အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များ၌လည်း လူကုန်ကူးမှုအန္တရာယ် အသိပညာပြန့်ပွားစေရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ စသည့် အဆင့်ဆင့်ဖွဲ့စည်းထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များထံ လူကုန်ကူးမှုနှင့်ပတ်သက်သည့်သတင်းများကို ပြည်သူလူထုက ဆက်သွယ်ပေးပို့နိုင်သည့် နည်းလမ်းများ အလွယ်တကူရှိနေရန် လိုအပ်ပါကြောင်း၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားနေသည့် လူကုန်ကူးမှုများကို ဖြေရှင်းရာတွင် တစ်နိုင်ငံတည်း ဆောင်ရွက်၍ မရနိုင်သည့်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပါအဝင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုမြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လူကုန်ကူးမှုအန္တရာယ်အတွင်း မကျရောက်စေရေးအတွက် လူကုန်ကူးသူများကို ဖော်ထုတ်အရေးယူရေး၊ လူကုန်ကူးခံရမည့် အလားအလာရှိသူများကို ကာကွယ်နိုင်ရေး၊ လူကုန်ကူးခံရသူများကို ပြန်လည်ကယ်တင်ရေးနှင့် ဘဝပြန်လည်ထူထောင်စောင့်ရှောက်ပေးနိုင်ရေးတို့အတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၉ ခုနှစ် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်းတို့ကာကွယ်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြပါ ဟု တိုက်တွန်းလိုပါကြောင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှု မှတ်တမ်းဗီဒီယိုကိုပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**■ မြန်မာကြက်တောင်မယ်မှ**

သက်ထားသူဇာသည် ကွာတားဖိုင်နယ်တွင် အိန္ဒိယကြက်တောင်မယ် ဆာမီရာနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ပထမပွဲငယ်တွင် တောက်လျှောက်ဦးဆောင်နိုင်ခဲ့ပြီး ၂၁-၁၃ မှတ်ဖြင့် အမှတ်ပြတ်အနိုင်ရခဲ့သည်။ ဒုတိယပွဲငယ်တွင် ဆာမီရာက နိုင်ပွဲပြန်ရရန်ကြိုးပမ်းလာရာ အမှတ်များ ဆက်တိုက်ရယူခဲ့ရာ သက်ထားသူဇာ ပြန်လိုက်ရန်ခက်ခဲသွားပြီး ၂၁-၁၃ မှတ်ဖြင့်ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် တတိယပွဲငယ်မှာ အဆုံးအဖြတ်ဖြစ်လာပြီး နှစ်ဦးစလုံး ကြိုးစားယှဉ်ပြိုင်သောကြောင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ သို့သော် သက်ထားသူဇာအနေဖြင့် အမှားအယွင်းမရှိ ကစားနိုင်ခဲ့သောကြောင့် ၂၁-၁၆ မှတ်ဖြင့် ပြန်လည်အနိုင်ရခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အင်ဒိုနီးရှားကစားသမား ဘာတာရီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘာတာရီသည် ကွာတားဖိုင်နယ်တွင် ဆီဒင် (၃) ရ ထိုင်းကစားသမား ဘင်ရာပါကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။ အခြားဆီမီးဖိုင်နယ်တွင် ထိုင်းနှင့် အင်ဒိုနီးရှားကစားသမားတို့ တွေ့ဆုံနေသည်။

ပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက် (ယနေ့) မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**

# မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး ယာယီကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန်  စက်တင်ဘာ ၁၃**
မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး ယာယီကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၈) ကုက္ကိုင်းရိပ်သာလမ်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ကျင်းပသည်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး ယာယီကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။

**၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် ပြည့်မြောက်မည့် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားအတွက် ရာပြည့်အကြိုလှုပ်ရှားမှုများကို ယခုနှစ် အောက်တိုဘာမှ စတင်ဆောင်ရွက်ကြမည်ဖြစ်ပြီး ၎င်းတွင် ပါဝင်မည့် အစီအစဉ်များ အတည်ပြုသတ်မှတ်နိုင်ရန်နှင့် မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်ပွဲတော်ကို ကျင်းပမည့် နေ့ရက်၊ ပွဲတော်ကာလနှင့် ပွဲတော်ကျင်းပမည့်နေရာများ ရွေးချယ်သတ်မှတ်ဆောင်ရွက်ရန်တို့ကို ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ကာ သက်ဆိုင်ရာ အစည်းအဝေးများ ထပ်မံကျင်းပဆောင်ရွက်သွားမည်ဖြစ်**

### တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက၊ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်လုပ်ငန်းနှင့် ဆက်စပ်သောလုပ်ငန်းများမှ တာဝန်ရှိသူများ၊ သဘင်၊ ဂီတ အစရှိသည့် ရုပ်ရှင်နှင့်ဆက်စပ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး ယာယီကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး ယာယီကော်မတီကို ယခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်(၄)ရပ် သတ်မှတ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အဆိုပါ အခမ်းအနားကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမဖွဲ့စည်းနိုင်မီ ယာယီကော်မတီမှ ဦးစွာဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင် ရာပြည့်အချိန်အခါ ရောက်ရှိချိန်တွင် မိမိတို့ ပါဝင်ဆောင်ရွက်ခွင့်ရရှိခြင်းအပေါ် ဂုဏ်ယူတန်ဖိုးထားပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခင်ကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရုပ်ရှင် ငွေရတု၊ ရွှေရတု၊ စိန်ရတု အခမ်းအနား ကျင်းပမှုမှတ်တမ်းများသည် ယခုကျင်းပမည့် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားအတွက် များစွာအထောက်အပံ့ဖြစ်ပါကြောင်း၊ ယခင် ဆောင်ရွက်မှုများကို နမူနာယူဆောင်ရွက်မှုအပြင် နိုင်ငံတကာတွင် ကျင်းပနေသည့် ယခုကဲ့သို့ ပွဲတော်ကျင်းပမှုများကိုလည်း လေ့လာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နှစ်တစ်ရာသက်တမ်းတစ်လျှောက်တွင် ထူထောင်တည်ဆောက်ခဲ့ကြသည့် ဘိုးဘေးမိဘများက ပေးခဲ့သော ရုပ်ရှင်အမွေအနှစ်များကို အလေးထားပြီး ယခုကျင်းပမည့်ပွဲတော်တွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိချိန်၌ စိတ်ကူးစိတ်သန်းအသစ်များဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စိုက်ထုတ်ပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။


ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း ဆွေးနွေးပြောကြားစဉ်။


ဒါရိုက်တာ ကြည်စိုးထွန်း အကြံပြုဆွေးနွေးစဉ်။


ဒါရိုက်တာ ပန်းချီစိုးမိုး အကြံပြုဆွေးနွေးစဉ်။

### အနုပညာရှင်များက ဦးဆောင်

ထို့နောက် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး ယာယီကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်ပွဲတော်ကျင်းပရေးတွင်လည်း တွဲဖက်အတွင်းရေးမှူးအနေဖြင့် ဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်တွင်ကျင်းပမည့် ရုပ်ရှင်ရာပြည့်ပွဲတော်ကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရက ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများက မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားရှိနေသည်ကို သိရှိနေစေရန် ရာပြည့်ပွဲတော်၏အဓိကဖြစ်သော အနုပညာရှင်များက ဦးဆောင်၍ ပါဝင်ဆောင်ရွက်သကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့်လည်း ပါဝင်ပံ့ပိုးကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး ယာယီကော်မတီအတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား ကျင်းပနိုင်ရန် ယာယီကော်မတီဖွဲ့စည်းမှု၊ ရာပြည့်အကြိုလှုပ်ရှားမှု အစီအစဉ်များနှင့် ရာပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပမည့် လျာထားအစီအမံကို ရှင်းလင်းတင်ပြသည်။

### အတွေ့အကြုံများနှင့် အကြံပြုချက်များကို ဆွေးနွေး

ထို့နောက် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး ယာယီကော်မတီ ဒုတိယဥက္ကဋ္ဌ (၃) မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ ပွဲတော်အထိမ်းအမှတ် Logo၊ တေးသီချင်းနှင့် ပွဲတော်ကျင်းပမည့်နေရာရွေးချယ်သတ်မှတ်နိုင်ရေး၊ မြန်မာ့ရုပ်ရှင်စိန်ရတုပွဲတော် ကျင်းပခဲ့စဉ် အတွေ့အကြုံများနှင့် အကြံပြုချက်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ အဖွဲ့ဝင်များ၊ ဂီတအစည်းအရုံး၊ သဘင်အစည်းအရုံး၊ ပန်းချီပန်းပုအသင်းအဖွဲ့နှင့် ရုပ်ရှင်နှင့် ရုပ်မြင်သံကြားလုပ်ငန်းလုပ်ကိုင်သူများ၊ အနုပညာရှင်များနှင့် တက်ရောက်လာကြသူများက မြန်မာ့ရုပ်ရှင် ရာပြည့်အကြိုလှုပ်ရှားမှုများနှင့် ရာပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပမှုများတွင် ထည့်သွင်းဆောင်ရွက်သင့်သည့် အကြောင်းအရာများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ယာယီကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆွေးနွေးချက်များအနက် ရာပြည့်အခမ်းအနားကျင်းပရေး ရည်ရွယ်ချက်များကို အနှစ်သာရပြည့်ဝပြီး ပိုမိုကျစ်လျစ်အောင်ပြုစုရန်၊ ရာပြည့်အခမ်းအနား လှုပ်ရှားဆောင်ရွက်မည့် အစီအစဉ်များကို သင့်လျော်သူများဖြင့်ဖွဲ့စည်းပြီး Idea Bank အဖြစ် စုစည်းဆောင်ရွက်ရန်၊ နိုင်ငံတကာတွင် ကျင်းပနေသည့် အလားတူပွဲတော်များမှ အချက်အလက်များ ရှာဖွေစုစည်းရေး Research & Development Team တစ်ခု ဖွဲ့စည်းဆောင်ရွက်ရန်၊ ရာပြည့်အခမ်းအနားအထိမ်းအမှတ် Logo၊ တေးသီချင်းနှင့် ဆောင်ပုဒ်များ ရရှိနိုင်ရေး ပြိုင်ပွဲများ ဦးစွာကျင်းပပြီး ရွေးချယ်သတ်မှတ်အသုံးပြုနိုင်ရန်၊ ယာယီကော်မတီတွင် လုပ်ငန်းအဖွဲ့ (Working Group)ကို သင့်လျော်ရာ ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းပြီး ဆောင်ရွက်ရန်၊ ကျင်းပပြုလုပ်မည့်အစီအစဉ်များတွင် လူငယ်များ ပါဝင်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် စသည့် အကြောင်းအရာများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်အတည်ပြုပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် ပြည့်မြောက်မည့် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားအတွက် ရာပြည့်အကြိုလှုပ်ရှားမှုများကို ယခုနှစ် အောက်တိုဘာမှ စတင်ဆောင်ရွက်ကြမည်ဖြစ်ပြီး ၎င်းတွင် ပါဝင်မည့်အစီအစဉ်များ အတည်ပြုသတ်မှတ်နိုင်ရန်နှင့် မြန်မာ့ရုပ်ရှင် ရာပြည့် အထိမ်းအမှတ်ပွဲတော်ကို ကျင်းပမည့် နေ့ရက်၊ ပွဲတော်ကာလနှင့် ပွဲတော်ကျင်းပမည့်နေရာများ ရွေးချယ်သတ်မှတ်ဆောင်ရွက်ရန်တို့ကို ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ကာ သက်ဆိုင်ရာအစည်းအဝေးများ ထပ်မံကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် (၅၀)ရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စာကြည့်တိုက်၊ စတူဒီယိုများ၊ အလှပြင်ခန်းနှင့် ရုပ်ရှင်ကြည့်ခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် UNESCO နှင့် UN Women မှ ဌာနေကိုယ်စားလှယ်တို့နှင့် တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် UNESCO မှ ဌာနေကိုယ်စားလှယ် Ms. Min Jeong Kim နှင့် UN Women မှ ဌာနေကိုယ်စားလှယ် Mr. Nicolas Burniat တို့အား ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။



**ဆွေးနွေး**

တွေ့ဆုံစဉ် UNESCO နှင့် UN Women တို့ ပူးပေါင်းပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားထုတ်ပြန်မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ Social Media အသုံးပြုမှုနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာသင်တန်းများ ပို့ချနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲများကို အိန္ဒိယနိုင်ငံအပြင် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ နီပေါ၊ ဒူဘိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်၊ ဂျပန်နှင့် ဥရောပနိုင်ငံတို့က ဝယ်ယူလျက်ရှိသော်လည်း ပမာဏအားဖြင့် နည်းပါးကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

**ညှိနှိုင်းနေ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း မြန်မာ့ပဲများကို အဓိကဝယ်ယူသည့် အိန္ဒိယနိုင်ငံသို့ အစိုးရချင်း သဘောတူညီချက်ဖြင့် ပဲရောင်းချရန် ညှိနှိုင်းနေကြောင်း၊ ထို့ပြင် မြန်မာ့ပဲကို အိန္ဒိယအပြင် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန် ဈေးကွက်ရှာဖွေလျက်ရှိကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားထားသည်။

**တစ်သန်းကျော် တင်ပို့နိုင်**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ပဲမျိုးစုံအနက် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတန်ချိန် တစ်သန်းကျော်တင်ပို့နိုင်ခဲ့သော်လည်း ဈေးနှုန်းကျဆင်းမှုကြောင့် ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၁၃ သန်းသာ ဝင်ငွေရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

**ငြိမ်းငြိမ်း**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်အဖွဲ့ 4th Belt and Road Summit 2019 သို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသတွင် စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သော4th Belt and Road Summit 2019 သို့တက်ရောက်သည်။

**ကိုယ်စားလှယ်ပေါင်း ၅၈၀၀ ကျော် တက်ရောက်**

4th Belt and Road Summit 2019 အား ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ အစိုးရနှင့် ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီတို့မှ ကြီးမှူး၍ ရပ်ဝန်းနှင့် ပိုးလမ်းမတစ်လျှောက်တွင်ရှိသည့် နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ စတုတ္ထအကြိမ် ရပ်ဝန်းနှင့်ပိုးလမ်းမညီလာခံ ၂၀၁၉ ကျင်းပခြင်းဖြင့် တက်ရောက်လာသည့် ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အတွေးအမြင်များ ဖလှယ်နိုင်ခြင်း၊ အစိုးရကဏ္ဍမှ အဆင့်မြင့်အရာရှိကြီးများနှင့် ပုဂ္ဂလိကကဏ္ဍမှ ခေါင်းဆောင်များအကြား ခိုင်မာသည့် စီးပွားရေးအခွင့်အလမ်းများအား ဖော်ထုတ်နိုင်ခြင်းတို့ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ညီလာခံသို့ ရပ်ဝန်းနှင့် ပိုးလမ်းမတစ်လျှောက်တွင်ရှိသည့် နိုင်ငံပေါင်း ၆၉ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၅၈၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စတုတ္ထအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ကျင်းပသော Policy Dialogue Session and Luncheon သို့ ဆက်လက် တက်ရောက်ခဲ့သည်။ အဆိုပါ အစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီးက Panelist အဖြစ် ပါဝင်ဆွေးနွေးခဲ့ရာတွင် ဟောင်ကောင်နှင့်မြန်မာနိုင်ငံသည် မဟာဗျူဟာကျသည့် တည်နေရာတွင် ရှိနေသည့် နိုင်ငံများဖြစ်ကြောင်း၊ ဟောင်ကောင်သည် တရုတ်နိုင်ငံသို့ သွားရောက်နိုင်သည့် အဓိက စီးပွားရေးဝင်ပေါက်တစ်ခုဖြစ်ပြီး ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဗဟိုချက်ဒေသတစ်ခုလည်း ဖြစ်ကြောင်း၊ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ဒေသတစ်ခုဖြစ်သလို မြန်မာနိုင်ငံသည်လည်း စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံဖြစ်သည့်အတွက် နှစ်နိုင်ငံအကြားသော်လည်းကောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမ တစ်လျှောက်တွင်ရှိသော နိုင်ငံများနှင့်သော်လည်းကောင်း အကျိုးကျေးဇူးများကို မျှဝေခံစားလျက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။ ညနေပိုင်းတွင် Dashun Foundation မှ တည်ခင်းဧည့်ခံသည့် Belt and Road ASEAN Night တွင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

**အထောက်အကူပြုမည်**

စက်တင်ဘာ ၁၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Belt and Road Annual Roundtable အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးရာ၌ ယခုအခါ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာနိုင်ငံများတွင် စီးပွားရေးလွယ်ကူချောမွေ့စေရေးအတွက် ဖြေလျှော့ပေးမှုများ ရှိနေသကဲ့သို့ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒများကို ကျင့်သုံးနေသည်လည်း ရှိပါကြောင်း၊ အဆိုပါ နိုင်ငံစုံနှင့် ဒေသဆိုင်ရာအုပ်စုတွင် ပါဝင်သည့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့်သာမက ဆွေးနွေးဖက်နိုင်ငံများနှင့်ပါ ချိတ်ဆက်၍ ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရန်



ဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် ဆိပ်ကမ်းနှင့်ရေနံပိုက်လိုင်းချိတ်ဆက်မှုမှာ ကျောက်ဖြူမှ ဂွမ်ဆီ-ယူနန်အထိ ချိတ်ဆက်ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရမှ ရေးဆွဲထားသော Myanmar Sustainable Development Plan သည်လည်း Belt & Road Initiative အကောင်အထည်ဖော်မှုအား ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ချိတ်ဆက်မှု တိုးမြှင့်ခြင်းဖြင့် အထောက်အကူပြုမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဆွေးနွေး**

အဆိုပါ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် Chief Executive of the Government of the Hong Kong SAR ၏ အမှုဆောင်အရာရှိချုပ် Mrs. Carrie Lam နှင့် Commerce and Economic Development of the Government of the Hong Kong SAR ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးတက်မှု အတွင်းရေးမှူးဖြစ်သူ Mr. Edward Yauတို့နှင့် အသီးသီးတွေ့ဆုံခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စရပ်များနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီပေးရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကိုယ်စားလှယ် အဖွဲ့ဝင်များအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်နှစ်ဦး လိုက်ပါသွားကြပြီး ယနေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**သတင်းစဉ်**

✪ စာမျက်နှာ ၄ မှ

**ငွေကြေးများ ပြန်လည်ရရှိခြင်းမရှိဘဲ ဆုံးရှုံးနစ်နာလျက်ရှိနေသဖြင့် ကုမ္ပဏီများ နစ်နာမှုမရှိစေရေးအတွက် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းကလည်းကောင်း၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ **ကျွန်းစုမြို့နယ်အတွင်းရှိ မူလွန်ကျောင်းများတွင် အလယ်တန်းပြ ဆရာ ဆရာမများ ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၏ **အခြေခံပညာကျောင်းများမှ လုပ်အားပေး ဆရာ ဆရာမများနှင့် အရည်အချင်းမီ ဘွဲ့ရအထွေထွေလုပ်သားများအား အမြဲတမ်း နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများအဖြစ် ခန့်ထားပေးရန်နှင့် ပညာရေးကောလိပ်နှင့် ပညာရေးတက္ကသိုလ်သို့ ဆက်လက်တက်ရောက်နိုင်ရန် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်သည်ကိုသိလိုခြင်း** မေးခွန်းနှင့် ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း၏ **လုပ်ငန်းခွင် ဆရာအကြို မူလတန်းဆရာအတတ်ပညာ သင်တန်း PPTT ဝင်ခွင့်ရွေးချယ်ရေးကိစ္စကို ဒေသခံထဲမှ ဦးစားပေး ရွေးချယ်ရန်နှင့် လုံလောက်မှုမရှိမှသာ အခြားတိုင်းဒေသကြီးမှ လျှောက်ထားသူများကို ရွေးချယ်သည့် စနစ်ကျင့်သုံးရန် အစီအစဉ် ရှိ၊မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကလည်းကောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အခြေခံပညာရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်သည့်အချက် ၉ ချက်ကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်မှ ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက် ၉ ချက်ကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့် အချက် ၁၇ ချက်တို့ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပညာရေးဝန်ကြီးဌာနနှင့် လွှတ်တော်တို့၏ သဘောထားရယူ အတည်ပြုသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက သဘောကွဲလွဲသည့် အချက် ၂၆ ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်းကို အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ထိုအချက် ၂၆ ချက်ကိုပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို စက်တင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်၊ ကျော်ဇင်ထိုက်(သတင်းစဉ်)**

# မြန်မာယူနီကုဒ် စံစနစ်ကူးပြောင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် သတင်းမီဒီယာ၊ စာနယ်ဇင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲ ရန်ကုန်မြို့၌ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၃**

မြန်မာယူနီကုဒ် စံစနစ်ကူးပြောင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် သတင်းမီဒီယာ၊ စာနယ်ဇင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲနှင့် သံတမန်ခန့်အပ်လွှာပေးအပ်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ရှိ Conference Hall ၌ ကျင်းပသည်။

**ဖွံ့ဖြိုးတိုးတက်လာမည်**

ရှေးဦးစွာ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမှာစကားပြောကြားရာတွင်**(ယာပုံ)** မြန်မာယူနီကုဒ်စံစနစ်ကို ကူးပြောင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် အောက်တိုဘာ ၁ ရက်မှ စတင်၍ အများပြည်သူအကြား တွင်ကျယ်စွာအသုံးပြုနိုင်ရေး၊ မြန်မာယူနီကုဒ်စံစနစ်နှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်ပြီး အသုံးပြုနိုင်ရေးအတွက် မီဒီယာများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ မြန်မာယူနီကုဒ်စံစနစ်သည် နိုင်ငံတော်အစိုးရ၏ e-Government လုပ်ငန်းစဉ် အရှိန်အဟုန်ဖြင့်တိုးတက်လာစေရေးအတွက် အထောက်အကူဖြစ်စေမှာဖြစ်ပြီး ထိုမှတစ်ဆင့် သတင်းအချက်အလက်နှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများအနေဖြင့် ပြည်သူများကို ဝန်ဆောင်မှုပေးရာတွင် တူညီသည့်စနစ်တစ်ခုကို အသုံးပြုခြင်းဖြင့် အပြန်အလှန် သိရှိနားလည်ပြီး လုပ်ငန်းများ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ယခု ပြောင်းလဲအသုံးပြုသွားမည့် စံစနစ်သည် နိုင်ငံတကာနှင့် ကိုက်ညီသည့် စံစနစ်တစ်ခုဖြစ်သောကြောင့် နိုင်ငံတကာနှင့် ပေါင်းကူးဆက်ဆံရာတွင် သတင်းအချက်အလက်နှင့် နည်းပညာများ သွက်လက်မြန်ဆန်လာမည်ဖြစ်သည့်အတွက် ပြည်သူများနှင့် ထိတွေ့မှုများသော သတင်းမီဒီယာများနှင့် စာနယ်ဇင်းသမားများက ဝိုင်းဝန်းကူညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**မီဒီယာများ၏အားကိုလိုအပ်**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကားပြောကြားရာတွင် မြန်မာယူနီကုဒ်စံစနစ်ကို စတင်စိတ်ကူးခဲ့သည်မှာ နှစ်ပေါင်း ၂၀ ခန့်ရှိပြီဖြစ်သော်လည်း ယခုမှ လက်တွေ့အကောင်အထည်ဖော်ရန် စီစဉ်နိုင်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် အလွန်အရေးကြီးသည့် ကိစ္စကြီးတစ်ခုဖြစ်သဖြင့် မီဒီယာများ၏ ပူးပေါင်းပါဝင်မှုအားသည် အဓိကနေရာမှ ပါဝင်နေကြောင်း၊ ပြည်သူအားလုံးလိုက်ပါရန် လိုအပ်ပြီး မိမိတို့နိုင်ငံ၏ ညီညွတ်မှုကိုပြသရန် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ကြောင်း၊ အောက်တိုဘာ ၁ ရက်တွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး စတင်အကောင်အထည်ဖော်ရာတွင် အခက်အခဲတချို့ရှိနိုင်သော်လည်း အချိန်အနည်းငယ်အတွင်း ပြေလည်သွားမည်ဟု ယုံကြည်ကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ဆောင်မှုနှင့် ပတ်သက်၍ မီဒီယာများနှင့် ထပ်မံတွေ့ဆုံရန်ရှိကြောင်း၊ ယခုပြောင်းလဲမှုအတွက် မီဒီယာများ၏အားကို လိုအပ်ကြောင်း၊ မီဒီယာများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားလိမ့်မည်ဟု မိမိအနေဖြင့်ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ထွန်းသူရသက်က မြန်မာယူနီကုဒ်စံစနစ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ဦးသောင်းစုငြိမ်းက အများပြည်သူအသိပညာပေးလုပ်ငန်း အစီအစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

**တွင်ကျယ်စွာအသုံးပြုလာနိုင်စေရန်ရည်ရွယ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာယူနီကုဒ်စံစနစ် ကူးပြောင်းရေး သံတမန်ခန့်အပ်လွှာများကို ပေးအပ်သည်။ အဆိုပါအခမ်းအနားကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မြန်မာယူနီကုဒ်စံစနစ်ကို ပြည်သူများ ပိုမိုသိရှိနားလည်လာနိုင်စေရန်နှင့် တွင်ကျယ်စွာ အသုံးပြုလာနိုင်စေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ သတင်းမီဒီယာများ၊ စာနယ်ဇင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

**သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- လှမိုး**

## အခမ္မခိုင်းစေမှုများကို ဆက်သွယ်တိုင်ကြားနိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ်မှစတင်၍ ILO နှင့် ပူးပေါင်းကာတိုင်ကြားမှုယန္တရားထူထောင်ပြီး အခမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

၂၀၁၉ ခုနှစ်မှစ၍ အခမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် အခမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism –NCM) ထူထောင်ရေးဆောင်ရွက်လျက်ရှိရာ အဆိုပါ ယန္တရားထူထောင်ဆဲကြားကာလတွင် အခမ္မခိုင်းစေမှုတိုင်ကြားချက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ(High Level Working Group- HLWG)မှ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်လျက် ရှိကြောင်းနှင့် အခမ္မခိုင်းစေမှု တိုင်ကြားချက်များကို ဝ၆၇-၃၄၃၀၁၈၄၊ ဝ၆၇-၃၄၃၀၂၂၉၊ ဝ၆၇-၃၄၃၀၂၇၄ mol@mptmail.net.mm , molipoffice@gmail.com , research.org. dol.mm@gmail.com ဖုန်းနံပါတ်နှင့် email လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါ ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနမှ သိရသည်။ **သတင်းစဉ်**



# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ပြဋ္ဌာန်း

**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ။)**
**၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်**
**(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျအကောင်အထည် ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီး ဌာန/ကဏ္ဍ အလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှဖွံ့ဖြိုး တိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်**ဆိုသည်မှာ အောက်တိုဘာလ (၁)ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ် ခန့်မှန်းထားခြင်း ဖြစ်သည်။

(င) **ပုံမှန်စျေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ စျေးနှုန်း ဖြစ်သည်။

(စ) **နှစ်အလိုက်စျေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်း ဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသား စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

**အခန်း(၂)**
**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ် သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP) ကို ပုံမှန်စျေးနှုန်းအရ ၇.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ-
(၁) လယ်ယာကဏ္ဍတွင် ၂.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၀.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၅.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၉.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ -
(၁) ကချင်ပြည်နယ်တွင် ၈.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၄.၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၇.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၇.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၂.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆.၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၈.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၆.၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀)မွန်ပြည်နယ်တွင် ၆.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၄.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၅.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၄.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၉.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၁.၅ ရာခိုင်နှုန်းမှ ၂၀.၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၀ ရာခိုင်နှုန်းမှ ၃၈.၇ ရာခိုင်နှုန်း သို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ပါဝင်မှု အချိုးအစားကို ၄၀.၅ ရာခိုင်နှုန်းမှ ၄၁.၀ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန်၊

(င) နှစ်အလိုက်စျေးနှုန်းအရ စုစုပေါင်းစားသုံးမှု တန်ဖိုးကို ၈၄၃၄၇.၄ ဘီလီယံ ဖြစ်ပေါ်စေရန်၊

(စ) နှစ်အလိုက်စျေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင် အခန်းမှ အချိုးအစားအားဖြင့် ၂၆.၃၈ ရာခိုင်နှုန်း၊ သမဝါယမပိုင် အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၃.၆၁ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်စျေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၅၅၀၀.၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၇၅၀၀.၀ သန်း တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(Per Capita GDP) ကို နှစ်အလိုက် စျေးနှုန်းအရ ၁၉၄၉၇၃၀ မှ ၂၁၈၀၇၅၅ သို့ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**
**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင်ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သောလုပ်ငန်း အစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအားငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကိုအထောက်အကူပြုသော စီမံကိန်းများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းပါ မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ်လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက်လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည်ဖြစ်မြောက်နိုင်စွမ်းရှိမရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိမရှိ၊ ပြည်သူများအတွက် အကျိုးရှိမရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြုမပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိမရှိစသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ၅ နှစ် စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှ နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့် ဗျူဟာမြောက် စီမံကိန်းများကို ကာလတို ၅ နှစ် စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြခွင့်ရှိသည်။

**ဆက်လက်ဖော်ပြပါမည်။**



ကြေးမုံ

စက်တင်ဘာ ၁၄၊ ၂၀၁၉

# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် နိုဝင်ဘာလအတွင်း ထိုင်းနှင့် ဂျပန်နိုင်ငံတို့သို့ လည်ပတ်မည်

**ဗန်ကောက် စက်တင်ဘာ ၁၃**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် လာမည့်နိုဝင်ဘာလအတွင်း ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ အလည်အပတ်လာရောက်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံသို့ လာရောက်စဉ် ၁၉၄၅ ခုနှစ်က အဏုမြူဗုံးဒဏ်ခံခဲ့ရသည့် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များသို့ သွားရောက်မည်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်အများစုနေထိုင်သော နိုင်ငံများဖြစ်သည့် ထိုင်းနှင့် ဂျပန်သို့ ပုပ်ရဟန်းမင်းကြီးတစ်ပါး အလည်အပတ်ရောက်ရှိခဲ့သည်မှာ နှစ်ပေါင်း ၄၀ နီးပါးကြာမြင့်ခဲ့ပြီဖြစ်သည်။ ၁၉၈၁ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါ ၂ သည် ဂျပန်နိုင်ငံရှိ Shinto ဗုဒ္ဓဘာသာဘုရားကျောင်းသို့ သွားရောက်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ သွားရောက်ကာ ဘုရင်နှင့် မိဖုရားတို့နှင့် တွေ့ဆုံခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် နိုဝင်ဘာ ၂၀-၂၃ ရက်တွင် ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး နိုဝင်ဘာ ၂၄-၂၆ ရက်တွင် ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ထိုင်းနိုင်ငံခရီးစဉ်အတွင်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ဘာသာရေးအဆောက်အအုံများအပါအဝင် ခရစ်ယာန်ဘုရားကျောင်းများသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။

ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ ခရီးစဉ်သည် ခရစ်ယာန်ဘာသာနှင့် အခြားဘာသာများအကြား ငြိမ်းချမ်းရေး၏ အနှစ်သာရကို ပိုမိုခိုင်မြဲစေရန် ဆောင်ကြဉ်းပေးရာရောက်မည်ဖြစ်သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံတစ်ဝန်းတွင် အသက် ၁၀၀ ကျော် ဘိုးဘွားဦးရေ ၇၀၀၀၀ ကျော်ရှိဟုဆို

**တိုကျို စက်တင်ဘာ ၁၃**

ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် အသက် ၁၀၀ ကျော်သည့် ဘိုးဘွားဦးရေ ၇၀၀၀၀ ကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

**ပိုမိုများပြားလာ**

အသက် ၁၀၀ ကျော် ဘိုးဘွားများအရေအတွက်သည် ၄၉ နှစ်ဆက်တိုက်ပင် နှစ်စဉ်နှစ်တိုင်း စံချိန်တင်တိုးပွားလာခဲ့ကြောင်း၊ လာမည့် စက်တင်ဘာ ၁၅ ရက်တွင် နိုင်ငံတွင်းရှိ သက်ကြီးရွယ်အိုဦးရေ ၇၁၂၃၈ ဦးသည် အသက် ၁၀၀ ပြည့် သို့မဟုတ် အသက် ၁၀၀ ကျော်ဖြစ်မည်ဟု ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းအရေအတွက်သည် ယမန်နှစ်က ကောက်ယူရရှိသည့် အသက် ၁၀၀ နှင့်အထက် ဘိုးဘွားများဦးရေထက် ၁၄၅၃ ဦး ပိုမိုများပြားလာခြင်းဖြစ်ပြီး အသက် ၁၀၀ ကျော် ဘိုးဘွားများထဲတွင် အမျိုးသမီးသက်ကြီးရွယ်အိုများမှာ ၈၈ ရာခိုင်နှုန်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



အသက်အကြီးဆုံး အမျိုးသမီးမှာ နိုင်ငံအနောက်တောင်ဘက်မှ ဖူကူအိုကာမြို့မှ အသက် ၁၁၆ နှစ်အရွယ်ရှိ အဘွားအို ကာနဲတာနာကာဖြစ်ပြီး အသက်အကြီးဆုံး အမျိုးသားမှာ နိအိဂါ့တာ့ခရိုင် ဂျေးအဲဆုမြို့မှ အသက် ၁၁၂ နှစ်အရွယ်ရှိ ချီတဲဆုဝါ တာနာဘေး ဖြစ်သည်။

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ၁၉၆၃ ခုနှစ်တွင် အသက် ၁၀၀ ကျော် အဘိုးအဘွားများအရေအတွက်ကို စစ်တမ်းစတင်ကောက်ယူခဲ့ချိန်တွင် ဂျပန်တစ်နိုင်ငံလုံး၌ ၁၅၃ ဦးသာရှိခဲ့သည်။

၁၉၉၈ ခုနှစ်တွင်မှ အသက် ၁၀၀ ကျော်ရှိ လူဦးရေမှာ ၁၀၀၀၀ ကျော်ရှိလာခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ဦးရေ ၅၀၀၀၀ အထိ ရှိလာခဲ့သည်။

**ကူညီထောက်ပံ့**

ယင်းသို့ အသက် ၁၀၀ ကျော်ရှည်သည့် အဘိုးအဘွားဦးရေ တစ်ဟုန်ထိုးများပြားလာခြင်းမှာ ဆေးကုသမှုဆိုင်ရာ တိုးတက်လာမှုများနှင့် လူအများအား ကျန်းမာစွာ နေထိုင်ရေးအတွက် ဆွဲဆောင်တိုက်တွန်း လှုံ့ဆော်မှုများကြောင့် ဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားခဲ့သည်။

သက်ကြီးရွယ်အို ဘိုးဘွားများ ကျန်းမာပျော်ရွှင်စွာဖြင့် ဆက်လက်နေထိုင်နိုင်ရေးအတွက် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးသွားမည်ဟု ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# ပူတင်နှင့်တွေ့ဆုံရန် နေတန်ယာဟု ရုရှားသို့ သွားရောက်လည်ပတ်

**ဂျေရုဆလင် စက်တင်ဘာ ၁၃**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးရန် စက်တင်ဘာ ၁၂ ရက်က ရုရှားနိုင်ငံ ဆိုချီမြို့သို့ ထွက်ခွာသွားကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ကြေညာသည်။

ထို့အပြင် နေတန်ယာဟုသည် ၎င်း၏ တစ်ရက်တာ ရုရှားခရီးစဉ်အတောအတွင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရှွိုင်ဂူနှင့် တွေ့ဆုံဆွေးနွေးရန်လည်း စီစဉ်ထားသည်။ အစ္စရေးအမျိုးသားလုံခြုံရေးကောင်စီ အကြီးအကဲ၊ ထောက်လှမ်းရေးအကြီးအကဲနှင့် စစ်ဘက်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ အကြီးအကဲတို့အပါအဝင် အစ္စရေးထိပ်တန်းလုံခြုံရေးအရာရှိများလည်း ဝန်ကြီးချုပ် နေတန်ယာဟုနှင့်အတူ လိုက်ပါသွားကြကြောင်း သိရသည်။

နေတန်ယာဟုသည် သမ္မတပူတင်နှင့် တွေ့ဆုံစဉ် ဆီးရီးယားနိုင်ငံအတွင်း နောက်ဆုံးတိုးတက်ပြောင်းလဲမှု အခြေအနေအပါအဝင် ဒေသဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးရန် စီစဉ်ထားသည်။

ရုရှားနိုင်ငံသို့ သွားရောက်လည်ပတ်ရန် မိမိ၏အဓိကရည်ရွယ်ချက်မှာ ဆီးရီးယားနိုင်ငံမှ အီရန်တပ်ဖွဲ့ရုပ်သိမ်းရေးနည်းလမ်းများနှင့် ပတ်သက်၍ ပူတင်နှင့် ဆွေးနွေးရန်ပင်ဖြစ်ကြောင်း နေတန်ယာဟုက ရုရှားသို့မထွက်ခွာမီ ပြောကြားခဲ့သည်။

ယခုမိမိ၏ ခရီးစဉ်သည် အီရန်နှင့် ဟစ်ဇ်ဘိုလာအုပ်စုအပေါ် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ရာတွင် အစ္စရေးနိုင်ငံ၏ စွမ်းဆောင်ရည် ထိန်းသိမ်းရေးအတွက် အရေးကြီးကြောင်း နေတန်ယာဟုက ထပ်မံပြောကြားသည်။

အစ္စရေးနိုင်ငံသည် ဆီးရီးယားနိုင်ငံအတွင်းရှိ အီရန်တပ်ဖွဲ့တည်ရှိရာနေရာများကို ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**




# ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ဆေးရုံတစ်ရုံ မီးလောင် လူ ၁၀ ဦးထက်မနည်း သေဆုံး

**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၁၃**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ ဆေးရုံတစ်ရုံတွင် စက်တင်ဘာ ၁၂ ရက် ညက မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးသမားများက မီးလောင်မှုဖြစ်ပွားသည့် ဆေးရုံအဆောက်အအုံမှ လူနာများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးမှုများကို အပြင်းအထန် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းမီးလောင်မှုကြောင့် သေဆုံးသူ ၁၀ ဦးထက်မနည်းရှိကြောင်း ရီယိုဒီဂျနေးရိုးမြို့ မီးသတ်ဌာနမှ ထုတ်ပြန်ချက်၌ ဖော်ပြထားသော်လည်း သေဆုံးသူများမှာ ဆေးရုံတက်လူနာများ သို့မဟုတ် ဆေးရုံလုပ်သားများဖြစ်ကြောင်း ခွဲခြားဖော်ပြထားခြင်းမရှိပေ။ မီးလောင်မှုဖြစ်ပွားခဲ့သည့် ဘာဒင်အမည်ရှိ ဆေးရုံသည် ရီယိုဒီဂျနေးရိုးမြို့၏ မြောက်ဘက်ပိုင်းတွင် တည်ရှိသည်။

ယင်းဆေးရုံမီးလောင်မှုကို ငြှိမ်းသတ်ရာတွင် မီးသတ်သမားလေးဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး ၎င်းတို့မှာ ဆေးရုံတက်ကုသမှု ခံယူနေရကြောင်းနှင့် မီးလောင်မှုဖြစ်ပွားသည့် ဘာဒင်ဆေးရုံမှ လူနာဦးရေ ၉၀ ခန့်ကို အခြားဆေးရုံခုနစ်ရုံထက်မနည်းသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။

မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဇော်ဝင်း**

# ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲအလွန်ကာလများတွင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများကြား တူညီသည့်မျှော်မှန်းချက်များရရှိရေး ဆောင်ရွက်နေ

**နေပြည်တော် စက်တင်ဘာ ၁၃**



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ သတင်းမီဒီယာများနှင့် တွေ့ဆုံသည်။(ယာပုံ)

**အစိုးရက ခြုံငုံပြီးအဆိုပြုထား**

တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက “ဒီနေ့သတင်းထောက်များကို အထူးတလည် ရှင်းလင်းတင်ပြဖို့က ငြိမ်းချမ်းရေးဖြစ်စဉ်ဖြစ်ပါတယ်။ အခု ငြိမ်းချမ်းရေးဖြစ်စဉ်မှာ မကြာသေးခင်ကပဲ ကျွန်တော်တို့ ၇ ရက်နေ့မှာ KNU နဲ့ ရန်ကုန် NRPC မှာ ဆွေးနွေးပါတယ်။ နောက်ပြီး ၁၀ ရက်နေ့မှာ KNU အပါအဝင် NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့နဲ့ ဆွေးနွေးပါတယ်။ အဓိက အကြမ်းဖျင်းအားဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တရားဝင်ဆွေးနွေးပွဲတွေ ရပ်ဆိုင်းနေတာနဲ့ ပတ်သက်ပြီး EAO ဘက်က စိုးရိမ်တာတွေ၊ လိုလားချက်တွေ ဒီအပေါ်မှာ အစိုးရက ခြုံငုံပြီး အဆိုပြုထားတာ ရှိပါတယ်။

Way Forward for Peace Process ဆိုပြီး Process လေးခု ရှိပါတယ်။ ကျွန်တော်တို့ ချင်းမိုင်မှာ ပြီးခဲ့တဲ့ PPST အစည်းအဝေးမတိုင်ခင် ငြိမ်းချမ်းရေးကော်မရှင်က သွားပြီး အသေးစိတ်ရှင်းပြရပါတယ်။ ဒီအပေါ်မှာ PPST က အစိုးရနဲ့ဆွေးနွေးဖို့ ဆုံးဖြတ်ချက်တွေ ချလိုက်ပါတယ်။ အဖွဲ့တွေ ဖွဲ့စည်းပြီး လွှတ်လိုက်တဲ့အပေါ်မှာ ကျွန်တော်တို့ ပြန်ပြီးတွေ့တာဖြစ်တယ်။ တွေ့တဲ့အခါမှာလည်း နောက်ထပ် အဆိုပြုချက်တွေကို အဆိုပြုခဲ့ပါတယ်။ အဆိုပြုချက်တွေ အပေါ်မှာလည်း EAO တွေရဲ့ သဘောထားက တော်တော်လေး အပြုသဘောဆောင်ပါတယ်။ သူတို့ရဲ့ လိုလားချက်တွေအပေါ်မှာလည်း ပြည့်စုံတဲ့သဘောရှိပါတယ်။ အဲဒီလိုလားချက်တွေ ပြည့်စုံအောင်လည်း ကျွန်တော်တို့လုပ်ထားတာ ဖြစ်တယ်။ အဲဒါလေးကို ကျွန်တော်တို့ အကြမ်းဖျင်းရှင်းပြမှာ ဖြစ်ပါတယ်။

စက်တင်ဘာ ၁၃ ရက်နေ့အထိ EAO အဖွဲ့အနေနဲ့ ၁၈ ဖွဲ့ရှိပါတယ်။ NCA လက်မှတ်ထိုးပြီးသားအဖွဲ့ ၁၀ ဖွဲ့ရှိပါတယ်။ မထိုးရသေးတာ မြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့ ရှိတယ်။ မထိုးရသေးတဲ့အဖွဲ့ထဲမှာ KNPP ရှိပါတယ်။ ဒီအဖွဲ့တွေက NCA ရေးထိုးပြီး NCA ရဲ့ Mechanism ယန္တရားဖြစ်တဲ့ JICM၊ JMC နဲ့ UPDJC ဖြစ်ပါတယ်။ JMC ကတော့ အပစ်အခတ်ရပ်စဲရေးအပိုင်း ဖြစ်ပါတယ်။ UPDJC က နိုင်ငံရေးဆွေးနွေးမှုအပိုင်း ဖြစ်ပါတယ်။ ဒီအရာတွေက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံမှာ စုစည်းပါတယ်။ အထူးသဖြင့် JMC အပိုင်းမှာ ယုံကြည်မှု တည်ဆောက်ရေးနဲ့ ပတ်သက်လို့ JMC Mechanism ရှိပါတယ်။ ယုံကြည်မှုတည်ဆောက်ရေးကို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ UPDJC က တာဝန်ယူဆောင်ရွက်နေတာဖြစ်တယ်။

**ယုံကြည်မှုတည်ဆောက်**

ကျွန်တော်တို့ကြားမှာဖြစ်နေတဲ့ ကြားကာလဆိုင်ရာ စီမံခန့်ခွဲမှုဖြစ်ပါတယ်။ ဒါတွေအားလုံးက ယုံကြည်မှု တည်ဆောက်ရေးအပိုင်းမှာ အရေးကြီးတယ်။ အဲဒါတွေကို ပြန်လည်သုံးသပ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီကနေ ၂၁ ရာစုပင်လုံညီလာခံကို ဆက်လက်ဆောင်ရွက်သွားပါမယ်။ ဒါကတော့ NCA လက်မှတ်ထိုးပြီးသား အဖွဲ့တွေနဲ့ ဆွေးနွေးနေပါတယ်။ နိုင်ငံရေးသဘောတူညီချက်တွေရဖို့ ကျွန်တော်တို့ ဆက်ပြီးဆောင်ရွက်သွားပါမယ်။ နိုင်ငံရေး သဘောတူညီချက်ဆိုတာ ဖက်ဒရယ်နဲ့ပတ်သက်တဲ့ အဓိက ကတော့ မြန်မာနိုင်ငံကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်တဲ့အခါ အနာဂတ်မှာ ဖြစ်ပေါ်လာတဲ့ ဖက်ဒရယ်ပြည်ထောင်စုက ဘယ်လိုဖက်ဒရယ် ပြည်ထောင်စုမျိုးလဲ။

နောက်တစ်ခုက ကျွန်တော်တို့ အဆင့်လိုက် ဖော်ဆောင်သွားမှာဖြစ်တဲ့အတွက် ခေါင်းဆောင်တွေရဲ့ ကတိကဝတ် နှစ်ဖက်သဘောတူညီချက်က ဘယ်လိုယူမလဲ။ နောက်တစ်ချက်က ၂၀၂၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲတွေ ကျင်းပမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေ ကျင်းပပြီးရင် အစိုးရသစ် အပြောင်းအလဲတွေ ဖြစ်လာနိုင်ပါတယ်။ အဲဒီတော့ ၂၀၂၀ ရွေးကောက်ပွဲတွေ အလွန်ကာလမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဘယ်လိုဆက်သွားမလဲ။ အဲဒါကို Before & Beyond 2020 ဆိုပြီး လုပ်ထားပါတယ်။ ဒီဟာက ၂၀၂၀ ရွေးကောက်ပွဲတွေ မတိုင်ခင်မှာ ကျွန်တော်တို့ရဲ့ငြိမ်းချမ်းရေးဖြစ်စဉ် နိုင်ငံရေးဆွေးနွေးမှုနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဒီအပိုင်းမှာ ဘယ်လိုပြန်ပြီး အဆုံးသတ်မလဲ။ အဲဒီကနေတစ်ဆင့် နောင်အစဉ်အဆက် ၂၀၂၀ အထိ ဘယ်လိုဆက်ပြီးသွားမယ်ဆိုတဲ့ လုပ်ငန်းစဉ်ကို ကျွန်တော်တို့ ဆွေးနွေးမှာဖြစ်တယ်။ ပြီးရင် Union Accord မှာ အတည်ပြုပါမယ်။ သဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးပြီးရင် ပြည်ထောင်စုလွှတ်တော်ကို တင်မယ်။ လွှတ်တော်က အတည်ပြုသွားပြီးတဲ့အချိန်ကျရင် နောင်လာမယ့် အစိုးရအဆက်ဆက် ဒီအတိုင်းဆောင်ရွက်ဖို့ လက်မှတ်ထိုးပြီးသားအဖွဲ့ ၁၀ ဖွဲ့နဲ့ ကျွန်တော်တို့ ဒီအတိုင်းဆောင်ရွက်နေတာဖြစ်တယ်။

တစ်ချိန်တည်းမှာပဲ လက်မှတ်မထိုးဘဲ ကျန်ရှိတဲ့ KNPP နဲ့ ပူးတွဲကြေညာချက်ကို ကယားပြည်နယ် လွိုင်ကော်မှာ ကျွန်တော်တို့ ထုတ်ပြန်ပြီးသွားပြီ။ Bilateral Ceasefire Agreement ရဲ့ ကတိကဝတ်တွေကို ကျွန်တော်တို့ ပြန်လုပ်ထားပြီးသွားပြီ။ အဲဒီတော့ KNPP နဲ့ ကျွန်တော်တို့ ဆွေးနွေးနေတာသည် ဘယ်အချိန်မှာ NCA လက်မှတ်ရေးထိုးမလဲဆိုတဲ့ Timing ကို ဆွေးနွေးနေတာဖြစ်ပါတယ်။ ပြီးရင်တော့ NCA မှာလာပြီး KNPP နဲ့ ပူးပေါင်းမယ်။ ပြီးရင် NCA ရဲ့ ယန္တရားတွေ ဖြစ်တဲ့ JICM၊ JMC နဲ့ UPDJC မှာ သူတို့ပူးပေါင်းမယ်။

**သဘောတူညီမှုတွေရှိ**

နောက်ပြီး မြောက်ပိုင်းအဖွဲ့ ၇ ဖွဲ့ရှိပါတယ်။ UWSA၊ MNDAA၊ SSPP အဖွဲ့တွေနဲ့ကတော့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုတွေ ရှိပါတယ်။ တိုက်ပွဲတွေ ကြီးကြီးမားမား ဖြစ်ပွားတာမရှိဘူး။ အထူးသဖြင့် ဝ နဲ့ မိုင်းလားက တိုက်ပွဲမရှိဘူး။ ပဋိပက္ခ မရှိဘူး။ KIA၊ KIO နဲ့က Bilateral ရှိသော်လည်း တိုက်ပွဲတွေ ပြန်ဖြစ်လာတဲ့ အခြေအနေတွေရှိပါတယ်။ AA၊ TNLA၊ MNDAA မြောက်ပိုင်း ၃ ဖွဲ့နဲ့ နှစ်ဦးနှစ်ဖက်ကြားမှာ ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူညီချက် လုံးဝ မရှိသေးပါဘူး။ ဒီ ၃ ဖွဲ့နဲ့ KIA ကိုပေါင်းပြီး ဆွေးနွေးနေပါတယ်။ အခုအစိုးရလက်ထက် ပထမပိုင်းမှာ ဒီအဖွဲ့ ၃ ဖွဲ့တွေနဲ့ Statement ထုတ်ဖို့ ကျွန်တော်တို့ ညှိနှိုင်းခဲ့တယ်။ ထုတ်ပြီးသွားပြီ ဆက်ပြီး Bilateral ကို KIA အပါအဝင် ၄ ဖွဲ့နဲ့ ညှိနှိုင်းနေပြီး အဆင့် ၃ ဆင့်နဲ့ စေ့စပ်ညှိနှိုင်းမှု လုပ်နေပါတယ်။ ဒီအဆင့် ၃ ဆင့်က ဒီ ၄ ဖွဲ့နဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှု ရယူပါမယ်။ ပြီးရင် တစ်ဖွဲ့ချင်းနဲ့ Bilateral Ceasefire ယူပါမယ်။ ပြီးရင် NCA သွားဖို့ရှိပါတယ်။ ကျန်တဲ့ တချို့အဖွဲ့အစည်းတွေရှိတယ်။ MoU ရေးထိုးနိုင်ဖို့ ညှိနှိုင်းနေတာတွေရှိတယ်။ ပြီးရင် NCA လမ်းကြောင်းကို ဆက်သွားမှာဖြစ်ပါတယ်။

မိုင်းလားက ပြီးခဲ့တဲ့ သူတို့ရဲ့ နှစ် ၃၀ ပြည့် အခမ်းအနားမှာ မိုင်းလားဥက္ကဋ္ဌကိုယ်တိုင်လည်း ပြောထားတယ်။ NCA လက်မှတ်ထိုးဖို့ သူတို့အနေနဲ့ အဆင်သင့်ဖြစ်ပြီလို့ ပြောထားပါတယ်။ SSPP လည်း အလားတူပဲ NCA သွားဖို့ စောင့်ဆိုင်းနေတဲ့အချိန် ဖြစ်ပါတယ်။ ဒီ ခုနစ်ဖွဲ့နဲ့လည်း NCA လမ်းကြောင်း ပူးပေါင်းဆောင်ရွက်ဖို့ ညှိနှိုင်းနေတယ်။

ကျွန်တော်တို့ရဲ့ စိန်ခေါ်မှုတွေက ၂၀၂၀ မတိုင်မီနဲ့ ၂၀၂၀ အလွန်ကာလတွေအတွက် အဖွဲ့တွေအားလုံးကြားမှာ တူညီတဲ့မျှော်မှန်းချက်တွေရရှိဖို့ ဆောင်ရွက်နေပါတယ်။ နောက်တစ်ခုက NCA Process နဲ့ Informal Process၊ Parallel Process တွေကို အဆင်ပြေချောမွေ့အောင် အခုလက်ရှိ အစိုးရက ကြိုးပမ်းဆောင်ရွက်နေပါတယ်။

နောက်တစ်ခုက NCA ယန္တရားတွေဖြစ်တဲ့ JMC နဲ့ UPDJC နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ NCA ကြားမှာ တူညီတဲ့ဖွင့်ဆိုချက်တွေ၊ တူညီတဲ့နားလည်မှုတွေ လုပ်ဖို့ဆိုတာ ကျွန်တော်တို့အတွက် စိန်ခေါ်မှုတွေဖြစ်တယ်။ အဲဒါတွေကို အစိုးရက ဆောင်ရွက်ဖို့ရှိပါတယ်။ နောက်တစ်ခုက NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေဖြစ်ပါတယ်။ KIA + 3 အနေနဲ့ ကျွန်တော်တို့ ပြောနေပါတယ်။ NCA လက်မှတ်မထိုးသေးတဲ့အဖွဲ့ ခုနစ်ဖွဲ့လုံး NCA ထီးရိပ်အောက်ကို ရောက်လာပြီးတဲ့အချိန် ဥပမာ တပ်မတော်က ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ အဆင်ပြေအောင် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲဖို့ ကြေညာထားတဲ့ကာလက လာမယ့် ၂၁ ရက်နေ့ဆို ပြည့်ပါပြီ။ နောက်ထပ်လည်း ဒီလိုဆွေးနွေးမှုတွေအပေါ် မူတည်ပြီး တပ်မတော်ကလည်း အပစ်အခတ်ရပ်စဲတဲ့ကာလကို ထပ်တိုးပေးခဲ့တဲ့သဘောရှိပါတယ်။ ၁၇ ရက်နေ့ တွေ့မှာဖြစ်ပါတယ်။ ၁၇ ရက်နေ့ တွေ့ပြီးရင် တွေ့ဆုံမှုရလဒ်ပေါ်မူတည်ပြီး တပ်မတော်ရဲ့ အပစ်ရပ်ကြေညာချက် ထပ်ပြီးသက်တမ်းတိုးသွားမှာပါ။ ဒီကာလတွေပြီးတဲ့အချိန်မှာ ခုနစ်ဖွဲ့လုံးနဲ့ NCA ရေးထိုးဖို့ အခြေအနေက ဆက်လက်ကြည့်ရမယ့် အလားအလာ တစ်ခု ဖြစ်ပါတယ်။

နောက်တစ်ခုက UWSA နဲ့ ဆွေးနွေးနေတဲ့ အနေအထားဖြစ်တယ်။ အဲဒီအနေအထားမှာ အခုလောလောဆယ် KNPP နဲ့လည်း Bilateral ဆွေးနွေးတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ တွေ့ဆုံစဉ်မှာလည်း KNPP ရဲ့လိုလားချက်တွေအပေါ်မှာ အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးရမယ့်အပိုင်းတွေ ထပ်ပြီးညှိဖို့ရှိတယ်။

**စေ့စပ်ညှိနှိုင်းရေး အဆင့် ၃ ဆင့်**

နောက်ဆုံးအခြေအနေက မြောက်ပိုင်းမှာရှိတဲ့ KIA + 3 အဖွဲ့နဲ့ စေ့စပ်ညှိနှိုင်းရေး အဆင့် ၃ ဆင့် ဆောင်ရွက်နေပါတယ်။ လေးဖွဲ့ သွားမယ်၊ တစ်ဖွဲ့ချင်းသွားမယ်။ တတိယအဆင့်ကတော့ NCA ထိုးဖို့အဆင့် ဒီ ၃ ဆင့်နဲ့ ကျွန်တော်တို့သွားပါမယ်။ KNPP နဲ့ကတော့ NCA ထိုးမယ့်အချိန်ကာလကို ညှိနှိုင်းနေတယ်။ အဲဒီတော့ အစိုးရရဲ့ လတ်တလောရည်ရွယ်ချက်ကတော့ NCA ရေးထိုးဖို့ ခုနစ်ဖွဲ့နဲ့ ညှိနှိုင်းတဲ့အဆင့် ရောက်လာအောင် ကြိုးပမ်းနေတာဖြစ်တယ်။ ဒါကတော့ ကျွန်တော်တို့ UPDJC အတွင်းရေးမှူးများ အလွတ်သဘော အစည်းအဝေးမှာ အစိုးရက အဆိုပြုလိုက်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်ဖို့ မျဉ်းပြိုင်လုပ်ငန်းစဉ် ၄ ရပ်ဖြစ်ပါတယ်။

နံပါတ်တစ်က NCA အကောင်အထည်ဖော်မှုဖြစ်ပါတယ်။ NCA အကောင်အထည်ဖော်မှုမှာ NCA အခန်း ၃ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ အခန်း ၄ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲမှုခိုင်မာရေး၊ အခန်း ၆ ကြားကာလဆိုင်ရာ စီမံခန့်ခွဲမှုတွေကို ဆွေးနွေးဖို့ သဘောတူထားပါတယ်။ ပြီးရင် လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေ ဆွေးနွေးဖို့ သဘောတူထားပါတယ်။ NCA နဲ့ ပတ်သက်ပြီး မှီငြမ်းကိုးကားရမယ့် အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်း ၃၆ ချက်ရှိတယ်။ တကယ်တမ်း ပြန်ဆွေးနွေးမယ်ဆိုရင် ၈ ချက်လောက် အကျေအလည်ဆွေးနွေးဖို့လိုပါမယ်။ အဲဒါတွေ ဆွေးနွေးဖို့ ကျွန်တော်တို့ သဘောတူပါတယ်။

နောက်တစ်ချက်က NCA ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ဘုံတူညီတဲ့ဖွင့်ဆိုချက်တွေ ရဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ EAO ခေါင်းဆောင်တချို့ စာအုပ်တွေ ထုတ်ထားပါတယ်။ NCA အဓိပ္ပာယ်ဖွင့်ဆိုချက်များဆိုပြီး နှစ်အုပ်လောက် ထုတ်ဝေပြီးသွားပြီ။ နောက်ပြီး အစိုးရဘက်မှာလည်း NCA ညှိနှိုင်းစဉ်က ဗီဒီယိုမှတ်တမ်းတွေ၊ အသံဖိုင်တွေ ဒါကိုကြည့်ပြီး အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဒါတွေကို တပ်မတော်ဘက်ကလည်း လုပ်ထားပါတယ်။ ဖွင့်ဆိုချက်တွေက တစ်ဖွဲ့နဲ့တစ်ဖွဲ့မတူဘူး။ နားလည်မှုက မတူဘူး။ ဒါတွေကို ကျွန်တော်တို့က အလုပ်အဖွဲ့ဖွဲ့မယ်။ 3+3 က အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ညှိနှိုင်းမယ်။ ဘာလို့ 3+3 လဲဆိုတော့ အစိုးရ၊ လွှတ်တော်၊ တပ်မတော် တစ်ဦးစီရှိမယ်၊ NCA ရေးထိုးပြီးသားအဖွဲ့တွေထဲက ကိုယ်စားလှယ်သုံးဦးနဲ့ အလုပ်အဖွဲ့ဖွဲ့ဖို့ ညှိနေတဲ့သဘောဖြစ်ပါတယ်။ ဒါကို အစိုးရဘက်က အဆိုပြုတယ်။ ဒီအဖွဲ့တွေနဲ့ NCA အကောင်အထည်ဖော်မှုနဲ့ ပတ်သက်တာတွေ ဆွေးနွေးမယ်။

ဒုတိယက မျဉ်းပြိုင်လုပ်ငန်းစဉ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဖက်ဒရယ်အခြေခံမူတွေရရှိအောင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ဖို့ဖြစ်တယ်။

**အဆင့်လိုက်ဆောင်ရွက်**

နောက်ပြီး တတိယမျဉ်းပြိုင်လုပ်ငန်းစဉ်က ၂၀၂၀ မတိုင်ခင်မှာ ကျွန်တော်တို့ ဘာတွေရအောင်လုပ်မလဲ၊ ၂၀၂၀ ကျော်လွန်တဲ့ကာလမှာ အစိုးရ၊ တပ်မတော်၊ EAO တွေကြားမှာ ဘယ်လိုဆက်ပြီး အဆင့်လိုက် ဆောင်ရွက်မလဲဆိုတာတွေကို ဆွေးနွေးမယ်။ နောက်ဆုံးကျရင် ကျွန်တော်တို့ UPC တင်မယ်။ ဒီ ၃ ခုအပြင် အထူးသဖြင့် NCA အခန်း ၆ ဖြစ်တဲ့ ကြားကာလဆိုင်ရာ စီမံခန့်ခွဲမှုက ကျွန်တော်တို့ကြားမှာ ဆွေးနွေးဖို့က NCA ရဲ့ပြဋ္ဌာန်းချက်တွေ ရှည်ကြာမယ့်သဘောရှိတယ်။ အထူးသဖြင့် အပစ်ရပ်နယ်မြေ၊ အပစ်ရပ်ဒေသ ကြေညာချက်လိုတယ်။ NCA ပုဒ်မ ၂၅ မှာ အဖွဲ့အစည်းတွေရဲ့ မိမိတို့နဲ့ သက်ဆိုင်တဲ့ အပစ်ရပ်နယ်မြေအတွင်းမှာ အဲဒီလိုဆိုထားပါတယ်။ အဲဒီတော့ အပစ်ရပ်နယ်မြေနဲ့ပတ်သက်လို့ ကျွန်တော်တို့ JMC မှာ ဖွင့်ဆိုဖို့ခက်နေတယ်။ သတ်မှတ်ဖို့လည်း ခက်နေတယ်။ ဒီအနေအထားက တပ်တည်နေရာတွေ အတိအကျ ပိုင်းခြားရမှာဖြစ်တဲ့အတွက် ဆွေးနွေးဖို့လည်း ခက်တယ်။ ပြေလည်ဖို့လည်း အချိန်ယူရမှာဖြစ်တဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး ကိစ္စရပ်တွေပါတယ်၊ ဆွေးနွေးလို့ မပြီးမချင်း ပြည်သူလူထုအတွက် ငြိမ်းချမ်းရေးရဲ့အကျိုးတရား၊ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေရဖို့ နှောင့်နှေးနေဖို့ ကျွန်တော်တို့ အစိုးရအနေနဲ့ မလိုလားဘူး။ အဲဒီတော့ ဒါကိုလည်း ဆွေးနွေးမယ်။ တစ်ချိန်တည်းမှာပဲ ငြိမ်းချမ်းရေး အသီးအပွင့်တွေ အထူးသဖြင့် NCA ရေးထိုးပြီးသား အဖွဲ့အစည်းတွေရဲ့ နယ်မြေတွေမှာရှိတဲ့ တိုင်းရင်းသားပြည်သူတွေအနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး စတဲ့ကိစ္စရပ်တွေကို Bilateral တစ်ဖွဲ့ချင်း ဆောင်ရွက်မယ်လို့ အစိုးရဘက်က အဆိုပြုပါတယ်။ ဒါကတော့ ၁၀ ဖွဲ့လုံးနဲ့ ဆောင်ရွက်မှာမဟုတ်ဘူး။ တစ်ဖွဲ့ချင်း သီးသန့်လုပ်မယ်။

ပြီးရင်တော့ ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လက်တွေ့မြေပြင်မှာ ဖြစ်ပေါ်လာဖို့လုပ်မယ်။ ပြီးရင် State Vision ဆိုတဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ မျှော်မှန်းချက်တွေ ဝိုင်းပြီးလုပ်ကြမယ်။ အစိုးရဘက်က ဘယ်လောက်အထိ အဆိုပြုထားသလဲဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ၊ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်၊ EAO တွေ၊ CSO နဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ အားလုံးပေါင်းပြီး လုပ်ကြမယ်။ ဥပမာ- မွန်ပြည်နယ်မှာဆိုရင် အားသာချက်က ဘာတွေလဲ၊ အားနည်းချက်က ဘာတွေလဲ၊ စီးပွားရေးအခွင့်အလမ်းတွေက ဘာတွေလဲ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုတွေက ဘာတွေလဲ ဒါမျိုးတွေကို ဆွေးနွေးပါတယ်။

**စာမျက်နှာ ၁၄ သို့ »»**

# သတင်းစာရှင်းလင်းပွဲ

»» စာမျက်နှာ ၁၃ မှ

ပြည်နယ်ရဲ့ ဘယ်နေရာမှာ စက်မှုဇုန်ဆောင်ရွက်မယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့ပြအိမ်ရာနဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ ဘယ်လိုထိန်းသိမ်းမလဲ ဒါမျိုးတွေပါတယ်။ နောင်ဆယ်နှစ်မှာ မွန်ပြည်နယ်ကို ဘယ်လိုမြင်ချင်တာလဲ။ ဒီလိုမျိုး တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုစီရဲ့ မျှော်မှန်းချက်တွေကိုပူးပေါင်းပြီး ဆောင်ရွက်ဖို့အထိ ကမ်းလှမ်းထားတာ ဖြစ်ပါတယ်။ EAO တွေကို အဆိုပြုထားတာဖြစ်ပါတယ်။ တချို့အဖွဲ့အစည်းတွေက လွဲပြီး အားလုံးနီးပါးက အစိုးရရဲ့ အဆိုပြုချက်ကို လက်ခံတယ်။ အခုစလုပ်နေပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဇုန်တွေ ထူထောင်ဖို့၊ လူနေအိမ်တည်ဆောက်ဖို့တွေ ဒါတွေကို အစိုးရနဲ့ စပြောနေပြီဖြစ်ပါတယ်။ တချို့ဆိုရင် လျှပ်စစ်ဓာတ်အားကို တစ်ပိုင်တစ်နိုင် ဘယ်လိုထုတ်ကြမလဲ၊ လျှပ်စစ်ဓာတ်အားထုတ်ဖို့ အရင်းအမြစ်တွေ ဘာတွေရှိသလဲဆိုတာတွေကို ဖြစ်နိုင်ခြေဆန်းစစ်ချက်တွေ ဦးစားပေးလုပ်ဖို့ရှိပါတယ်။

**အုတ်မြစ်ချနိုင်အောင်ကြိုးပမ်း**

အဓိကကတော့ ဒီသုံးချက် ဖြစ်ပါတယ်။ ဒါကလည်း EAO ခေါင်းဆောင်တွေရဲ့ စိုးရိမ်နေတဲ့ အချက်တွေပါ။ ပြီးခဲ့တဲ့ ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ တတိယအစည်းအဝေးမှာ ထုတ်ပြန်ကြေညာချက်ရှိတယ်။ အဲဒီမှာ ၂၀၁၉ ခုနှစ်မှာ ငြိမ်းချမ်းရေးညီလာခံကို ၂ ကြိမ်လုပ်မယ်။ ၂၀၂၀ ပြည့်နှစ်မှာ ၁ ကြိမ်လုပ်မယ်၊ ဒီ ၃ ကြိမ်မှာ Federal Principle တွေ၊ Democracy Principle တွေကို အုတ်မြစ်ချနိုင်အောင် ကြိုးပမ်းမယ်။ အဲဒီတော့ ၂၀၂၀ အလွန်ကျရင် နိုင်ငံရေးဆွေးနွေးပွဲတွေ မရှိတော့ဘူးလားဆိုတာ ဖြစ်လာပါတယ်။

နောက်တစ်ချက်က နေပြည်တော် ရွှေစံအိမ်ဟိုတယ်မှာပြုလုပ်ခဲ့တဲ့ NCA သုံးနှစ်ပြည့်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၀ ပြည့်နှစ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ပြီးပြတ်အောင် ကြိုးပမ်းမယ်ဆိုပြီး ပြောပါတယ်။ ၂၀၂၀ ပြည့်နှစ်အလွန်ကျရင် တပ်မတော်မှာရော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ မရှိတော့ဘူးလားဆိုတဲ့ စိုးရိမ်တာတွေရှိပါတယ်။ ဒါက ရည်မှန်းချက်တွေဖြစ်တယ်။ ဆွေးနွေးပွဲတွေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ဆက်ရှိနေဦးမယ်။ တပ်မတော်ဘက်ကလည်း တပ်မတော်ရဲ့လိုလားချက်က ၂၀၂၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲပြီး နိုင်ငံရေးဆွေးနွေးတဲ့အဆင့်ကို ရောက်စေချင်တဲ့အတွက် မျှော်မှန်းပြီးပြောတာပါလို့ ပြန်ရှင်းပြပါတယ်။ ဒီအပေါ်မှာ အဆင့်အလိုက် ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာကို ဆွေးနွေးကြပါတယ်။ ဒီလိုဆွေးနွေးတော့ အစိုးရရဲ့ အဆိုပြုချက်အပေါ်မှာ PPST ချင်းမိုင်မှာ ဆွေးနွေးတယ်။ ပြီးခဲ့တဲ့ ၇ ရက်နဲ့ ၁၀ ရက်မှာ KNU နဲ့ NCA လက်မှတ်ထိုးတဲ့ ၁၀ ဖွဲ့နဲ့ ပြန်ပြီးဆွေးနွေးတဲ့အတွက် အားလုံးက မူအားဖြင့် သဘောတူညီကြပါတယ်။

**အဆိုပြု**

အဲဒီမှာ အစိုးရအနေနဲ့ ဘာကို အဆိုပြုလိုက်သလဲဆိုတော့ ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်း ၃ ကို အဆိုပြုလိုက်ပါတယ်။ EAO တွေနဲ့ ဆွေးနွေးတာက ၂၀၂၀ ပြည့်နှစ်မတိုင်မီမှာ ငြိမ်းချမ်းရေးညီလာခံ တစ်ကြိမ်ရအောင်လုပ်မယ်။ အဲဒီအကြိမ်မှာ Parallel Process ရှိပါတယ်။ ဒါက ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ Frame ကို EAO တွေကို အဆိုပြုလိုက်တာဖြစ်ပါတယ်။ အဲဒီမှာ အပိုင်း ၃ ပိုင်း ပါဝင်ပါတယ်။

အပိုင်းတစ်က Political Agreement သို့မဟုတ် Framework Agreement လို့လည်း ပြောလို့ရပါတယ်။ ဆိုလိုတာက နိုင်ငံရေးသဘောတူညီချက်ပါ။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်နေတဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ EAO နဲ့ နိုင်ငံရေးပါတီတွေရဲ့ နိုင်ငံရေးသဘောတူညီချက်တွေကို ချမှတ်မှာဖြစ်တယ်။ ဒါက Federal Principle မဟုတ်သေးပါဘူး။ Federal Scope ပါ။ ကျွန်တော်တို့ မျှော်မှန်းတဲ့ ဖက်ဒရယ်ပြည်ထောင်စုက ဘယ်လိုပြည်ထောင်စုဖြစ်သင့်လဲဆိုတာကို ဒီမှာဆွေးနွေးကြမယ်။ ဥပမာအနေနဲ့ ပြည်ထောင်စု၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအကြားမှာ ခွဲဝေမှုတွေ ဘယ်လိုလုပ်မလဲ၊ ပြည်ထောင်စုအခြေခံဥပဒေနဲ့ ပြည်နယ်အခြေခံဥပဒေတွေကို ဘယ်လိုလုပ်မလဲ၊ အငြင်းပွားမှုတွေကို ဘယ်လိုဖြေရှင်းမလဲ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဒါမျိုးတွေနဲ့ပတ်သက်ပြီး အနှစ်သာရမူဘောင်သဘောတူညီချက်တွေကို ရယူမှာဖြစ်ပါတယ်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပိုင်းနဲ့ ပတ်သက်ပြီး အစဉ်အဆက် ဘယ်လိုလုပ်သွားကြမလဲဆိုတဲ့ သဘောတူညီချက်ရရင် ဒီအထဲမှာ ထည့်မှာဖြစ်ပါတယ်။ နှစ်ဖက်ဆက်ညှိမှာ ဖြစ်ပါတယ်။ ဒါက အနာဂတ်နိုင်ငံတော်နဲ့ ပတ်သက်တဲ့ Framework Agreement တွေဖြစ်ပါတယ်။ အဲဒါကို ယူပြီး ၁၊ ၂၊ ၃၊ ၄ စသဖြင့် ထည့်မယ်။ နောက်တစ်ချက်က Federal Principle ဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ ဒုတိယအစည်းအဝေးနဲ့ တတိယအစည်းအဝေး နှစ်ခုပေါင်းက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနဲ့ သဘာဝပတ်ဝန်းကျင်ဆိုပြီး ကဏ္ဍငါးခုကနေ သဘောတူညီချက် ၅၁ ချက် ရထားပါတယ်။ ဒါက အလုပ်အဖွဲ့တွေနဲ့ ဆွေးနွေးကြတာ ဖြစ်ပါတယ်။ လာမယ့် ညီလာခံမှာ ဘယ်လောက် ထပ်ရအောင်လုပ်မလဲ၊ ဘယ်အပိုင်းအထိ ရအောင်လုပ်မလဲ၊ ကြိုးစားကြမလဲ။ ဒီအတိုင်း Federal Principle တင်မလား။ ၅၁ ချက်အပြင် ဘာတွေထပ်တိုးပြီး ရအောင်လုပ်မလဲဆိုတာကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသဘောတူစာချုပ်ကြီးဖြစ်**

နောက်တစ်ချက်က ၂၀၂၀ ပြည့်နှစ်အလွန် ကာလတွေမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်လို့ အဆင့်အလိုက် ဘယ်လိုသွားမလဲ။ ဒါကို သဘောတူညီချက်ရယူမယ်။ ဒီကြားမှာ သဘောတူညီချက်ရသွားရင် အကောင်အထည်ဖော်မှုကိုလည်း အဆင့်အလိုက် သွားမယ်၊ အဆင့်အလိုက် လုပ်ငန်းစဉ် သတ်မှတ်မယ်၊ အဆင့်အလိုက် လုပ်ငန်းစဉ်မှာ အကောင်အထည်ဖော်မှုတွေ ဘယ်လိုလုပ်မယ်ဆိုတာ သတ်မှတ်မယ်။ ဒီဟာ တစ်ခုလုံးက လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ်ကြီး ဖြစ်ပါတယ်။ ဒါကလည်း NLD အစိုးရရဲ့သက်တမ်းအတွင်းမှာ ဆွေးနွေးခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေအားလုံးကို ပြန်ချုပ်ပြီး နောက်အစိုးရလက်ထက်မှာ ဆက်ပြီး ဆောင်ရွက်သွားနိုင်အောင်ဆိုတဲ့ ရည်မှန်းချက်ဖြစ်ပါတယ်။ အဲဒီအပိုင်းမှာ အလေးပေးဆွေးနွေးချင်တာက NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေရဲ့ အကြံဉာဏ်တွေပါဖို့လိုတယ်လို့ လက်ခံတယ်။ လက်ခံလို့ Framework Meeting တွေမှာ အရင်တုန်းက NCA မထိုးရသေးတဲ့ အဖွဲ့တွေ ဖိတ်ခေါ်ပြီး ဆွေးနွေးခဲ့တယ်။

အထူးသဖြင့် ၂၀၂၀ ပြည့်နှစ်အလွန် ကာလတွေမှာ ချမှတ်မယ့် လုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်မယ့် အဆင့်တွေမှာ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေရဲ့ သဘောထားပါဖို့လိုတယ်။ ဒါမှလည်း သူတို့ရဲ့ ပိုင်ဆိုင်မှု လုပ်ငန်းစဉ်တစ်ခုလို့ မြင်လာမှာ ဖြစ်ပါတယ်။ ဒါမျိုးနဲ့ ကျွန်တော်တို့က စဉ်းစားပြီးဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီအတိုင်း ဆောင်ရွက်ဖို့လည်း ကမ်းလှမ်းထားတာ ဖြစ်ပါတယ်။ ကျန်တဲ့ Timeline တွေကိုလည်း EAO တွေက မူအားဖြင့် သဘောတူတယ်။ ဒါပေမယ့် PPST လို နေရာမျိုးမှာ ပြန်ပြီးတင်ပြကြဖို့ရှိပါတယ်။ တင်ပြပြီးရင် ကျွန်တော်တို့နဲ့ ပြန်တွေ့ပြီး ဘယ်လိုရအောင်လုပ်ကြမလဲဆိုတာကို ဖော်ထုတ်ကြမှာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်တဲ့ အစိတ်အပိုင်းတွေကို ရှင်းပြတာဖြစ်ပါတယ်”ဟု ပြောကြားသည်။

**ပြန်လည်ဖြေကြား**

ထို့နောက် သတင်းမီဒီယာများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ အဂတိလိုက်စားမှုများကို အရေးယူဆောင်ရွက်နေမှု၊ ဗစ်တိုးရီးယားကိစ္စ အမှုမှန်ပေါ်ပေါက်ရေး ဆောင်ရွက်နေမှုနှင့် ဘဏ္ဍာလုပ်ငန်းဆိုင်ရာ ကောလာဟလသတင်းများထွက်ပေါ်နေမှု စသည့် မေးမြန်းမှုများကို ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ဖြေကြားသည်။

**စက်မှုဝန်ကြီး ဦးခင်မောင်ချို နုတ်ထွက်သွားပြီးနောက်ပိုင်း BPI စက်ရုံမှူး ဒေါက်တာအောင်ဇော်ကို အဂတိမှုနဲ့ စစ်ဆေးနေခြင်းသည် ဆက်စပ်မှု ရှိ/မရှိ၊ BPI စက်ရုံမှူး၏ ပထမဆုံးရုံးချိန်းတွင် ဝန်ထမ်းများ ဝန်းရံမှုကိစ္စ**နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက စက်မှုဝန်ကြီး ဦးခင်မောင်ချိုကိစ္စနှင့် BPI စက်ရုံမှူး ဒေါက်တာအောင်ဇော်၏ အမှုကိစ္စသည် ဆက်စပ်ခြင်း မရှိပါဘူး။ ဦးခင်မောင်ချိုကိစ္စသည် နိုင်ငံတော်သမ္မတထံ သီးခြားတိုင်ကြားမှုဖြစ်ပြီး ၎င်းကိုစစ်ဆေး၍ တာဝန်ယူမှု၊ တာဝန်ခံမှုအရ ထွက်ခြင်းဖြစ်ပါတယ်။ ဒေါက်တာအောင်ဇော်ကိစ္စသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို တိုင်ကြားတာဖြစ်ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကနေ အရေးယူဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီနှစ်ခုက ဖြစ်စဉ်အခြေခံအကြောင်းအရင်းကလည်း ဆက်စပ်မှုမရှိပါဘူး။ အရေးယူ ကိုင်တွယ်ဆောင်ရွက်တဲ့ ဌာနကလည်း မတူပါဘူး။ အဲဒါကြောင့် ဒီနှစ်ခုက မဆက်စပ်ပါဘူး။

BPI စက်ရုံမှူးရဲ့ အမှုရုံးချိန်းမှာ ဝန်ထမ်းတွေ ဝန်းရံခဲ့မှုနဲ့စပ်လျဉ်းပြီး ဒီဝန်ထမ်းတွေက သူတို့ရဲ့ စက်ရုံမှူးအပေါ်ထားရှိတဲ့ လေးစားမှု သံယောဇဉ်နဲ့ ဝန်းရံကြတယ်လို့ သိရပါတယ်။ တချို့လည်း ရုံးချိန်းအလုပ်ချိန်မျိုးဖြစ်နေတဲ့အခါကျရင် ထောက်ပြစရာတွေဖြစ်တယ်။ ထောက်ပြစရာဖြစ်နေတဲ့အတွက် ကျွန်တော်တို့က ဝန်းရံပါ၊ မဝန်းရံရဘူးလို့ တားဆီးတာမရှိပါဘူး။

သို့သော် ဝန်ထမ်းအနေနဲ့ စည်းမျဉ်းစည်းကမ်းနဲ့ အညီဖြစ်အောင် စက်မှုဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန်က ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေကို ရှင်းပြတယ်။ အထူးသဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေကို ရှင်းပြတယ်လို့ သိရပါတယ်။ ဖိအားပေးတာမရှိပါဘူး။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကနေ နိုင်ငံတော်သမ္မတဆီကို ပြီးခဲ့တဲ့ စက်တင်ဘာ ၆ ရက်က တင်ပြတာရှိပါတယ်။ ဒီတင်ပြချက်မှာ ဒေါက်တာအောင်ဇော်အပြင် ကြီးကြပ်ကွပ်ကဲဖို့ တာဝန်ပျက်ကွက်ခဲ့တဲ့ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်ကို နိုင်ငံတော်သမ္မတရဲ့ စီမံခန့်ခွဲမှု နည်းလမ်းအရ ထိရောက်တဲ့ ပြစ်ဒဏ်ပေးဖို့ တင်ပြလာပါတယ်။ စစ်ဆေးချက်အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ ငြိစွန်းမှုမရှိဘူး။ ဒါပေမယ့် ကြီးကြပ်ကွပ်ကဲဖို့ တာဝန်ပျက်ကွက်တဲ့အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမယ်ဆိုပြီး တင်ပြတာဖြစ်ပါတယ်။ တင်ပြတဲ့အတွက် နိုင်ငံတော်သမ္မတရဲ့ အုပ်ချုပ်မှုနည်းလမ်းနဲ့ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်ကို စက်တင်ဘာ ၁၂ ရက်က ရာထူးက ထုတ်ပယ်လိုက်ပါတယ်။

နောက်တစ်ချက်က ဒေါက်တာအောင်ဇော်ပါ။ ဒေါက်တာအောင်ဇော်ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ နဲ့ ငြိစွန်းတယ်။ ငြိစွန်းတဲ့အတွက် တရားစွဲဆိုထားပြီး တရားရုံးလုပ်ငန်းစဉ်မှာ ရောက်နေပြီ။ ဒီအမှု ငြိစွန်းခြင်း၊ မငြိစွန်းခြင်းက တရားစွဲ အဖွဲ့အစည်းက တင်ပြမယ်၊ တင်ပြတဲ့အပေါ်မှာ တရားရုံးက ဆုံးဖြတ်လိမ့်မယ်။ ဒီအပေါ်မှာ လုပ်ဆောင်ချက်နဲ့ပတ်သက်ပြီး တရားရုံးပေါ်မှာ ရောက်နေပြီဖြစ်တဲ့အတွက် အစိုးရအနေနဲ့ ပြောဖို့ မရှိပါဘူး။

**မသိကျိုးကျွံပြုတာမျိုး လုံးဝမရှိ**

နောက်တစ်ခုက ဒီအပေါ်မှာ ဆက်စပ်တဲ့ ဝန်ထမ်းတွေအပေါ်မှာ ကာကွယ်ပေးတယ်လို့ ဝေဖန်တာမျိုးရှိပါတယ်။ အစိုးရအနေနဲ့ ကာကွယ်ပေးတာမျိုး၊ မသိကျိုးကျွံပြုတာမျိုး လုံးဝမရှိဘူး၊ လုံးဝမလုပ်ဘူးဆိုတာ ပြောချင်ပါတယ်။

အစိုးရအနေနဲ့ တရားဥပဒေစိုးမိုးရေးက အဓိကဖြစ်ပါတယ်။ ဒါကို အစိုးရအနေနဲ့ ခိုင်ခိုင်မာမာ ကိုင်စွဲထားတဲ့ မူဖြစ်ပါတယ်။ အဲဒီတော့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနဲ့အညီ ကော်မရှင်ကို ဖွဲ့တယ်၊ ကော်မရှင်ကို mandate ပေးထားတယ်။ ကော်မရှင်က တိတိကျကျ လုပ်ဖို့လိုတယ်၊ တိတိကျကျလည်း လုပ်နေပြီ။ အပြစ်ပေးအရေးယူခြင်းကတော့ ငြိစွန်းခြင်း၊ မငြိစွန်းခြင်း အပေါ်မှာမူတည်တယ်။ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်နဲ့ ပတ်သက်လို့ အသေးစိတ်မေးမြန်းတာက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် တာဝန်ရှိသူတွေကို မေးဖို့လိုပါတယ်။ ဥပမာ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပတ်သက်လို့ ဘယ်လိုတွေရှိတယ် ကျွန်တော်တို့ မသိဘူး၊ ဝန်ကြီးတွေနဲ့ ပတ်သက်လို့ ဘယ်လိုတွေရှိလဲဆိုတာ မသိပါဘူး။ အကြမ်းအားဖြင့်တော့ သိတယ်။ ငြိစွန်းခြင်း၊ မငြိစွန်းခြင်းဆိုတာကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရဲ့ စစ်ဆေးချက်အပေါ်မှာပဲ မူတည်တယ်။ နိုင်ငံ့ဝန်ထမ်းကျတော့ ဖိပြီး အရေးယူတယ်၊ လွှတ်တော်ကိုယ်စားလှယ်ကျတော့ ခံဝန်ပဲ ထိုးခိုင်းတယ်ဆိုတာမျိုးတွေ ဝေဖန်တာမျိုးတွေက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရဲ့လုပ်ဆောင်ချက်နဲ့ တိုက်ရိုက်ပတ်သက်တဲ့အတွက် ကော်မရှင်ကိုပဲ မေးမြန်းပါ၊ ဖြေကြားပေးပါလိမ့်မယ်။

**တရားရုံးမှာ စစ်ကြောမေးမြန်းလျှောက်ထား**

**နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဒေါက်တာခိုင်စိုးလှနှင့် ဦးမင်းလွင်စိုးတို့နှစ်ဦးကို အဂတိလိုက်စားမှုနှင့် တရားစွဲဆိုခဲ့မှု**နှင့် စပ်လျဉ်းပြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အမှုတည်ဆောက်တဲ့ တရားစွဲအဖွဲ့အစည်း တင်ပြချက်တွေ၊ တရားရုံးမှာ စစ်မေးတော့ ဥပမာ ဟိုဘက်မှာ ကိစ္စတစ်ခုဖြစ်သွားတယ်။ မျက်မြင်သက်သေမရှိဘူး။ ဒီလိုဖြစ်တာတွေ့သိနေတယ်။ သို့သော် တရားရုံးမှာ ဒီလူသည် ဒီဟာလုပ်ပါတယ်ဆိုတာ ထင်ရှားကြောင်း သက်သေပြနိုင်မှ ရမယ်။ အဲဒီတော့ ကျွန်တော်တို့ အမှုတွေစွဲတယ်။ တချို့လည်း လွတ်သွားတယ်ဆိုတာက သံသယအကျိုးဆိုတာ အဲဒါကိုပြောတာ။ ဘယ်လိုပဲ အထောက်အထားတွေ ရှိပါစေ၊ အဲဒီချိန်မှာတော့ တရားရုံးက အပြစ်ရှိကြောင်း၊ ကျူးလွန်ကြောင်း မစီရင်မချင်း သူ့ကို သံသယရှိသူလို့ပဲ ကျွန်တော်တို့က သုံးတယ်။ သံသယအကျိုးကို သူ့မှာလည်း ခံစားခွင့်ရှိတယ်။ အဲဒါက တရားစွဲအဖွဲ့အစည်းရဲ့ တင်ပြချက်တွေ တရားရုံးမှာ စစ်ကြောမေးမြန်းလျှောက်ထားချက်တွေအပေါ်မှာ မူတည်ပြီး တရားသူကြီးက ဆုံးဖြတ်တဲ့အတွက် တရားစီရင်ရေးနဲ့ ပတ်သက်လို့ တစ်စုံတစ်ရာ ပြောလိုခြင်းမရှိဘူး။ ဒါက တရားစွဲအဖွဲ့အစည်းက တင်ပြချက်၊ တရားသူကြီးရဲ့ ဆုံးဖြတ်ချက် ဒီအကြားမှာ တရားရုံးမှာ စစ်မေးချက်တွေ ဒီအပေါ်မှာပဲ မူတည်သွားလိမ့်မယ်။

အဲဒါကတော့ တရားရုံးကို အမှုတင်တယ်ဆိုတာ တရားစွဲအဖွဲ့အစည်းတွေဖြစ်တဲ့ ရဲတပ်ဖွဲ့ဖြစ်စေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖြစ်စေ သက်ရှိ၊ သက်မဲ့ သက်သေခံ အထောက်အထားတွေနဲ့ အမှုကို တည်ဆောက်ပြီး တင်ရပါတယ်။ ဒီလူက ဒါတွေ ဒါတွေ ကျူးလွန်တယ်၊ အဲဒီအထောက်အထားတွေက ဒီမှာဆိုပြီး တင်သွင်းရတယ်။ အဲဒီအပေါ်မှာ တရားသူကြီးနဲ့ တရားရုံးမှာ စစ်မေးချက်တွေ၊ ဖြေကြားချက်တွေရှိပါတယ်။ နောက်ပြီး နှစ်ဖက်သော ရှေ့နေတွေရဲ့ လျှောက်လဲချက်တွေရှိတယ်။ ဒါတွေကို စုစည်းပြီးမှ ချိန်ဆသုံးသပ်ပြီးတော့ ဆင်ခြင်တုံနဲ့ တရားသူကြီးက ဆုံးဖြတ်ပါတယ်။ ဒါကတော့ တရားရုံးမှာ သူ့ရဲ့ process အရ တရားသူကြီးရဲ့ ဆင်ခြင်တုံနဲ့ ဆုံးဖြတ်တယ်လို့ မြင်ပါတယ်။

ဦးမင်းလွင်စိုးကိစ္စနဲ့ ပတ်သက်လို့ နေပြည်တော်စည်ပင်မှာ ဌာနမှူးအဖြစ် ပြန်ပြီးခန့်ထားပါတယ်။ သူက အချုပ်ထဲမှာ နှစ်နှစ်လောက် နေရတယ်။ နှစ်နှစ်လောက် နေရတော့ သူ့ကို ရာထူးကနေပြီးတော့ ယာယီရပ်ဆိုင်းထားတယ်။ ရပ်ဆိုင်းထားပေမယ့် ဥပဒေ၊ နည်းဥပဒေ အရဆိုရင် ပထမ တစ်နှစ်က လစာအပြည့်ရတယ်။ ဒုတိယတစ်နှစ်ကတော့ အပြည့်မရဘူး။ အခု သူ့ကို တရားသေလွှတ်လိုက်တဲ့အတွက်

စာမျက်နှာ ၁၅ သို့ »»

Union Accord - III
[UPC-21PL 4th Session]
Government's Proposal
[2019 Sept 7, 10] [NRPC, YGN]

Political Agreement
[Framework Agreement]
1. Federal Scope
2. ________

Federal Principles

| Political Sector | Economic Sector | Social Sector |
|---|---|---|
| 1. ________ | 1. ________ | 1. ________ |
| 2. ________ | 2. ________ | 2. ________ |

| Security Sector | Land & Environment Sector |
|---|---|
| 1. ________ | 1. ________ |
| 2. ________ | 2. ________ |

[Total = 51+?]

Blue Print Beyond 2020
1. Process [Phase by Phase]
   A. ________
   B. ________
   C. ________
2. Implementation [Phase by Phase]
   A. ________
   B. ________
   C. ________

»» စာမျက်နှာ ၁၄ မှ

ဒီကြားမှာ အပြည့်မရတာတွေ တောင်းခံပြီး ပြန်ယူလို့ရပြီ။ သူ့ရဲ့နစ်နာခဲ့တဲ့ လစာကိစ္စပေါ့။ တရားသေလွတ်တဲ့အချိန်မှာ သူ့ရဲ့နစ်နာမှုကို ကျွန်တော်တို့ စာနာနားလည်ပါတယ်။ ကျွန်တော်တို့လည်း ဝန်ထမ်းတွေပါ။

နံပါတ်တစ်ကတော့ နာမည်၊ နံပါတ်နှစ်ကတော့ ဂုဏ်သိက္ခာ၊ နံပါတ်သုံးကတော့ အချုပ်ထဲမှာနေရတဲ့ သူ့ရဲ့မိသားစု၊ လူမှုဆက်ဆံရေးပတ်ဝန်းကျင်က သူ့အပေါ်မှာ မြင်တဲ့ အမြင်တွေ ကျွန်တော်တို့ Social Media မှာလည်း လွန်လွန်ကျူးကျူးရေးတာတွေရှိတယ်။ ဒါတွေက နစ်နာမှုတွေ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ဆွေးနွေးပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဒီလိုနစ်နာမှုအတွက် ဆောင်ရွက်ပေးဖို့ရှိသလားမေးမြန်းတဲ့အခါမှာ ဝန်ထမ်းအခွင့်အရေးနဲ့ပတ်သက်လို့ သူတို့မှာ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်မယ်။ နံပါတ်နှစ်က လေ့ကျင့်ပေးမယ်။ နံပါတ်သုံးက ဝန်ထမ်းတွေ ရွေးချယ်ပေးမယ်။ ဒီသုံးချက်ပဲရှိတော့ ဒီဟာက သူ့မှာမရှိဘူး။

**ဘာလုပ်ပေးလို့ရမလဲဆိုတာကို လေ့လာ**

မရှိတော့ ရာဇသတ်ကြီးဥပဒေရဲ့ တရားမအကြောင်းအရဆိုရင် ကာယကံရှင်က သူ့ရဲ့နစ်နာမှုအတွက် တိုင်ကြားတဲ့လူကို ပြန်ပြီးတရားစွဲ အမှုဖွင့်လို့ရပါတယ်။ အဲဒါကတော့ တရားမကြောင်းနဲ့သွားရမယ်။ နောက်တစ်ချက်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ။ တိုင်ကြားတဲ့သူတွေက နစ်နာစေလိုတဲ့၊ ဂုဏ်သိက္ခာပျက်ယွင်းစေလိုတဲ့ ရည်ရွယ်ချက်နဲ့ တိုင်ကြားတယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ အခုလို တရားရုံးမှာ စစ်လို့မပေါ်ပေါက်ဘူး၊ ဒီလူက ဒါနဲ့ ကျူးလွန်ကြောင်း မထင်ရှားဘူး။ အရေးယူလို့မရဘူးဆိုရင် ဒီကာယကံရှင်ရဲ့ နစ်နာရတဲ့အနေအထားအတွက် ဘာလုပ်ပေးလို့ရမလဲဆိုတာကို လေ့လာပါတယ်။ ပထမတစ်နည်းက ကာယကံရှင်ကိုယ်တိုင် တိုင်ကြားတဲ့လူကို တရားပြန်စွဲ၊ နောက်ဒုတိယအချက်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၄ အရ **သတင်းပေးပို့ချက် (သို့မဟုတ်) တိုင်တန်းချက် ပေးပို့သူသည် ခိုင်လုံသော အကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် (သို့မဟုတ်) ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ သတင်းပေးပို့ချက်ကိုဖြစ်စေ၊ တိုင်တန်းချက်ကိုဖြစ်စေ တမင်ပြုလုပ်ကြောင်း ပေါ်ပေါက်ပါက ဤဥပဒေအရ အရေးယူခြင်းခံရမည်လို့** ဖော်ပြထားတာ တွေ့တယ်။ ကာယကံရှင်ကနေပြီး တရားစွဲတဲ့နည်းနဲ့ ကိုယ်တိုင် စွဲရင်စွဲ၊ မစွဲရင် ဒီပုဒ်မအရဆိုရင် အဂတိကော်မရှင်ကို သူ့မှာ ဒါတွေနစ်နာသွားတယ်၊ နစ်နာသွားတဲ့အတွက် ကော်မရှင်ကိုပြန်တင်ပြ၊ ကော်မရှင်က အဲဒီအပေါ်မှာ ဥပဒေနဲ့အညီ ပြန်ပြီး လီဆယ်တိုင်ကြားတယ်လို့ယူဆရင် အရေးယူပေါ့။ ကော်မရှင်ရဲ့အခွင့်အရေးရှိတယ်။ ဒီနှစ်ခုနဲ့ သူကပြန်လုပ်ရမယ်။

**အစိုးရနဲ့ EAO တွေကြားမှာ ဆွေးနွေး**

**EAO ဘက်သို့ အစိုးရဘက်မှ Timeline အဆိုပြုထားမှု၊ ဒေသဖွံ့ဖြိုးရေးကိစ္စများကို လက်မခံသည့် တချို့ EAO များရှိသည်ဆိုသည့်ကိစ္စ**နှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက နံပါတ်တစ်မေးခွန်းက EAO တွေနဲ့ Timeline ကို ကျွန်တော်တို့က အဆိုပြုထားပါတယ်။ သူတို့ထဲမှာ ပြန်ဆွေးနွေးပြီး ကျွန်တော်တို့နဲ့ ပြန်ညှိမှာ ဖြစ်တဲ့အတွက် ဒါက Official မပြောသင့်ပါဘူး။ ပြောလည်းပြောမှာ မဟုတ်ဘူး။ ဒုတိယမေးခွန်းကဖွံ့ဖြိုးရေးနဲ့ပတ်သက်လို့ တချို့အဖွဲ့အစည်းက NCA အခန်း ၆ ကို သွားချင်ပါတယ်။ ကြားကာလဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာပူးတွဲကော်မတီကို JICM အစည်းအဝေးမှာ တင်ထားပြီးပြီ။ အဲဒီ JICM အစည်းအဝေးကနေ အစိုးရနဲ့ EAO တွေကြားမှာ ဆွေးနွေးကြဖို့၊ လုပ်ငန်းအဖွဲ့ဖွဲ့ဖို့ ဆုံးဖြတ်ချက် ချထားတယ်။ ဒါပေမယ့် လက်တွေ့မဖွဲ့နိုင်ဘူး။ NCA အပိုဒ် ၂၅ ကိုပြန်ကြည့်ရင် အပစ်ရပ်နယ်မြေအတွင်းဆိုတာပါတယ်။ ဘယ်နယ်မြေမှာ Project တွေလုပ်မယ်။ ကျန်းမာရေး Project ၊ ပညာရေး Project တွေကို ဘယ်နယ်မြေက ဘယ်သူ့ရဲ့ နယ်မြေ၊ အပစ်ရပ်နေရာက ဘယ်နေရာဆိုတဲ့ဟာ သတ်မှတ်ရမယ်။ အဲဒီသတ်မှတ်ချက်က JMC မှာ သတ်မှတ်ဖို့လည်း ဆုံးဖြတ်ထားတယ်။

ဒါပေမယ့် အခုအချိန်အထိ သတ်မှတ်လို့မရဘူး။ NCA မှာပါတဲ့ ပြဋ္ဌာန်းချက်တွေအရ ဒီသတ်မှတ်ချက်တွေပြီးပြည့်စုံမှ လုပ်ငန်းတွေလုပ်မယ်ဆိုရင် တော်တော်ကြာမယ်။ အဲဒါကြောင့် ကျွန်တော်တို့က အဆိုပြုတာဖြစ်တယ်။ EAO တွေက ဒါတွေကို အကျေအလည်ဆွေးနွေးပြီး သဘောတူညီချက်ရပြီးမှ လုပ်ချင်တဲ့သဘောရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့ အဆိုပြုလိုက်တဲ့အတွက် EAO အများစုအားလုံးနီးပါးက လက်ခံတဲ့အတွက် ကျွန်တော်တို့ လုပ်နေတယ်”ဟု ရှင်းလင်းပြောကြားသည်။

အလားတူ ဗစ်တိုးရီးယားအမှုနှင့်ပတ်သက်ပြီး စစ်ဆေးဆောင်ရွက်နေမှု၊ နိုင်ငံတော်အကြီးအကဲများ၏ သဘောထားအပေါ်သိရှိလိုသည့် မေးခွန်းအပေါ် ကျွန်တော်တို့ အခုသတင်းစာရှင်းလင်းပွဲ မတိုင်ခင်မှာ သမ္မတကြီးနဲ့လည်း တွေ့ဆုံပါတယ်။ ဗစ်တိုးရီးယားကိစ္စက တောက်လျှောက် စောင့်ကြည့်နေတဲ့ကိစ္စဖြစ်ပါတယ်။ အရင်က သတင်းစာရှင်းလင်းပွဲမှာလည်း ကျွန်တော်ပြောပြီးပါပြီ။ နံပါတ်တစ်က တရားဥပဒေစိုးမိုးရေးကိစ္စဖြစ်တယ်။ နံပါတ်နှစ်က အမှုမှန်ဖော်ထုတ်ရေး ဦးစားပေးဆောင်ရွက်ဖို့ နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားထားပြီးဖြစ်တယ်။ နံပါတ်သုံးက ဒီကိစ္စနဲ့ပတ်သက်လို့ အလွဲအချော်တွေရှိခဲ့တယ်ဆိုရင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ တာဝန်ယူ တာဝန်ခံရမယ်။ ဒီသုံးချက်အတိုင်းပဲ တောက်လျှောက် ကျွန်တော်တို့ စောင့်ကြည့်နေပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

**နှစ်ပိုင်းနဲ့ လုပ်ဆောင်နေ**

ထို့အတူ ဘဏ်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူအများ စိုးရိမ်မှု၊ မြင့်တက်နေမှုအပေါ် နိုင်ငံတော်သမ္မတရုံးအနေဖြင့် မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးခွန်းအပေါ် “ဒီကောလာဟလနဲ့ပတ်သက်ပြီး လူတွေရဲ့စိုးရိမ်မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ရှင်းလင်းချက်နဲ့ပတ်သက်လို့ ဗဟိုဘဏ်ကလည်း Statement ထုတ်ပြန်ထားပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလ ၆ ရက်နေ့မှာ အစိုးရက တာဝန်ရှိတဲ့ သူတွေ၊ ဗဟိုဘဏ်က တာဝန်ရှိသူတွေ၊ ပြည်ထောင်စုဝန်ကြီးတချို့နဲ့ ပုဂ္ဂလိကဘဏ်ဥက္ကဋ္ဌတချို့နဲ့ တွေ့ဆုံခဲ့ကြပါတယ်။ တွေ့တဲ့အချိန်မှာ ပုဂ္ဂလိကဘဏ်တွေ လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေနဲ့ ပတ်သက်လို့ အစိုးရက ဘာလုပ်ပေးရမလဲ၊ ဗဟိုဘဏ်က ဘာလုပ်ပေးရမလဲဆိုတာ ညှိနှိုင်းခဲ့ပါတယ်။ အဲဒီ ညှိနှိုင်းမှုတွေအရ ဆက်လုပ်သွားမှာဖြစ်ပါတယ်။ ဗဟိုဘဏ်ရဲ့ စည်းမျဉ်းစည်းကမ်း၊ ဥပဒေတွေနဲ့အညီ ထိန်းကျောင်းတဲ့အပိုင်းနဲ့ အစိုးရက အုပ်ချုပ်မှုနည်းလမ်းနဲ့ ထိန်းကျောင်းတဲ့အပိုင်းဆိုပြီး နှစ်ပိုင်းနဲ့ လုပ်ဆောင်နေပါတယ်။

**အခု မြန်မာနိုင်ငံတစ်နိုင်ငံလုံးက ဘဏ်တစ်ဘဏ်ချင်းစီရဲ့ငွေဘယ်လောက် ထုတ်တယ်၊ ငွေဘယ်လောက် သွင်းတယ်၊ ငွေသွင်းငွေထုတ် စုစုပေါင်း စာရင်းချုပ်ကို ဗဟိုဘဏ်က နိုင်ငံတော်သမ္မတရုံးကို နေ့စဉ်တင်ပြပါတယ်။ အခုလောလောဆယ်မှာတော့ ငွေအထုတ်အသွင်းမှာ အရမ်းကွာဟတာ မရှိပါဘူး။ ထုတ်တာများပြီဆိုရင် ဒီထုတ်တဲ့ပိုက်ဆံတွေ ဘယ်ရောက်သွားလဲ ဆိုတာကို အုပ်ချုပ်မှုနည်းလမ်းနဲ့ ဆောင်ရွက်ရတဲ့အပိုင်းတွေ ရှိပါတယ်။ ဒီလ ၉ ရက်နေ့ကစပြီး ဒေါ်လာဈေး ပြန်တည်ငြိမ်သွားလို့ ရွှေဈေးလည်း ပြန်ကျသွားပါတယ်။**

**ဒေါ်လာဈေး ပြန်တည်ငြိမ်**

အခု မြန်မာနိုင်ငံတစ်နိုင်ငံလုံးက ဘဏ်တစ်ဘဏ်ချင်းစီရဲ့ငွေဘယ်လောက် ထုတ်တယ်၊ ငွေဘယ်လောက် သွင်းတယ်၊ ငွေသွင်းငွေထုတ် စုစုပေါင်း စာရင်းချုပ်ကို ဗဟိုဘဏ်က နိုင်ငံတော်သမ္မတရုံးကို နေ့စဉ်တင်ပြပါတယ်။ အခုလောလောဆယ်မှာတော့ ငွေအထုတ်အသွင်းမှာ အရမ်းကွာဟတာမရှိပါဘူး။ ထုတ်တာများပြီဆိုရင် ဒီထုတ်တဲ့ ပိုက်ဆံတွေ ဘယ်ရောက်သွားလဲဆိုတာကို အုပ်ချုပ်မှုနည်းလမ်းနဲ့ ဆောင်ရွက်ရတဲ့အပိုင်းတွေ ရှိပါတယ်။ ဒီလ ၉ ရက်နေ့ကစပြီး ဒေါ်လာဈေး ပြန်တည်ငြိမ်သွားလို့ ရွှေဈေးလည်း ပြန်ကျသွားပါတယ်။

ရွှေနယ်ပယ်နဲ့ပတ်သက်လို့ ပြည်ထဲရေးက အစီရင်ခံစာတွေ တင်ပါတယ်။ ဒီလို ကောလာဟလတွေ ပေါ်လာတဲ့အခါမှာ လူတွေက ရွှေ၊ ဒေါ်လာ၊ အိမ်ခြံမြေနဲ့ စတော့ရှယ်ယာတွေကို စုဆောင်းလေ့ရှိပါတယ်။ အဓိကကတော့ ဒေါ်လာ Exchange Rate က ငြိမ်နေဖို့ပါ။ ဒေါ်လာ Exchange Rate ငြိမ်နေမှ စီးပွားရေးလုပ်တဲ့လူတွေက မှန်းလို့ရမှာ ဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ဘဏ်တွေနဲ့ပတ်သက်လို့ ထွက်ပေါ်နေတဲ့ ကောလာဟလတွေကို စိုးရိမ်ဖို့မလိုပါဘူး။ နိုင်ငံတော်သမ္မတရုံးအနေနဲ့ ဘဏ်တွေရဲ့ ငွေသွင်းငွေထုတ်မှုတွေကို စောင့်ကြည့်နေပါတယ်” ဟု ရှင်းလင်းပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနဲ့ပတ်သက်ပြီး ထုတ်ပြန်ချက်တွေကို ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ အဲဒီမှာလည်း ရှင်းလင်းချက်တွေ ပေးထားပါတယ်။ အခါအားလျော်စွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေ ရှင်းလင်းပြောကြားထားတာရှိပါတယ်။ မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်အရ လုပ်ဖို့လိုပါတယ်။ အဲဒီမှာ မိမိသဘောဆန္ဒအရ ပြန်လာချင်သူတွေ ဖြစ်ရမယ်။ ဆိုလိုတာက အခုဘာကြောင့် မဝင်လဲဆိုတော့ အဲဒီမှာသတင်းတွေတက်နေတယ်။ အဲဒီမှာ NGO တွေရဲ့ စွက်ဖက်မှုတွေ ရှိနေပါတယ်။ မပြန်နဲ့လို့ ပြောတာတွေရှိတယ်။ နောက်တစ်ခုက ARSA ရဲ့ ခြိမ်းခြောက်မှုတွေရှိတယ်။ နောက်တစ်ချက်က သဘောတူညီချက်အတိုင်း မလုပ်ဘဲ၊ Camp မှာ ရှိတဲ့သူတွေက သူတို့ကို ဆန္ဒသဘောထား ကောက်ခံခဲ့တာတွေက အချိန်ကပ်ပြီး လုပ်ခဲ့တာတွေရှိတယ်။ ကျွန်တော်တို့ တရားဝင်သတင်းထုတ်ပြန်ချက်တွေ ထုတ်ပြန်ထားတာရှိပါတယ်။ အဲဒါတွေကို ပြန်ကြည့်ဖို့လိုပါတယ်။

**City of London မှ ဆုတ်ဆိပ်များ ပြန်လည်ရုပ်သိမ်းမှု**နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ဒါက စာပါအကြောင်းအရာ ဖြစ်ပါတယ်။ ဆုတ်ဆိပ်တွေကတော့ ထုံးစံအတိုင်း၊ သိတဲ့အတိုင်းပေါ့ ရုပ်သိမ်းတာတွေလုပ်လာတယ်။ ကမ္ဘာမှာလည်း အဲဒီလို အမြင်တွေ ရှိလာတယ်။ ဒါပေမယ့် ကျွန်တော်တို့ သွားနေတာက ဘာလဲဆိုတော့ အမှန်ကို အမှန်တိုင်းပဲသွားဖို့၊ အမှန်ကို အမှန်တိုင်းလုပ်ဖြစ်ပါတယ်။ တစ်ချိန်ကျရင် အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ မရပါဘူးဆိုတဲ့ ပုံစံမျိုးသွားပါတယ်။ ပြီးခဲ့တဲ့ ၂ နှစ်တာ ကာလအတွင်းမှာ တော်တော်လေးလည်း ပြင်းပြင်းထန်ထန်ဖြစ်ပါတယ်။ သို့သော် ဟိုတစ်နေ့ကပဲ ARSA ကခေါ်သွားတဲ့ ဟိန္ဒူမိသားစုတွေကို ဘယ်လိုမျိုး ပြုမူဆက်ဆံတယ်ဆိုတာကို အာဆီယံနဲ့ အိမ်နီးချင်းသံအမတ်တွေကိုယ်တိုင် တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ နောက်ဟိုဘက်နေပြီးတော့ မိမိအစီအစဉ်၊ မိမိသဘောဆန္ဒနဲ့ ကိုယ့်ဘာသာကို ပြန်လာတဲ့ မွတ်စလင်မိသားစုတွေရှိတယ်။ အဲဒီသူတွေနဲ့လည်း ပေးတွေ့တယ်။ အရင်က ကျွန်တော်တို့ မြန်မာနိုင်ငံက မည်သို့ပင် ပြောကြားစေကာမူ အုံနဲ့ကျင်းနဲ့ သတင်းလှိုင်းကြီးတွေကို ထိပ်တိုက်ရင်ဆိုင်ဖို့ တော်တော်လည်း ခက်ပါတယ်။ ဒါပေမယ့် အချိန်ကြာလာတာနဲ့အမျှ အခြေအနေတွေ ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ Camp တွေရဲ့ အနေအထားသတင်းတွေ မကြာမကြာတက်ပါတယ်။ အဲဒီမှာရှိတဲ့ NGO တွေရဲ့ စွက်ဖက်မှုတွေလည်း တက်လာတယ်။ အဲဒီ Camp တွေမှာ ဘယ်လိုမျိုးခြိမ်းခြောက်မှုတွေ ဖြစ်နေ တယ်ဆိုတဲ့ သတင်းတွေတက်လာပါတယ်။ ကျွန်တော်တို့က ညာလို့မရပါဘူး။ အရင်တုန်းက ပြောတာပေါ့၊ အမှန်တရားက ဖိနပ်စီးနေတုန်းအချိန်မှာ မုသားက ကမ္ဘာတစ်ပတ်ပတ်ပြီးသွားပြီဆိုတဲ့ပုံစံနဲ့ ပြောတာပေါ့။ ကမ္ဘာပတ်ပြီးသွားတဲ့အချိန်မှာ ဒီအမှန်တရားက တဖြည်းဖြည်းချင်းတာထွက်သွားနိုင်တဲ့ အနေအထားရှိပါတယ်။ တဖြည်းဖြည်းနဲ့ ကမ္ဘာကလည်း နားလည်လာပါလိမ့်မယ်။ အဲဒီ ဆုတ်ဆိပ် ရုပ်သိမ်းတဲ့အဖွဲ့တွေလည်း အများကြီးရှိပါတယ်။ အကြောင်းကြောင်းသော နောက်ခံအကြောင်းတွေရှိသလို၊ အကြောင်းကြောင်းသော ဖိအားတွေရှိတယ်။ ဒီပေါ်မှာတော့ ကျွန်တော်တို့က နားလည်ပေးပါတယ်။ ဒါတွေက ကိုယ်ကတောင်းခဲ့တာ မဟုတ်ဘူး၊ ရုပ်တာ မရုပ်တာကတော့ သူတို့အပိုင်းပေါ့။ ကျွန်တော်တို့ လုပ်နေတာက ကိုယ့်နိုင်ငံအတွက်၊ တိုင်းရင်းသားပြည်သူတွေအတွက် ဒီအကျိုးစီးပွားတွေကို ဦးတည်ပြီး လုပ်ရမှာဖြစ်ပါတယ်။

**ရခိုင်ပြည်နယ် တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်ပြီး**

ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ခေါင်းဖြတ်တဲ့လုပ်ရပ်က တကယ်တော့ လူမဆန်တဲ့ အကြမ်းဖက်လုပ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့က ဒါကို မင်းမဲ့စရိုက်လို့ မပြောဘူး။ ဒါက တကယ့်အကြမ်းဖက်လုပ်ရပ်ဖြစ်ပါတယ်။ လူမဆန်စွာ၊ ရက်စက်စွာလုပ်တဲ့ အကြမ်းဖက်လုပ်ရပ်ပဲ ဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်လို့ ရခိုင်ပြည်နယ်မှာ ARSA ပေါ်လာတယ်။ ပြီးရင် AA ပေါ်လာတယ်။ တိုက်ပွဲတွေကလည်း မကြာခဏဖြစ်တယ်။ ရခိုင်မှာ အခုဖြစ်စဉ်ကို ကြည့်လိုက်ရင် အပြစ်မဲ့အရပ်သားပြည်သူတွေ သေကြေတာများတာက ဗုံးတို့၊ မိုင်းခွဲတာပေါ့။ မိုင်းခွဲတဲ့ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးတာများပါတယ်။ အဓိက တိုက်ပွဲတွေဖြစ်လာရင် တရားဥပဒေစိုးမိုးမှု၊ လုံခြုံမှု၊ တည်ငြိမ်မှု အားနည်းသွားပြီ။ ဒီဟာပေါ်မှာ ကျွန်တော်တို့ ပြန်ပြီးကိုင်တွယ်တဲ့ အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေ ပြောတယ်ဆိုရင် အဲဒီလွှတ်တော်ကိုယ်စားလှယ်ကို တိုက်တွန်းချင်တယ်။ ပူးပေါင်းဆောင်ရွက်ပါ။ စိတ်ရင်းစေတနာမှန်နဲ့ ရခိုင်ပြည်နယ် တည်ငြိမ်ရေး၊ အေးချမ်းရေးကို ရခိုင်လူထုဖြစ်စေ၊ ပြည်ထောင်စုမှာရှိတဲ့ ရခိုင်အမတ်တွေဖြစ်စေ အများကြီး ပူးပေါင်းဆောင်ရွက်လို့ရပါတယ်။ လူထုပါဝင်မှု အများကြီး လုပ်လို့ ရပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာ ဘယ်နိုင်ငံမှာမဆို လူထုပါဝင်မှ ရတာ။ ဒီဟာတွေကို ကျွန်တော်တို့ ကြိုးစားပြီးလုပ်နေတယ်။ လတ်တလော ဖြစ်နေတဲ့ ပြဿနာက တိုက်ပွဲတွေကတော့ဖြစ်နေတယ်။ တစ်ဖက်မှာ တင်ပြခဲ့သလို AA နဲ့ ပတ်သက်လို့ ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်နေတယ်။ အထူးသဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အနေအထားတစ်ခုကိုရောက်ဖို့ ကျွန်တော်တို့ ဦးစားပေးပြီး ကြိုးပမ်းနေတယ်။ ပြီးရင် NCA နဲ့ ငြိမ်းချမ်းရေး လမ်းကြောင်းအရ နိုင်ငံရေးဆွေးနွေးပွဲ စကားဝိုင်းတွေ ရောက်အောင် ကြိုးပမ်းနေတယ်။ ဒါတွေကပဲ ဖြေရှင်းလို့ရမယ်။ ဟိုဘက်၊ ဒီဘက် အခုချိန်မှာ ပြောနေတာထက် ဥပမာ လွှတ်တော်အမတ်တွေက အစိုးရကို အပြစ်တင်ဝေဖန်နေတာတွေရှိပါတယ်။ ကျွန်တော်တို့ ပြောချင်တာက ဒါက ရခိုင်ပြည်နယ်ဖြစ်တယ်။ ပြည်ထောင်စုရဲ့ နယ်မြေအစိတ်အပိုင်း တစ်ရပ်ဖြစ်တယ်။ ဒီအတွက် ပြည်ထောင်စုရဲ့ဖြစ်စဉ်လို့ပဲ ကျွန်တော်တို့က ခံယူတယ်။ ကျွန်တော်တို့ဆို မကြာခဏ ရခိုင်လူမှုအသိုက်အဝန်းနဲ့ တွေ့ပါတယ်။ တွေ့တဲ့အချိန်တိုင်းမှာလည်း ကြိမ်ဖန်များစွာ ရှင်းပြတယ်။ သူတို့ဘက်ကလည်း အခုလောလောဆယ် လတ်တလော ဒုက္ခကြုံတွေ့နေတဲ့ ဒုက္ခသည် ၆၀၀၀၀ ကျော်ရှိတယ်။ အဲဒါတွေက IDP Camp နေတဲ့ ရခိုင်တိုင်းရင်းသားကို ပြောတာပါ။ IDP Camp ကို မရောက်တဲ့ ကမန်၊ မြိုတိုင်းရင်းသားတွေလည်း ဒုက္ခရောက်နေတယ်။ ဒါကြောင့် IDP Camp သာမဟုတ်ဘူး၊ Camp မှာ မရှိတဲ့ ဒုက္ခသည်တွေကို ကူညီပေးပါလို့ ပြောလာတယ်။ ရခိုင်ပြည်နယ်က ရခိုင်တိုင်းရင်းသားတွေချည်းပဲ နေထိုင်တာ မဟုတ်ဘူး၊ ကျန်တဲ့ ကမန် ၊ မြို တိုင်းရင်းသားတွေလည်းရှိတယ်။ ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုလေး တစ်ခုဖြစ်နေတဲ့ အနေအထားမှာ လတ်တလောတိုက်ပွဲတွေ မဖြစ်ပွားဖို့ ဦးစားပေးလုပ်နေတယ်။ ပစ်ခတ်တိုက်ခတ်မှုတွေ ရပ်သွားရင် IDP ကိစ္စတွေကို ပိုပြီးဖြေရှင်းကိုင်တွယ်နိုင်မယ်။ ပြီးရင် မူလနေရာပြန်လည်ရောက်ရှိရေး၊ ရခိုင်ဒေသ ရေရှည်ဖွံ့ဖြိုးရေး၊ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်အောင် သွားနေတာဖြစ်ပါတယ်။ အထူးသဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခမှာ ဟိုးအရင်တုန်းက ဖြစ်ခဲ့ဖူးတယ်။ သို့သော် နှစ်ပေါင်းများစွာ ဒီဒဏ်တွေကို မခံရဘူး။ ဥပမာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ် စသဖြင့် ဒီဒေသတွေမှာ ဒါတွေကို တော်တော်လေးကြုံခဲ့ပြီးပြီ။ အဲဒါကြောင့် သူတို့ရဲ့ ခေါင်းဆောင်တွေ ကိုယ်တိုင်က ပြည်သူလူထု မနစ်နာရအောင် ကြိုးပမ်းဆောင်ရွက်နေတဲ့ အနေအထားတွေရှိတယ်။ အဲဒီအတိုင်းပဲ ရခိုင်ပြည်နယ်က သွားဖို့လိုပါတယ်။

**သတင်းစဉ်**




# ရွှေနေနှင့် အကြံညဏ်ဖြင့် ကြီးပွားရေး

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရွှေနေနှင့် အကြံညဏ်ဖြင့်ကြီးပွားရေး " ပါတဲ့

"ဒီစကားလုံးကြားဖူးသလိုရှိတယ်ဆရာ"

"ကြားဖူးရမှာပေါ့။ ဆရာကြီးရွှေဥဒေါင်း ရေးခဲ့တဲ့ နာမည်ကျော်စာအုပ်အမည်ပဲ"

"သြော် ... ဟုတ်သားပဲ။

ဒီဆောင်းပါး ဘာကြောင့်ရေးတာလဲဆရာ"

"ဖတ်ကြည့်ကြစို့"

**ဤစာအုပ်**

ဤစာအုပ်ကို ကျွန်တော် စွဲလမ်းသည်။ ငယ်စဉ် လူငယ်ကျောင်းသားဘဝကတည်းက အငမ်းမရဖတ်ခဲ့သောစာအုပ်။ အကြိမ်ပေါင်းများစွာဖတ်ခဲ့သော စာအုပ်။ စာကြောင်းအချို့ကို အလွတ်နီးပါး ကျက်မှတ်နိုင်ခဲ့သောစာအုပ်။ လူငယ်ထုအားလုံးအတွက် တက်ကျမ်းစာအုပ်။

ဤစာအုပ်ကား အခြားမဟုတ်။ စာရေးဆရာကြီး ရွှေဥဒေါင်း၏ အကြံညဏ်ဖြင့်ကြီးပွားရေးအမည်ရှိ နာမည်ကျော်စာအုပ်ဖြစ်ပါပေသည်။

**အပျင်းပြေခဏတစ်ဖြုတ်**

ဤစာအုပ်သည် အပျင်းပြေခဏတစ်ဖြုတ် ဖတ်ရှုရန်မဟုတ်။ သင်၏ကြီးပွားချမ်းသာရေးအတွက် အထပ်ထပ်ဖတ်ရှု၍ လိုက်နာကျင့်သုံးရမည့် စာအုပ်ဖြစ်သည်။

**စကားချီး**

သင်သည် မည်သည့်အရာကို အလိုရှိသနည်း။

ငွေကို အလိုရှိသလော။

ထင်ပေါ်ကျော်စောခြင်းကို အလိုရှိသလော။

သြဇာတိက္ကမကြီးခြင်းကို အလိုရှိသလော။

ရောင့်ရဲကျေနပ်ခြင်းကို အလိုရှိသလော။

ဥပဓိရုပ်ကောင်းခြင်းကို အလိုရှိသလော။

စိတ်ငြိမ်းချမ်းခြင်းကို အလိုရှိသလော။

ချမ်းသာသုခကို အလိုရှိသလော။

လောက၌ လိုအပ်သောအရာကို မချွတ်ဆတ်ဆတ် ရနိုင်ရန်အတွက် အတိုဆုံးသော ဖြတ်လမ်းကြီး ဖြစ်သည်။ လက်ဖဝါး ခြေဖဝါးမှ တိုင်းကျော်၊ ပြည်ကျော် သူဌေးကြီးများအဖြစ်သို့ ရောက်ကြပြီးသော ပုဂ္ဂိုလ်ကြီးပေါင်း ၅၀၀ ကျော်၏ စီးပွားရေးစနစ်နည်းနာများကို မေးမြန်းနှီးနှောပြီးနောက် အဆီအနှစ်ထုတ်နုတ် စီစဉ်ရေးသားထားခြင်းဖြစ်သည်။

**အပျင်းပြေမဟုတ်**

အပျင်းပြေဖတ်ရှုရန် ရည်ရွယ်ချက်ဖြင့် ရေးသားထားသော စာအုပ်မဟုတ်။ အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုဆင်ခြင်၍ လေ့လာသုံးသပ်ရန်လိုအပ်သော စာအုပ်မျိုးဖြစ်သည်။ ညက်ညက်ဝါး၍ စားထိုက်သည်။ စသည်ဖြင့် ဆရာကြီးရွှေဥဒေါင်းက စာအုပ်၏ စကားချီးတွင် ရေးခဲ့သည်။

**ကြေးမုံစာချစ်ပရိသတ်**

ကြေးမုံတွင် အပတ်စဉ်ဆောင်းပါးများ ကျွန်တော်ရေးသည်။ ဥပဒေ မဟုတ်သော စာပေ ဆောင်းပါးများဟုဆိုကြပါစို့။ စာချစ်သော ပရိသတ်အတွက် ကောင်းနိုးရာရာစာအုပ်စာပေများကို မျှဝေတင်ဆက်ပေးလျက်ပါ။ ရှေ့နေတစ်ယောက်မို့ ရှေ့နေစာပေ၊ ဥပဒေစာပေ၊ တရားရေးစာပေတွေကိုသာ ကျွန်တော်မွေ့လျော်သူပါ။ ပုဒ်ထီးပုဒ်မ၊ တရားခံများဘဝ၊ ရှေ့နေများဘဝ၊ တရားသူကြီးများဘဝ၊ ရဲအရာရှိများဘဝ၊ ထောင်ပိုင်ကြီးဘဝ၊ မြို့ပိုင်နယ်ပိုင်များဘဝ၊ သက်သေများဘဝ၊ ရှေ့ဘတ်စာရေးများဘဝ စသည်စသည်ဖြင့် (မိမိနှင့်) နီးစပ်သော စာအုပ်စာပေများကိုသာ နေ့စဉ်ဖတ်ရှုနေရသူပါ။ သူတို့နှင့်နီးစပ်သော စာပေပါ။ တိုင်စာတောစာ၊ အဂတိလိုက်စားမှု အစုံအလင်ကို နေ့စဉ်ကြုံတွေ့ဖတ်ရှုနေရသူတစ်ဦးလည်း ဖြစ်ပါသည်။

ထိုအခါ ရသစာပေ၊ လူမှုစာပေ၊ အနုအလှစာပေ၊ တက်ကျမ်းစာပေများကို ရှာဖွေမိပါသည်။ လွမ်းမိပါသည်။ ငယ်စဉ်က စွဲမက်ခဲ့သော စာအုပ်အဟောင်းများကိုလည်း ပြန်ပြောင်းဆန်းစစ်မိပါသည်။ စာစုံဖတ်ချင်မိပါသည်။ စာကောင်းမှန်သမျှ ပြန်လည်မျှဝေလိုပါသည်။

ထို့ကြောင့် အပတ်စဉ်ကြေးမုံတွင် စာစုံစု၍ ပေါ့ပေါ့ပါးပါး၊ သွက်သွက်လက်လက် ဖတ်စရာ မှတ်စရာကို စာချစ်ပရိသတ်အတွက် ကြိုးပမ်းတင်ဆက်နေရခြင်း ပါခင်ဗျာ။ ဆက်၍ ရှုပါ။

**အောင်မြင်ခြင်း၏ အခြေခံဖြစ်သောတရား**

လောကီရေး၌ဖြစ်စေ၊ လောကုတ္တရာရေး၌ဖြစ်စေ ထမြောက်အောင်မြင်ခြင်း၏ မူလအခြေခံဖြစ်သော စိတ်နေစိတ်ထားသည်ကား ပြင်းစွာသောဆန္ဒရှိခြင်းပင်ဖြစ်၏။

မည်သည့်ကိစ္စကိုမဆို အောင်မြင်ထမြောက်အောင် ဆောင်ရွက်လိုသူဟူသမျှသည် နောက်သို့ပြန်၍ မဆုတ်နိုင်စေခြင်းငှာ လှေကို မီးရှို့ပစ်ဘိသည့်အလား ဆောင်ရွက်ကြရချေမည်။ ဆုတ်သာ တက်သာ ဟူသော သဘောထားမျိုးနှင့် စိတ်ဒွိဟထား၍ ဆောင်ရွက်သူတို့သည် နောက်သို့ပြန်၍ ဆုတ်ရတတ်သည်သာ များလှချေသည်။ ခနဉစ္စာရှာဖွေရာ၌ ဉစ္စာကို အလိုရှိကာမျှနှင့် ရနိုင်ကြမည် မဟုတ်။ မရလျှင်မနေ ဟူသော စိတ်ဆန္ဒမျိုးထား၍ ဉစ္စာရဖို့အတွက် မည်ကဲ့သို့သော နည်းလမ်းမျိုးဖြင့် ဆောင်ရွက်မည်ဟု အကြံအစည်ထုတ်ပြီးလျှင် ၎င်းအကြံအစည်အတိုင်း ဇွဲကောင်းကောင်းနှင့် ဆောင်ရွက်ခဲ့လျှင် ဧကန်မုချ အလိုဆန္ဒပြည့်ဝရချေမည်ဖြစ်၏။ (စာ-၄)

ကမ္ဘာပေါ်၌ အကြွယ်ဝဆုံး သူဌေးကြီးတစ်ဦးဖြစ်သော (ဟင်နရီဖို့)သည် ပထမက ပစ္စည်းဉစ္စာလည်း မရှိ၊ ကျောင်းမှ သင်ကြားခဲ့ရသော ပညာမျိုးလည်းမရှိပါဘဲလျက် မြင်းမပါသောရထားမျိုး စ၍ထွင်ရန် စိတ်ကူးခဲ့ရာ နောက်ဆုံးတွင် ထမြောက်အောင်မြင်ခဲ့သဖြင့် ကမ္ဘာပေါ်၌ မော်တော်ကား အများဆုံးရောင်းချနိုင်သော အလုပ်ရုံပိုင်ရှင်ကြီးအဖြစ်သို့တိုင် ရောက်ခဲ့လေသည်။

သောမတ်အက်ဒီဆင်သည် လျှပ်စစ်ဓာတ်ဖြင့် ထွန်းညှိရသော မီးခွက်မျိုးကို စ၍ထွင်ရန် စိတ်ကူးခဲ့ရာ အကြိမ်ပေါင်းတစ်သောင်းတိုင်တိုင် စမ်းသပ်ဆုံးရှုံးခဲ့သော်လည်း မဖြစ်လျှင်မနေဟူသော ဇွဲဖြင့် ဆက်လက်စမ်းသပ်လုပ်ကိုင်ခဲ့ခြင်းအားဖြင့် နောက်ဆုံးတွင် ထမြောက်အောင်မြင်ခဲ့ရလေသည်။ တကယ့်ယောက်ျားတို့မည်သည် စိတ်ကူးအတိုင်း မဖြစ်ရမချင်း လက်မလျှော့ကြချေ။

**အီဘရာဟင်လင်ကွန်းသည် ကပ္ပလီလူမျိုးများကို ကျွန်အဖြစ်မှ လွတ်မြောက်စေရန် စိတ်ကူးခဲ့ရာ**

ယခုအခါ၌ တစ်ကမ္ဘာလုံးတွင် ငွေဝယ်ကျွန်ဟူ၍ မရှိတော့ချေ။

ရိုက်ညီအစ်ကိုတို့သည် ကောင်းကင်ပျံနိုင်သည့် လေယာဉ်ပျံမျိုးကို စိတ်ကူးခဲ့ရာ ယခုအခါ၌ လေယာဉ်ပျံများသည် ကောင်းကင်တွင် တဝီဝီ ပျံသန်းလျက်ရှိကြလေပြီ။

မာကွန်နီသည် ကြေးနန်းကြိုးမပါဘဲ စကားပြောနိုင်သောနည်းကို စ၍ထွင်ဖို့ စိတ်ကူးခဲ့ရာ ယခုအခါတွင် ညနေတိုင်း၊ နံနက်တိုင်း ရေဒီယိုသံကြားနေကြရခြင်းကို ထောက်သဖြင့် ၎င်း၏စိတ်ကူးသည် အချည်းအနှီးမဖြစ်ကြောင်း ထင်ရှားခဲ့လေပြီ။

လောက၌ အကြီးအကျယ် ထမြောက်အောင်မြင်ခြင်းဟူသမျှတို့သည် အစပထမ၌ စိတ်ကူး ဉာဏ်မျှသာ ဖြစ်လေရကား စိတ်ကူးဉာဏ်၏ တန်ခိုးသတ္တိနှင့် စိတ်ကူးဉာဏ်၏ တန်ဖိုးကို ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်ချေ။

စိတ်ကူးဉာဏ်ရှိသူအပေါင်းတို့ နိုးကြားကြလော့၊ ထကြလော့။ သင်တို့၏ ဇာတာစန်းလဂ်သည် တက်ကြွလျက်ရှိနေလေပြီ။ စိတ်ကူးဉာဏ်ရှိသူတို့အဖို့ ကမ္ဘာတွင် တစ်ခါမျှမကြုံဖူးသော ခေတ်ကြီးမျိုးပေါ်ထွန်းလျက်ရှိနေလေပြီ။ ကြံကြလော့၊ စည်ကြလော့၊ စိတ်ကူးကြလော့၊ ဉာဏ်ထုတ်ကြကုန်လော့....... ဟူ၍ ဆရာကြီးရွှေဥဒေါင်းက ရေးခဲ့လေသည်။

**အချက်ကြီး ၂၈ ချက်**

မိမိကိုယ်ကို စစ်တမ်းထုတ်ရန် အချက်ကြီး ၂၈ ချက်ကိုလည်း ဆရာကြီးရွှေဥဒေါင်းက ရေးသားထားလေသည်။ (စာ-၁၀၈)

၁။ ဤနှစ်အဖို့ ငါ မှန်းထားသော ပန်းတိုင်သို့ ရောက်ပါ၏လော။ နှစ်စဉ်နှစ်တိုင်း မည်မျှလောက် ခရီးရောက်အောင် ကြိုးစားမည်ဟု သတ်မှတ်ထားရမည်။

၂။ ငါသည် တတ်နိုင်သမျှ အစွမ်းကုန် အမှုထမ်းခဲ့ပါ၏လော။ ယခုထက် ပို၍ကောင်းအောင် အမှုထမ်းဖို့ ဖြစ်နိုင်ပါသေး၏လော။

၃။ ငါသည် ယခုထက် ပို၍ အလုပ်လုပ်နိုင်ပါသေးသလော။

၄။ ငါသည် သူတစ်ပါးတို့နှင့် ချောမောညီညွတ်စွာ အမှုထမ်းခဲ့ပါ၏လော။

၅။ ငါ၌ အလုပ်ကို အချိန်ရွှေ့ဆိုင်းတတ်သော အလေ့အကျင့်မျိုးရှိပါသလော။

၆။ ငါသည် သူတစ်ပါးကို နှစ်သက်ဖွယ်သော ဥပဓိရုပ်မျိုးရှိအောင် ကြိုးစားခဲ့ပါ၏လော။ ကြိုးစားလျှင် မည်မျှလောက် တိုးတက်ခြင်းရှိခဲ့ပါသနည်း။

၇။ ငါသည် အကြံအစည်တစ်ခုကို အဆုံးတိုင် ဆောင်ရွက်သည့် ဇွဲသတ္တိ ရှိခဲ့ပါ၏လော။

၈။ ငါသည် လျင်မြန်စွာ ဆုံးဖြတ်ချက်ချနိုင်သော အစွမ်းသတ္တိရှိပါ၏လော။

၉။ ငါ၌ ရွံ့ကြောက်ခြင်း ခြောက်မျိုးအနက် မည်သည့် ရွံ့ကြောက်ခြင်းမျိုး ရှိခဲ့ပါသနည်း။

၁၀။ ငါသည် စိုးရိမ်ခြင်း များလွန်းသလော၊ နည်းလွန်းသလော။

၁၁။ အခြားသူတို့နှင့် ဆက်ဆံရာတွင် ချောမောညီညွတ်ခြင်း ရှိပါ၏လော၊ ချောမောညီညွတ်ခြင်း မရှိခဲ့လျှင် ငါ၏အပြစ်လုံးလုံး ဖြစ်သလော၊ တစ်စိတ်တစ်ဒေသမျှသာ ဖြစ်သလော။

၁၂။ ငါသည် အလုပ်တစ်ခုတည်းတွင် စူးစူးစိုက်စိုက် လုပ်ကိုင်ခဲ့ပါ၏လော၊ သို့မဟုတ် အာရုံများခဲ့သလော။

၁၃။ ငါသည် ပွင့်လင်းသောသဘောရှိ၍ သူတစ်ပါးတို့၏ ကွဲလွဲချက်များကို သည်းခံနိုင်ပါ၏လော။

၁၄။ အမှုထမ်းရာ၌ ငါ၏ အရည်အချင်းကို မည်သို့သော နည်းဖြင့် တိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့ပါသနည်း။

၁၅။ ငါ၌ လွန်ကျူးသော အလေ့အကျင့်မျိုး ရှိပါသလော။

၁၆။ ငါသည် ပလွှားသောစိတ်မျိုးရှိကြောင်းကို အထင်အရှားဖြစ်စေ၊ မထင်မရှားဖြစ်စေ ဖော်ပြမိပါသလော။

၁၇။ ငါသည် လုပ်ဖော်ကိုင်ဖက်များ၏ ကြည်ညိုရိုသေခြင်း ခံရလောက်အောင်ပြုမူပါ၏လော။

၁၈။ ငါ၏ ထင်မြင်ချက်များနှင့် ဆုံးဖြတ်ချက်များသည် မှန်းဆခြင်းအပေါ်၌ အခြေတည်ပါသလော၊ သို့တည်းမဟုတ် သေချာစွာ ပိုင်းခြားဝေဖန်ခြင်းနှင့် ဆင်ခြင်စဉ်းစားခြင်းတို့အပေါ်၌ အခြေတည်ပါသလော။

၁၉။ ငါ၏အချိန်ကိုလည်းကောင်း၊ အသုံးစရိတ်ကိုလည်းကောင်း၊ ဝင်ငွေကိုလည်းကောင်း တွက်ချက်တတ်သော အလေ့အကျင့်ရှိပါ၏လော။

၂၀။ အကျိုးရှိသော အလုပ်မျိုး၌ ကုန်သင့်သော အချိန်ကို အကျိုးမရှိသော အလုပ်မျိုး၌ ဘယ်မျှလောက် ဖြုန်းတီးမိလေသနည်း။

၂၁။ ရှေ့နှစ်အဖို့၌ တိုး၍ အလုပ်တွင်ကျယ်စေခြင်းငှာ ငါ၏ အချိန်ဖြုန်းတီးပုံ အလေ့အကျင့်များကို မည်ကဲ့သို့ ပြုပြင်ပြောင်းလဲနိုင်ပါသေးသနည်း။

၂၂။ ငါ၏စိတ်ထဲ၌ မကျေနပ်သော အပြုအမူမျိုးကို ပြုမိပါသလော။

၂၃။ ငါ့အား ပေးထားသောလခငွေထက် ပို၍တန်အောင် မည်သည့်နည်းဖြင့် ဆောင်ရွက်လုပ်ကိုင်ခဲ့ပါသနည်း။

၂၄။ ငါသည် မည်သူ့အား မည်သည့်နည်းဖြင့် မတရားသဖြင့်ပြုကျင့်ခဲ့မိလေသနည်း။

၂၅။ ငါလုပ်သောအလုပ်ကို ငါကိုယ်တိုင် အလုပ်ရှင်ဖြစ်ခဲ့လျှင် ကျေနပ်လောက်ပါ၏လော။

၂၆။ ငါသည် ငါနှင့်လျော်သော အလုပ်အကိုင်မျိုးတွင် လုပ်ကိုင်လျက် ရှိပါ၏လော။

၂၇။ အလုပ်ရှင်သည် ငါ၏အလုပ်ကို ကျေနပ်ခြင်း ရှိပါ၏လော၊ မကျေနပ်ခဲ့လျှင် ဘယ်အတွက် မကျေနပ်လေသနည်း။

၂၈။ ထမြောက် အောင်မြင်ရေး နည်းစနစ်များဖြင့် ငါ့ကိုယ်ကို စစ်ဆေးလိုက်သည့်အခါ ဘယ်သို့သော အခြေအနေ၌ ရှိပါသနည်း။ (ဤနေရာ၌ နီးရင်းသော မိတ်ဆွေတစ်ယောက်၏ အကူအညီဖြင့် မထောက်မညာ မှန်ကန်စွာစစ်ဆေး၍ တော်သည်၊ ညံ့သည်၊ အသင့်အတင့်ရှိသည် စသည်ဖြင့် ဆုံးဖြတ်ရမည်) မိမိကိုယ် မိမိစစ်တမ်းထုတ်ကြပါ။

**နိဂုံး**

(၁) ရွှက်စိမ်းစာပေက ပြန်လည်ထပ်မံထုတ်ဝေသော စာရေးဆရာကြီးရွှေဥဒေါင်း၏ အကြံညဏ်ဖြင့် ကြီးပွားရေးစာအုပ်ကို ကြီးပွားလိုသူတိုင်း ထပ်တလဲလဲဖတ်ရှုသင့်ပါသည်။

(၂) အပျင်းပြေ ခဏတစ်ဖြုတ် ဖတ်ရှုရမည့်စာအုပ် မဟုတ်ကြောင်းကိုမူ ကျွန်တော်က ထပ်လောင်းတင်ပြအစီရင်ခံအပ်ပါကြောင်း ....... ။

❑




## မန္တလေးတိုင်းဒေသကြီး စီးပွားရေးလုပ်ငန်းရှင်များအသင်း ဖွဲ့စည်း

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး စီးပွားရေးလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ် Oriental House ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "စီးပွားရေးလုပ်ငန်းရှင်အားလုံးသည် တိုင်းပြည်၏ အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်သည်ဟု ယုံကြည်ကြောင်း၊ လုပ်ငန်းများအပေါ်တွင် မှီခိုနေသူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းရှင်များတွင် တာဝန်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် တည်နေရာအခြေအနေ၊ သဘာဝအရင်းအမြစ်၊ လူသားအရင်းအမြစ်၊ ဆောင်ရွက်နိုင်သည့် အလားအလာများဖြင့် ရှိနေသည့်အပြင် လူသားအရင်းအမြစ်တွင် အခြားနိုင်ငံများနည်းတူ စွမ်းဆောင်နိုင်သည့် အရည်အသွေးများလည်း ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန်ဆိုသည့် ဦးတည်ချက်ဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကိုကိုထွေးက မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအသင်းအနေဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်အတွက် နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းရှင်များကို ပေါင်းကူးတံတားသဖွယ် လွယ်ကူလျင်မြန်စွာ ဆက်သွယ်နိုင်ရန်၊ စီးပွားရေးလုပ်ငန်းများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆက်သွယ်နိုင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းရှင်၏ လိုအပ်ချက်ကို အလွယ်တကူဖြည့်ဆည်းနိုင်ရန်၊ စီးပွားရေးလုပ်ငန်းတိုင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရန်အတွက် နည်းပညာ၊ နည်းစနစ်များ မှန်ကန်မြန်ဆန်စွာ ရရှိရန်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဦးဆောင်ဦးရွက်ပြုသည့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းလက်တွဲ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းကို တည်ထောင်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းကို ရန်ကုန်မြို့တွင် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့ပြီး ယခု မန္တလေးတိုင်းဒေသကြီးတွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ကျန်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်လည်း ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## စည်ပင်အခွန်အခများကို မိုဘိုင်းဖုန်းမှတစ်ဆင့် ပေးဆောင်နိုင်

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) သို့ ပေးဆောင်ရမည့် အခွန်အခများကို ရန်ကုန်မြို့တော်ဘဏ်၏ YCB Payment Gateway ကို အသုံးပြု၍ KBZ ဘဏ်၊ AYA ဘဏ်နှင့် CB ဘဏ်တို့မှ ကောက်ခံပေးသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်မှစ၍ မိုဘိုင်းဖုန်းမှတစ်ဆင့် အခွန်အခများကို ပေးဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဝန်ဆောင်မှုနှင့် ပတ်သက်၍ လုပ်ငန်းစတင်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့်တာဝန်ရှိသူများ၊ KBZ ဘဏ်၊ AYA ဘဏ်နှင့် CB ဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

"အခွန်ဟာ မြို့တော်ကြီးဖွံ့ဖြိုးဖို့အတွက် ဘတ်ဂျက်ရရှိရေးကဏ္ဍမှာ အရေးကြီးပါတယ်၊ ပြည်သူများက အခွန် ပေးဆောင်ရတဲ့အခါမှာ အလွယ်တကူ ပေးဆောင်လို့ရအောင် မြို့တော်စည်ပင်သာယာဘက်ကနေ ငွေပေးချေသည့်စနစ်တစ်ခုကို စတင်ဖို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

အဆိုပါဝန်ဆောင်မှုကို အသုံးပြုလိုပါက အထက်ပါဘဏ်များ၏ မိုဘိုင်း Banking ကို ဒေါင်းလုတ်ဆွဲပြီးအမည်နှင့် လျှို့ဝှက်နံပါတ် ရိုက်ထည့်ရကာ ရန်ကုန်မြို့တော် စည်ပင်သာယာ၏ အခွန်အခများကို ပေးဆောင်နိုင်ကြောင်း သိရသည်။

"ဝန်ဆောင်ခတွေလည်း မပေးရပါဘူး။ သူတို့ ပုံမှန်ပေးဆောင်ရမယ့် အခွန်ငွေပမာဏအတိုင်း ပေးဆောင်ရမှာပါ" ဟု ရေဝတီဘဏ်မှ ဌာနမှူး ဦးမျိုးဝင်းရီက ရှင်းပြသည်။

မိုဘိုင်းဖုန်းဖြင့် ငွေပေးချေသည့်စနစ် ဆောင်ရွက်ခြင်းဖြင့် မြို့တော်နေ ပြည်သူများမှ ပေးဆောင်ရမည့် အခွန်အခများကို မိမိတို့ကိုယ်တိုင် မိုဘိုင်းဖုန်းများမှတစ်ဆင့် လွယ်ကူစွာ ပေးဆောင်နိုင်ခြင်း၊ အချိန်ကာလ နေရာမရွေး ပေးသွင်းနိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးများ ရရှိမည့်အပြင် ယခင်က လိုက်လံကောက်ခံရသော ဝန်ထမ်းများလုပ်အား၊ ကောက်ခံရာတွင် သုံးစွဲရသည့်စရိတ်များလည်းသက်သာပြီး လူ့စွမ်းအားအရင်းအမြစ် အသုံးချမှုပါ သက်သာလာမည်ဖြစ်ပြီး ဘဏ္ဍာငွေသုံးစွဲမှုများ လျော့ကျလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်**



## လူကုန်ကူးမှုသည် လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်



**မော်လမြိုင် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မော်လမြိုင်မြို့ ရာမညဟိုတယ်၌ ကျင်းပသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက လူကုန်ကူးမှုပြဿနာဟာ လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုပဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး လူကုန်ကူးမှုတွေ ပပျောက်စေဖို့ ဘက်ပေါင်းစုံကနေ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မွန်ပြည်နယ်တွင် လူကုန်ကူးမှုငါးမှု၊ လူကုန်ကူးခံရသူ အမျိုးသမီး ရှစ်ဦး ရှိပါကြောင်း၊ ကျောင်းသားလူငယ်များအကြား လူကုန်ကူးမှုအန္တရာယ် အသိပညာများရရှိစေဖို့အတွက် အခြေခံပညာသင်ခန်းစာများမှာ ထည့်သွင်းပို့ချရုံသာမက အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များမှာလည်း လူကုန်ကူးမှုအန္တရာယ် အသိပညာများ ပြန့်ပွားစေဖို့အတွက် အဖွဲ့အစည်းအသီးသီးမှ ဆောင်ရွက်သွားကြဖို့ လိုအပ်မှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် ပန်းချီပြိုင်ပွဲတွင် အကဲဖြတ်ပန်းချီပညာရှင်များကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် မွန်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးတို့က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုအား ပြသပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဓာတ်ပုံပြခန်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ငွေကြေးခဝါချမှုဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် UNODC တို့ ပူးပေါင်းကျင်းပသည့် တရားသူကြီးများအတွက် ငွေကြေးခဝါချမှုဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ Hotel Magic Mandalay တွင် စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေမှာ ပြဋ္ဌာန်းထားသည့် နိုင်ငံတကာစံနှုန်းများ၏ သမိုင်းကြောင်းကို နားလည်သဘောပေါက်စေရန်နှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများတရားစွဲတင်ခြင်းနှင့် စစ်ဆေးစီရင်ခြင်းများကို လေ့လာသိရှိနိုင်ရန် ရည်မှန်းချက်ထားရှိကြောင်း၊ တက်ရောက်လာကြသည့် တရားသူကြီးများနှင့် တရားရေးအရာရှိများအနေဖြင့် ဂရုတစိုက် လေ့လာမှတ်သားကြရန်နှင့် တက်ကြွစွာ ပါဝင်ဆွေးနွေးပေးကြရန် ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများနှင့် တရားရေးအရာရှိများ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြပြီး ငွေကြေးခဝါချမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**



# မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၃**

၂၀၁၉ ခုနှစ် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ထိုပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဟု သတ်မှတ်ပြီး ၂၀၁၃ ခုနှစ်မှ စတင်ပြုလုပ်ခဲ့ရာ ယခုဆိုလျှင် သတ္တမအကြိမ်မြောက် ရောက်ရှိပြီဖြစ်ကြောင်း၊ လူကုန်ကူးမှုပြဿနာသည် လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာ ခေါင်းပုံဖြတ် အမြတ်ထုတ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုပင်ဖြစ်ကြောင်း၊ လူကုန်ကူးမှုများသည် ပုံသဏ္ဌာန်အမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိပြီး လူကုန်ကူးမှု၏ဒဏ်ကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ခံစားနေရကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် နိုင်ငံများတွင် လူကုန်ကူးမှု၏ ဆိုးကျိုးအား ပိုမိုခံစားရသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ၂၀၁၈ ခုနှစ် လူကုန်ကူးမှုအစီရင်ခံစာ ထုတ်ပြန်ချက်နှင့် တစ်ကမ္ဘာလုံးဆိုင်ရာအတိုင်းအတာများဖြင့် စိစစ်ဖော်ထုတ်ချက်များအရ လူကုန်ကူးခံရသူအရေအတွက် များပြားလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အစီရင်ခံစာ၏ ဒေသအလိုက် ဖော်ပြချက်များတွင် အရှေ့အာရှ၊ ပစိဖိတ်ဒေသ၌ မြန်မာနိုင်ငံအား ထည့်သွင်းဖော်ပြထားပြီး ဒေသတစ်ခု၏ လူကုန်ကူးခံရသူ အမျိုးအစားအားကြည့်မည်ဆိုလျှင် အမျိုးသား ၂၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၈ ရာခိုင်နှုန်း၊ ကလေးသူငယ် ယောကျ်ားလေး လေးရာခိုင်နှုန်း၊ မိန်းကလေး ၁၉ ရာခိုင်နှုန်းတို့အား ဖော်ပြထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လူကုန်ကူးမှုအမျိုးအစားများတွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု ၆၀ ရာခိုင်နှုန်း၊ လုပ်အားခေါင်းပုံဖြတ်မှု ၃၈ ရာခိုင်နှုန်း၊ အခြားလူကုန်ကူးမှု နှစ်ရာခိုင်နှုန်းဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

အရှေ့အာရှနှင့် အရှေ့တောင်အာရှဒေသများဖြစ်သည့် မြန်မာ၊ မွန်ဂိုလီးယား စသည့်နိုင်ငံများတွင် အမျိုးသမီးများ လူကုန်ကူးခံရမှုများနှင့်ပတ်သက်၍ စိစစ်ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အမျိုးသမီးများ လူကုန်ကူးမှုနှင့်ပတ်သက်၍ အများဆုံး တရားစီရင်ဆွဲဆိုချက်ပြုလုပ်ထားသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုဖြစ်ပွားစေသည့် ကိစ္စများမှာ စီးပွားရေး၊ သဘာဝဘေးအန္တရာယ်၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ စသည့်အခြေအနေများကြောင့်ဖြစ်ကြောင်း၊ ဒီအခြေအနေတွင် မြန်မာနိုင်ငံသားများအနေဖြင့် ပွဲစားများ၏ မက်လုံးပေးစည်းရုံးမှုများကြောင့် ပြည်ပနိုင်ငံအသီးသီးကို တရားဝင်သည့်နည်းဖြင့်ဖြစ်စေ၊ တရားမဝင်သည့်နည်းဖြင့်ဖြစ်စေ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေကြသော လူကုန်ကူးခံရသူများကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ဖြတ်ကျော်အလုပ်လုပ်ကိုင်နေကြသူများအနေဖြင့်လည်း တရားမဝင်သွားရောက်လုပ်ကိုင်နေကြရာမှ လူကုန်ကူးခံနေကြရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး လူကုန်ကူးမှုပပျောက်စေရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး (၅)နှစ်စီမံကိန်းကို ရေးဆွဲပြီး နှစ်အလိုက်လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ မူဝါဒများကို ကြိုးပမ်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေး၊ ကာကွယ်စောင့်ရှောက်ရေး စသည့်လုပ်ငန်းတာဝန်(၄)ရပ်ကို အင်တိုက်အားတိုက်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးကြိုးပမ်းအားထုတ်မှု ဗီဒီယိုမှတ်တမ်းကိုပြသပြီး ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးအထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများကို သက်ဆိုင်ရာ တာဝန်ရှိသူတို့က ဆုများကို ပေးအပ်ချီးမြှင့်သည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်၍ အဆိုပါအခမ်းအနားကို ကျင်းပခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ဆောင်ပုဒ်မှာ "လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်း တို့ကာကွယ်" ဖြစ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်နှင့် ရဲအရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**




# မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်သတင်းစာရှင်းလင်းပွဲနှင့် စာပေစကားဝိုင်း ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၃**

မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော် သတင်းစာရှင်းလင်းပွဲနှင့် စာပေစကားဝိုင်းကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံး ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် မိုးမိုး(အင်းလျား) ၇၅ နှစ် အထိမ်းအမှတ် စာပေနှင့်အနုပညာပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာမဒေါ်သန်းမြင့်အောင်၊ ဒုတိယဥက္ကဋ္ဌ ဆရာမ မနှင်းဖွေးနှင့် အတွင်းရေးမှူး ဆရာမမြကြာငုံ(ခ) ဒေါက်တာနီလာသိန်းတို့က မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်ကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ပွဲတော်တွင် မိုးမိုး(အင်းလျား) ဘဝနှင့် စာပေဓာတ်ပုံများနှင့်အတူ မြန်မာအမျိုးသမီး စာပေပညာရှင်များ၏ အတ္ထုပ္ပတ္တိနှင့် ဓာတ်ပုံများ ခင်းကျင်းပြသခြင်း၊ "မိုးမိုးအကြောင်း ပြောကြမယ်" စကားဝိုင်းနှင့်အတူ စာပေအနုပညာကဏ္ဍ အသီးသီးအတွက် စကားဝိုင်းများ ဝိုင်းဖွဲ့ဆွေးနွေးခြင်း၊ ရသစာပေမှ ကြိုက်နှစ်သက်ရာ စာအုပ်ကိုဖတ်ရှုပြီး ပြန်ပြောင်းပြောဆိုဆွေးနွေးသည့် လူငယ်ရသစာပေဖတ် ညွှန်းပြိုင်ပွဲများ ဖိတ်ခေါ်ကျင်းပခြင်း၊ စာပေအနုပညာနှင့် ပတ်သက်သည့် စာတမ်းများတင်သွင်းဖတ်ကြားခြင်း၊ ပန်းချီ၊ ကာတွန်း၊ ကဗျာကဏ္ဍအသီးသီးအတွက် ကဗျာရွတ်ဆိုခြင်း၊ ပန်းချီလက်တွေ့ရေးဆွဲခြင်း၊ ကာတွန်းပုံများပြသခြင်း၊ ပုံတူရုပ်ပြောင်များ ရေးဆွဲပေးခြင်း၊ စာပေအနုပညာရှင်များမှ တင်ဆက်သည့်တစ်ခန်းရပ်ပြဇာတ်နှင့် သီဆိုဖျော်ဖြေမှု တစ်ညနေခင်းစာတင်ဆက်ခြင်း၊ လူငယ်စာပေအနုပညာဝါသနာရှင် မျိုးဆက်သစ်များမှ စာပေအနုပညာကဏ္ဍ အသီးသီးပါဝင်တင်ဆက်ခြင်း၊ အမှတ်တရစာအုပ် ထုတ်ဝေခြင်းနှင့် စာအုပ်ဈေးရောင်းပွဲများ ပါဝင်မည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

မွန်းလွဲပိုင်းတွင် စာပေစကားဝိုင်းကိုဆက်လက်ကျင်းပရာ moderator အဖြစ် ဆရာနေဇော်နိုင်က ဆောင်ရွက်ပြီး ဆရာမောင်သာချို၊ ဆရာမဝါဝါထင်လင်းနှင့် ဆရာမမိုးမိုး(အင်းလျား)၏သမီး ဆရာမ သွယ်သွယ်မျိုးညွှန့်တို့က ဆရာမမိုးမိုး(အင်းလျား)၏ စာပေဖြတ်သန်းမှုအကြောင်းများကို ဟောပြောဆွေးနွေးကြသည်။

ဆရာမောင်သာချိုက "မိုးမိုး(အင်းလျား)ရဲ့ စာပေအနုပညာ စွမ်းရည် ဝတ္ထုတို၊ ဝတ္ထုရှည်တွေ ရေးတဲ့ သူ့ရဲ့စွမ်းရည်အတတ်ပညာတွေ၊ စာပေအရေးအသား ဘယ်လောက်ကောင်းတယ်ဆိုတာတွေ သူ့ဝတ္ထုတွေက ပြည်သူလူထုဘဝ၊ မြန်မာနိုင်ငံထဲမှာရှိနေတဲ့ လူပေါင်းစုံဘဝတွေကို စုံစုံလင်လင်ရေးနိုင်တဲ့အတွက် အင်မတန်လေးစားစရာကောင်းတဲ့ စာရေးဆရာမကြီးတစ်ယောက်ဖြစ်တယ်ဆိုတာ ဟောပြောခဲ့ပါတယ်" ဟု ပြောသည်။

ဆရာမမိုးမိုး(အင်းလျား)၏ သမီး ဆရာမ သွယ်သွယ်မျိုးညွှန့်က "မေမေနဲ့ပတ်သက်ပြီး အမှတ်တရတွေကတော့ အများကြီးရှိပါတယ်။ မေမေဆုံးတော့ ငယ်လည်းငယ်သေးတယ်။ မေမေ ကိုယ့်အပေါ်ထိန်းကျောင်းခဲ့တဲ့ အမှတ်တရလေးတွေ၊ သားအမိကြားက အမှတ်တရလေးတွေကတော့ အများကြီးရှိခဲ့ပါတယ်။ ဒီနေ့အခမ်းအနားမှာ မေမေရေးခဲ့တဲ့ စာတွေနဲ့ပတ်သက်ပြီး စာရေးဆရာ ဆရာမတွေက သူတို့ဖတ်ထားခဲ့တဲ့ အမှတ်တရတွေ၊ တွေ့ကြုံခဲ့တဲ့အမှတ်တရလေးတွေပြောကြားကြပါတယ်" ဟု ပြောသည်။

စာရေးဆရာမမိုးမိုး(အင်းလျား)ကို ၁၉၄၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် မွေးဖွားခဲ့ပြီး ယခုလာမည့် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့တွင် ဆရာမအသက်ထင်ရှားရှိမည်ဆိုပါက အသက် ၇၅ နှစ်ပြည့် မွေးနေ့ဖြစ်သည်။ ဆရာမကွယ်လွန်သွားခဲ့သည်မှာ ၂၀၁၉ ခုနှစ် မတ် ၁၃ ရက်တွင် ၂၉ နှစ်ရှိခဲ့ပြီးဖြစ်သည်။ ဆရာမမိုးမိုး(အင်းလျား)သည် လုံးချင်းဝတ္ထု ၂၆ အုပ်နှင့် ဝတ္ထုတိုများ၊ မဂ္ဂဇင်းဝတ္ထုရှည်များ ရေးသားခဲ့ပြီး အမျိုးသားစာပေဆု လေးကြိမ်တိုင်တိုင် ရရှိခဲ့ကြောင်း၊ ဆရာမ၏ဝတ္ထုများထဲတွင် "ပျောက်သောလမ်းမှာ စမ်းတဝါး"၊ "ညီမလေးကအချစ်ကို ကိုးကွယ်သတဲ့လား"၊ "မသုဓမ္မစာရီ"၊ "ငြိမ်းကို ရှက်ပါ"၊ "မှတစ်ပါးအခြားမရှိပြီ"၊ "ရွှေတိဂုံကို မြင်လျှင်" တို့သည် ထင်ရှားသည့်ဝတ္ထုများဖြစ်ပြီး ဆရာမ၏ ဝတ္ထုများကို ရုရှား၊ ဂျပန်၊ အင်္ဂလိပ်ဘာသာတို့သို့ ပြန်ဆိုခဲ့ကြပြီး ဗီဒီယိုနှင့် ရုပ်ရှင်များလည်း ရိုက်ကူးခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ မင်းသစ်(MNA)**






## မြန်မာ-တရုတ် ချစ်ကြည်ရေးပျော်ပွဲရွှင်ပွဲ တရုတ်လမုန့်ပွဲတော်ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၃**
တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီး အသံနှင့် ရုပ်မြင်သံကြားဌာန မြောက်ပင်လယ်ကွေ့အသံလွှင့်ဌာနနှင့် ဖူကျင့်နိုင်ငံတကာဘာသာစကားစင်တာတို့ ပူးပေါင်းပြုလုပ်သော ၂၀၁၉ ခုနှစ် တရုတ်လမုန့်ပွဲတော် တရုတ်-မြန်မာချစ်ကြည်ရေး ပျော်ပွဲရွှင်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြား ဖူကျင့်နိုင်ငံတကာဘာသာစကားစင်တာခန်းမတွင် ကျင်းပသည်။

ကွမ်ရှီး အသံနှင့်ရုပ်မြင်သံကြားဌာန မြောက်ပင်လယ်ကွေ့အသံလွှင့်ဌာနမှ ဒါရိုက်တာမစ္စဝိန်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေး ဖူကျင့်နိုင်ငံတကာဘာသာစကားစင်တာမှ ကျောင်းအုပ်ကြီး ဒေါက်တာထွန်းနိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

မန္တလေးမြို့ရုံးစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ဒုတိယကောင်စစ်ဝန်ချုပ် မစ္စလီက မြန်မာ-တရုတ်ချစ်ကြည်ရေး တရုတ်လမုန့်ပွဲတော်အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကျင်းပရခြင်းကိုလည်းကောင်း၊ မြန်မာ -တရုတ်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးညိုဝင်းနှင့် ဖူကျင့်နိုင်ငံတကာဘာသာစကားစင်တာနာယက ဦးဖြိုးဝင်းတို့က ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ကွမ်းရှီး အသံနှင့် ရုပ်မြင်သံကြားဌာန ဒါရိုက်တာမစ္စဝိန်က ဖူကျင့်နိုင်ငံတကာဘာသာစကားစင်တာမှ တာဝန်ရှိသူများအား လမုန့်များ ပေးအပ်သည်။




လမုန့်ပွဲတော်ကို 'တူညီသောလမင်း တူညီသောစိတ်ကောင်းစေတနာ' ဟူသော ဦးတည်ချက်ဖြင့် ကျင်းပရာ တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများက မြန်မာ-တရုတ်ချစ်ကြည်ရေး ယဉ်ကျေးမှုရိုးရာအကများ၊ သာယာလှပသော တရုတ်နိုင်ငံ၊ သာယာလှပသော ကွမ်ရှီးခေါင်းစဉ်ဖြင့် အမေးအဖြေပြုလုပ်၍ ဆုများပေးအပ်ပြီး လမုန့်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြသည်။

**မောင်ပြည်သူ (မန္တလေး)**

## (၁၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆို



**ကသာ**
ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းရွှေ ဦးစီး၍ စက်တင်ဘာ ၉ ရက်က ကသာမြို့ မင်းပြည်သူ့ဘိုးဘွားရိပ်သာအတွင်း၌လည်းကောင်း၊ အင်းတော်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌လည်းကောင်း၊ ထီးချိုင့်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌လည်းကောင်း၊ ဗန်းမောက်မြို့ သံဃာ့ဆေးရုံအတွင်း၌လည်းကောင်း၊ ဝန်းသိုမြို့ အနန္တဇိနမဟာအတုလစေတီတော်ဝင်းအတွင်း၌လည်းကောင်း၊ ဝါးရုံတုံးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌လည်းကောင်း၊ ပင်လည်ဘူးမြို့ ဆေးရုံဝင်းအတွင်း၌လည်းကောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများ ဦးဆောင်၍ ချုံနွယ်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများဆယ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **လူအောင်(ကသာ)**

**ဇီးကုန်း**
ဇီးကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းနှင့် ဒု-ရဲမှူးခင်မောင်ကျော်တို့ ကြီးကြပ်မှုဖြင့် ဇီးကုန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် သွေးလိုအပ်နေသော လူနာများအတွက် ရဲတပ်ဖွဲ့ဝင် ၁၀ ဦး သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**တင့်ဆွေ(ဇီးကုန်း)**

## အများပြည်သူ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ စစ်ဆေး

**လေးမျက်နှာ စက်တင်ဘာ ၁၃**
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ခတ္တူဈေးအတွင်း အများပြည်သူစားသုံးရန်မသင့်သော အန္တရာယ်ရှိ စားသောက်ကုန်များ ရောင်းချမှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လင်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက ဈေးအတွင်း ရောင်းချနေသော ကုန်စုံဆိုင်များတွင် ကုန်စည်များ၊ စားသုံးသူပြည်သူများအတွက် လုံခြုံစိတ်ချရမှု ရှိ-မရှိ၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှုရှိ-မရှိတို့ကို စစ်ဆေးခဲ့ကြပြီး ထုတ်လုပ်ရောင်းချသူ ဥပဒေများ၊ စားသုံးသူအခွင့်အရေးဥပဒေများကို ဆွေးနွေးပြောကြားခဲ့ကြသည်။

မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး လေးမျက်နှာမြို့နယ်အတွင်းရှိ စာသုံးသူအကာအကွယ်ပေးရေးအတွက် ဈေးများ၊ ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များ၊ ကျောင်းဈေးဆိုင်များကို စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အန္တရာယ်ရှိ စားသောက်ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှု မရှိစေရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဓာတုဆိုးဆေး ကင်းလွတ်သည့် အစားအသောက်များ ရောင်းချနိုင်ရေးနှင့် ပညာပေးဆွေးနွေးခြင်းများကို လစဉ်ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လင်းအောင်က ပြောသည်။

**ရွှေမိုး**
**လေးမျက်နှာ (ပြန်/ဆက်)**

## စားသောက်ကုန်များ၊ ဆေးဝါးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများစစ်ဆေး

**ထားဝယ် စက်တင်ဘာ ၁၃**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါ်မေသန်းနိုင် ဦးဆောင်သောအဖွဲ့သည် အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် စက်တင်ဘာ ၁၂ ရက် နံနက် ၇ နာရီက ထားဝယ်မြို့စည်ပင်သာယာဈေးကြီးနှင့် မင်္ဂလာဈေးအတွင်းရှိ စားသောက်ကုန်များ၊ ဆေးဝါးပစ္စည်းများနှင့် အလှကုန် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရွေ့လျားဓာတ်ခွဲယာဉ်ပေါ်တွင်ပါရှိသော test kits များဖြင့် နမူနာဝယ်ယူခဲ့သည့် မုန့်ဖတ်၊ ဝက်အူချောင်း၊ ပဲပြား၊ ရှမ်းချဉ်၊ ကွမ်းသီးစိတ်၊ ပဲပင်ပေါက်များကို ဓာတ်ခွဲစစ်ဆေးခဲ့ကြောင်း သိရသည်။ **ထားဝယ်ခရိုင် (ပြန်/ဆက်)**

## မကွေးတွင် စားသောက်ကုန်လုံခြုံစိတ်ချရေး ဆောင်ရွက်မည်

**မကွေး စက်တင်ဘာ ၁၃**
မကွေးတိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများအား လုံလောက်သောအကာအကွယ်များပေးနိုင်ရန် စားသောက်ကုန်လုံခြုံစိတ်ချရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA မကွေးတိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာပြည့်ထူးထံမှ သိရသည်။

"လူထုနဲ့အထိစပ်ဆုံး အရေးကြီးဆုံး အချက်အချာအကျဆုံးနေရာတွေဖြစ်တဲ့ ဈေးတွေ၊ ကျောင်းမုန့်ဈေးတန်းတွေမှာ ဈေးကွက်ထောက်လှမ်းစစ်ဆေးအရေးယူတာတွေကို လုပ်သွားမယ်။ ဈေးကွက်မတိုင်မီ စစ်ဆေးခြင်းလုပ်ငန်းစဉ်အနေနဲ့ စက်ရုံတွေ၊ အစားအသောက် ထုတ်လုပ်တဲ့နေရာတွေကို FDA နဲ့ ဆက်စပ်နီးနွှယ်တဲ့ ဌာနတွေပူးပေါင်းပြီး စစ်ဆေးမှုတွေ ပိုလုပ်သွားဖို့ရှိပါတယ်" ဟု FDA မကွေးတိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာပြည့်ထူးက ပြောသည်။

ထို့အပြင် ရောင်းချသူ၊ ထုတ်လုပ်သူများ လုပ်ငန်းစဉ်တွင် အကျိုးအမြတ်အပေါ် အားစိုက်လုပ်ဆောင်သည့်အခြေအနေမှ စားသုံးသူကို မျက်နှာမူသည့် အခြေအနေသို့ပြောင်းလဲနိုင်ရေးအတွက် ဟောပြောပွဲနှင့် သင်တန်းများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒေါက်တာပြည့်ထူးက ဆက်လက်ပြောကြားသည်။ **ဇေယျာတု(မကွေး)**



### တိုတိုထွာထွာဖတ်စရာ

## မြန်မာ့ရိုးရာလောင်းလှေဖိတ်ခေါ်ပြိုင်ပွဲကျင်းပမည်

**မင်းကင်း**
စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့ ရွှေစကားဘုရားပွဲတော်တွင် မြန်မာ့ရိုးရာ လောင်းလှေဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေစကားဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝင်းထံမှ သိရသည်။

လောင်းလှေပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်မှစတင်၍ ၂၀ ရက်အထိ ချင်းတွင်းမြစ်အတွင်း ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ပေးအပ်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် လောင်းလှေအသေးတစ်စင်းလျှင် လူ ၂၀၊ လောင်းလှေအကြီးတစ်စင်းလျှင် လူ ၃၀ ဖြင့် လှော်ခတ်ရန် သတ်မှတ်ထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

## ကွန်ကရစ်လမ်းအား ကွင်းဆင်းစစ်ဆေး

**ပန်းတောင်း**
ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ချောစုဇံနှင့် တာဝန်ရှိသူများသည် ပန်းတောင်းမြို့နယ် ရွှေဘုံသာကျေးရွာ၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေထဲမှ ၅၀ ရာခိုင်နှုန်းဖြင့်ဆောင်ရွက်သည့် ကွန်ကရစ်လမ်းကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါလမ်းမှာ အရှည်ပေ ၃၃၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မ ဖြစ်ကြောင်း သိရသည်။ **သူရိန်ထွန်း(ပဲခူး)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ဂန့်ဂေါ**
ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပသည်။

ဟံသာဝတီကျေးရွာအတွက် ၂၇၁ ကတ်၊ မြောက်ခင်ရန်းကျေးရွာအတွက် ၉၉ ကတ်၊ ရွှေဘိုကျေးရွာအတွက် ၅၄ ကတ်၊ သင်တောကျေးရွာအတွက် ၂၈ ကတ်၊ ရေရှင်ကျေးရွာအတွက် ၅၅ ကတ်၊ ရဲလှကျေးရွာအတွက် ၃၇ ကတ်၊ ရေရှင်မကျေးရွာအတွက် ၇၇ ကတ်၊ ထယ်လှော်ကျေးရွာအတွက် ၄၂ ကတ်၊ ပြစ်မကျေးရွာအတွက် ၇၈ ကတ်၊ ခေါက်ခူကျေးရွာအတွက် ၂၆ ကတ်တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်က သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိန်ကျော်**

# နေမာကို ပြန်လည်ခေါ်ယူဖို့ ဆန္ဒရှိနေဟု ဘာစီလိုနာအသင်းတိုက်စစ်မှူး မက်ဆီ ပြောကြား



တိုက်စစ်မှူးမက်ဆီဟာ အသင်းရဲ့ ကစားဖော်ဟောင်းတစ်ဦးဖြစ်တဲ့ တိုက်စစ်မှူးနေမာကို ဘာစီလိုနာအသင်းအနေနဲ့ ပြန်လည်စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူးနေမာဟာ ၂၀၁၇ ခုနှစ်အတွင်းက ဘာစီလိုနာအသင်းကနေ ပီအက်စ်ဂျီအသင်းကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးယူရို ၂၂၂ သန်း(ပေါင်သန်း ၂၀၀)နဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးနေမာဟာ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ ဘာစီလိုနာအသင်းမှာ ကစားခဲ့ပြီး ဘာစီလိုနာအသင်းနဲ့အတူ ၁၈၆ ပွဲအထိ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၁၀၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိ ဘာစီလိုနာအသင်းမှာ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးမက်ဆီဟာလည်း ၂၀၀၁ ခုနှစ်မှာ ဘာစီလိုနာအသင်းကိုရောက်ရှိလာတာဖြစ်ပြီး လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၁ ခုနှစ်မှာ ကုန်ဆုံးမှာလည်း ဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းကလည်း တိုက်စစ်မှူးနေမာကို ရောင်းချပြီး မန်ယူအသင်း ကွင်းလယ်ကစားသမား ပေါ့ဘာကို ခေါ်ယူဖို့ပြင်ဆင်နေတာဖြစ်ပြီး လက်ရှိမှာ တိုက်စစ်မှူးနေမာကို ရောင်းချပြီးမှသာ ပေါ့ဘာကို ခေါ်ယူနိုင်မယ်လို့လည်း ဆိုပါတယ်။

# မန်ယူအသင်းက လက်စတာစီးတီးကွင်းလယ်ကစားသမား မက်ဒီဆင်အား ခေါ်ယူရန်စိတ်ဝင်စားနေ



မန်ယူအသင်းဟာ လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ လက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ဂျိမ်းစ်မက်ဒီဆင်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေပါတယ်။ မန်ယူအသင်းအနေနဲ့ မက်ဒီဆင်ကို စိတ်ဝင်စားကြောင်း ပြီးခဲ့တဲ့ဇွန်လအတွင်းကတည်းက သတင်းများထွက်ပေါ်လာခဲ့ပြီး လက်စတာစီးတီးအသင်းမှာလည်း အကောင်းဆုံးစွမ်းဆောင်ရည်တွေကို ပြသနိုင်ခဲ့တာကြောင့် အခုလို မန်ယူအသင်းက ခေါ်ယူဖို့ပစ်မှတ်ထားလာခဲ့တာဖြစ်ပါတယ်။

မက်ဒီဆင်ဟာ လက်ရှိကလပ် လက်စတာစီးတီးအသင်းနဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၃ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပြီး လက်စတာစီးတီးအသင်းမှာ ပျော်ရွှင်မှုရှိနေတယ်လို့လည်း ဆိုပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်ကလပ်အသင်းတွေထဲမှာ မန်ယူအသင်းအပြင် ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ကလည်း ခေါ်ယူဖို့စိတ်ဝင်စားနေတယ်လို့ဆိုပါတယ်။

မန်ယူအသင်းနည်းပြဆိုးရှားကတော့ စပါးအသင်းက ကွင်းလယ်ကစားသမား အဲရစ်ဆင်ကို ခေါ်ယူဖို့ပြင်ဆင်နေတဲ့အပြင် လက်စတာစီးတီးအသင်းကွင်းလယ်ကစားသမား မက်ဒီဆင်ကိုလည်း အိုးထရက်ဖို့ဒ်အရောက်ခေါ်ယူဖို့ ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။

အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်ကလည်း အခုလအတွင်းကစားရတဲ့ ယူရိုခြေစစ်ပွဲတွေဖြစ်တဲ့ ဘူလ်ဂေးရီးယားအသင်း၊ ကိုဆိုဗိုအသင်းတို့နဲ့ ပွဲစဉ်တွေအတွက် မက်ဒီဆင်ကို ထည့်သွင်းလာခဲ့ပြီး မန်ယူအသင်းရဲ့ အဓိကကစားသမားတွေဖြစ်တဲ့ ရက်ရှ်ဖို့ဒ်နဲ့ လင်းဂတ်တို့လည်း အင်္ဂလန်အသင်းမှာ ပါဝင်လာခဲ့တာဖြစ်ပါတယ်။ မက်ဒီဆင်ဟာ ပြီးခဲ့တဲ့နှစ်က ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ နဲ့ နော့ဝှစ်ချ်အသင်းကနေ လက်စတာစီးတီးအသင်းကို ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်- ရေးသားသည်

## အနုပညာ

# မွေးနေ့အတွက် ပရိသတ်တွေကို ကျေးဇူးတင်လိုက်တဲ့ RM

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ RM က သူ့ရဲ့မွေးနေ့အပြီးမှာ ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း လက်ရေးနဲ့ ရေးသားဖော်ပြခဲ့တဲ့ စာတစ်စောင်အတွင်း ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၁၁ ရက်မှာ RM ဟာ ၂၅ နှစ်ပြည့်ခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့မွေးနေ့ပွဲအတွက် ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း စက်တင်ဘာ ၁၂ ရက်မှာ RM က သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာ တွစ်တာပေါ်မှာ လက်ရေးနဲ့ရေးသားဖော်ပြခဲ့တဲ့ စာတစ်စောင်အတွင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။ ဒ့ါအပြင် RM က သူ့ရဲ့ မွေးနေ့မှာ မိဘတွေကို ကျေးဇူးတင်ရှိကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။



RM ရဲ့မွေးနေ့မှာ ဒေသတွင်းက ပရိသတ်တွေသာမက ကမ္ဘာတစ်ဝန်းက ပရိသတ်တွေကပါ မွေးနေ့အမှတ်တရတွေ ပြုလုပ်ပေးခဲ့ကြပါတယ်။ မွေးနေ့ဆုတောင်းစကားတွေကို လူမှုကွန်ရက်စာမျက်နှာတွေပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြသလို လှူဒါန်းမှုတွေလည်း ပြုလုပ်ပေးခဲ့ကြကြောင်း သိရပါတယ်။ တောင်ကိုရီးယားနဲ့ ဖိလစ်ပိုင်က ပရိသတ်တွေက သစ်ပင်စိုက်တဲ့အဖွဲ့အစည်းတွေကို စတင်ဖွဲ့စည်းခဲ့ကြတယ်လို့လည်း သိရပါတယ်။

စက်တင်ဘာ ၁၂ ရက် ညက နယူးယောက်တွင် ပြုလုပ်ခဲ့သည့် ရီဟားနား တည်ထောင်ခဲ့သော "Clara Lionel" ဖောင်ဒေးရှင်း ငါးနှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်လာသည့် ရီဟားနား။



# "Charlie's Angels" တေးဗီဒီယို စတင်ထုတ်လွှင့်



ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ် မကြာသေးမီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် စတင်မိတ်ဆက်ပေးခဲ့တဲ့ "Don’t call me angel" တေးဗီဒီယိုကို လတ်တလောမှာ စတင်ထုတ်လွှင့်ပေးခဲ့ပြီ ဖြစ်ပါတယ်။ ဒီတေးဗီဒီယိုဟာ တစ်ချိန်က အောင်မြင်ခဲ့တဲ့ တိုက်ခိုက်ရေးရုပ်ရှင် " Charlie's Angels"ကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားတဲ့ ရုပ်ရှင်မှာပါဝင်တဲ့ ဇာတ်ဝင်တေးတစ်ပုဒ်ဖြစ်ပါတယ်။

ဒီဇာတ်ဝင်တေးအတွက် တေးဗီဒီယိုကို ပြီးခဲ့တဲ့ စက်တင်ဘာ ၁၃ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့တာပါ။"Don’t call me angel"မှာ အရီရန်နာဂရန်းဒ်၊ မိုင်လီဆိုင်းရပ်စ်နဲ့ လာနာဒယ်ရေးတို့ တွဲဖက်သီဆိုထားတာဖြစ်ပါတယ်။ ဒီတေးဗီဒီယိုမှာ ပေ့ါပ်ကြယ်ပွင့်တွေဟာ ကျော်ကြားတဲ့ ဖက်ရှင်ပြပွဲတစ်ခုဖြစ်တဲ့ ဗစ်တိုးရီးယားစီးကရက်ထ်ဖက်ရှင်ပြပွဲမှာ မော်ဒယ်တွေ ဝတ်ဆင်လျှောက်လှမ်းလေ့ရှိတဲ့ နတ်သမီးတောင်ပံတွေကို ဝတ်ဆင်ထားတာကိုလည်း တွေ့ရပါတယ်။ နတ်သမီးတောင်ပံ အနက်ရောင်တွေနဲ့အတူ အနက်ရောင်ဝတ်စုံတွေကို သုံးဦးစလုံး ဝတ်ဆင်ထားတာကိုလည်း တွေ့ရပါတယ်။

"Charlie's Angels"ရုပ်ရှင်ရဲ့အစမ်းရုပ်ရှင်ကို ပြီးခဲ့တဲ့ သုံးလခန့်က ထုတ်လွှင့်ပေးခဲ့ပြီး ဒီရုပ်ရှင်ကိုတော့ လာမယ့် နိုဝင်ဘာ ၁၅ ရက်မှာ စတင်ပြသသွားမှာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အေးပြည့်- ရေးသားသည်



## ရှင်သာမဏေအပါး ၁၀၀၀ တို့အား ပစ္စည်းလေးပါး စုပေါင်းလောင်းလှူ

**တောင်ငူ စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၂၄ ကျောင်းမှ ရှင်သာမဏေအပါး ၁၀၀၀ တို့အား မတည်အလှူရှင် ဦးဇင်ကိုဝင်း-ဇနီး ဒေါ်ကေသွယ်ဝင်း (ရွှေဥဒေါင်းဆေးပေါ့လိပ်မိသားစု)နှင့် အလှူရှင်များက နေ့ဆွမ်းဆက်ကပ်ပြီး ဒုတိယအကြိမ်မြောက် သံဃာ့ဒါန ပစ္စည်းလေးပါး စုပေါင်းလောင်းလှူပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက တောင်ငူမြို့သာသနဟိတကာရီဗိမာန်တော်ကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

## နိုင်ငံခြားသားခရီးသွားဧည့်သည်များ တာချီလိတ်နယ်စပ်မှ တစ်ပတ်အတွင်း ၂၅၇၈၃ ဦး ဝင်ရောက်

**တာချီလိတ် စက်တင်ဘာ ၁၃**

တာချီလိတ် နယ်စပ်ဝင်ပေါက်မှ တစ်ဆင့် နိုင်ငံခြားသားခရီးသွား ဧည့်သည်များ နေ့စဉ်ဝင်ရောက် လည်ပတ်လျက်ရှိရာ စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံသားအများစုပါဝင်သည့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွား ဧည့်သည် နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်အဖြစ် စုစုပေါင်း ၂၅၇၈၃ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စာရင်းများအရ သိရသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်း ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် အထင်ကရနေရာများ၊ တိုင်းရင်းသားများ၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ လူနေမှုဘဝပုံစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာသိမြင် ခံစားနိုင်စေရန်ဝင်ရောက်လျက်ရှိရာ တစ်ပတ်အတွင်း တာချီလိတ် နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၂၄၅၁၉ ဦး၊ တတိယနိုင်ငံသား (နိုင်ငံခြားသား) ၄၁၆ ဦး၊ တာလေ-လန့်တောင်းဘုရားသို့ ထိုင်းနိုင်ငံသား ၂၂ ဦး၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်နှင့် ကျိုင်းတုံမြို့သို့ ထိုင်းနိုင်ငံသား အများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၄၇ ဦး၊ ပြည်တွင်းခရီးစဉ်သို့ နိုင်ငံခြားသား ခရီးသွားဧည့်သည် ၇၇၉ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။

တာချီလိတ် နယ်စပ်ဝင်ပေါက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ နေ့ချင်းပြန်နှင့် ညအိပ်ခရီးသည် ထိုင်းနိုင်ငံသား ၈၀၁၁၃၈ ဦး၊ တတိယနိုင်ငံသား (နိုင်ငံခြားသား) ၁၀၇၉၅ ဦး၊ လန့်တောင်းဘုရားသို့ နေ့ချင်းပြန် ထိုင်းနိုင်ငံသား ၂၈၇ ဦး၊ မိုင်းဖုန်း နေ့ချင်းပြန်ခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသား ၁၁၃ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်တွင် ၇၈၈၅ ဦး၊ ဗီဇာ (ဗီဇာကင်းလွတ်ခွင့်)ဖြင့် ပြည်တွင်းခရီးစဉ်သို့ ၄၄၄၄၃ ဦး စုစုပေါင်း နိုင်ငံခြားသား ခရီးသွားဧည့်သည် ၈၆၄၆၆၁ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**




## တိုတိုထွာထွာဖတ်စရာ

### လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**မြဝတီ**

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပရာ တက်ရောက်လာသူများက လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းမှု မှတ်တမ်းဓာတ်ပုံများ၊ အသိပညာပေးနံရံကပ် စာစောင်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

**မုံရွာ**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်ဇော်မိုးနိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးခေါင်းစဉ်ဖြင့် ဟောပြောပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဝင်းဦး(ဧေယျာတိုင်း)**

### မြန်မာရွှေ့ပြောင်းအလုပ်သမားများ လက်ခံ

**ကော့သောင်း**

ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများက မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၇၄ ဦး၊ အမျိုးသမီး ၁၈ ဦးအပါအဝင် စုစုပေါင်း အလုပ်သမား ၉၂ ဦးကို စက်တင်ဘာ ၁၁ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ကော့သောင်းနယ်စပ်ဂိတ်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ကော့သောင်းခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက ကြိုဆိုလက်ခံကြကာ ပြည်သူ့ကျန်းမာရေးဌာနမှ လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

### ဂန့်ဂေါမြို့ ရွက်နုလမ်းနှင့် ကမ်းနားလမ်းပြုပြင်

**ဂန့်ဂေါ**

ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်တွင် ရွက်နုလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ ကမ်းနားလမ်း ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်းကိုလည်းကောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည်။

ရွက်နုလမ်းတွင် အလျားပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မရှိ ကွန်ကရစ်ခင်းခြင်းကို ခွင့်ပြုငွေကျပ် သိန်း ၁၂၀ ဖြင့်လည်းကောင်း၊ ကမ်းနားလမ်းတွင် အလျားပေ ၁၃၂၀၊ အကျယ် ၁၂ ပေ၊ ဒု ၃ လက်မရှိ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၁၄၈ သိန်းဖြင့်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်၍ လုပ်ငန်းဆောင်ရွက်ရာသို့ စက်တင်ဘာ ၁၂ ရက်က လမ်းကော်မတီဝင်များ ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးကြကြောင်း သိရသည်။ **စိန်ကျော်**

## ပဲခူးမြို့တွင် ကယ်ဆယ်ရေးစခန်း ၂၃ ခုဖွင့်လှစ်

**ပဲခူး စက်တင်ဘာ ၁၃**

ပဲခူးမြစ်ရေသည် စက်တင်ဘာ ၁၃ ရက် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ၉၁၅ စင်တီမီတာ စိုးရိမ်ရေမှတ်အထက်ရောက်ရှိနေပြီး မြစ်ရေများလျှံတက်ကာ ပဲခူးမြို့ပေါ်ရပ်ကွက်များဖြစ်သော ကျွန်းသာယာရပ်ကွက်၊ မဇင်းရပ်ကွက်၊ ရွှေသာလျောင်းဘုရားလမ်း၊ မဇင်း(၁)လမ်းထိပ်တို့တွင် ရန်ကုန်-မန္တလေး ကားလမ်းပေါ် ရေကျော်လျက်ရှိကြောင်း သိရသည်။

ကားလမ်းများရေကျော်နေသည့်အတွက် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်ထိန်းတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပရဟိတလူမှုရေးအဖွဲ့များက ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပြီး ရေဝင်နစ်မြုပ်လျက်ရှိသည့် ဒေသခံပြည်သူများအား ဇိုင်ကနိုင်းတောင်ပိုင်းရပ်ကွက်၌ ကယ်ဆယ်ရေးစခန်း သုံးခု၊ ကျွန်းသာယာရပ်ကွက်တွင် ကယ်ဆယ်ရေးစခန်း ခြောက်ခု၊ ကလျာနီရပ်ကွက်တွင် နှစ်ခု၊ ရွာသစ်ရပ်ကွက်တွင် တစ်ခု၊ မဇင်းရပ်ကွက်တွင် လေးခု၊ အခြားသောရပ်ကွက်တို့တွင် ခုနစ်ခု စုစုပေါင်း ကယ်ဆယ်ရေးစခန်း ၂၃ ခုဖွင့်လှစ်ထားပြီး အိမ်ထောင်စု ၂၈၃၇ စု၊ လူဦးရေ ၁၃၈၃၅ ဦးတို့အား တာဝန်ရှိသူများက စားသောက်ရန်နှင့်သောက်သုံးရေ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီးလူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျက တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် အမွေပြည့်တန်ဆာခိုင်းစေမှု နှစ်မှု၊ ပြည်ပ အလုပ်အကိုင်ဆိုင်ရာဥပဒေ နှစ်မှု၊ ရာဇသတ်ကြီးဥပဒေအရ(လူမှောင်ခို)တစ်မှု ဖွင့်လှစ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို နိုင်ငံသားအားလုံးက စုပေါင်းအားဖြင့် ဝိုင်းဝန်းပူးပေါင်းတိုက်ဖျက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက မြို့တော်ခန်းမအတွင်း ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အသိပညာပေးပြခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



## မြောက်ဦးမြို့တွင် ဝါးအခြေခံလက်မှုပညာသင်တန်းဆင်း

**မြောက်ဦး စက်တင်ဘာ ၁၃**

မြောက်ဦးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ဝါးအခြေခံ လက်မှုပညာသင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပသည်။

အဆိုပါသင်တန်းတွင် ဝါးဖြင့်ပြုလုပ်သော လက်ကိုင်အိတ်၊ ဓာတ်ပုံထည့်အယ်လ်ဘန်၊ တစ်သျှူးဘူး၊ မတ်ခွက်၊ ဆန်ကော၊ ဆွဲခြင်း အစရှိသော ဝါးလက်မှုပညာ ခုနစ်မျိုးကို ပုဏ္ဏားကျွန်းမြို့နယ်မှ သင်တန်းဆရာမ ဒေါ်မနုချေဦးဆောင်ကာ သင်တန်းနည်းပြဆရာ သုံးဦးက စာတွေ့၊ လက်တွေ့သင်ကြားပြသပေးပြီး အနီးအနားကျေးရွာ ၂၀ မှ သင်တန်းသား၊ သင်တန်းသူ ၃၀ တို့ တက်ရောက်သင်ယူခဲ့ကြကာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ကြောက်ရွံ့ကင်းကျား မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပမည်

**မန္တလေး စက်တင်ဘာ ၁၃**

WLC နှင့် GTG (Great Tiger Group) တို့ ပူးပေါင်းစီစဉ်သည့် WLC - 10 (Fearless Tigers) ကြောက်ရွံ့ကင်းကျား မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲကို မန္တလေးမြို့ ၆၂ လမ်း စွယ်တော်ကားကြီးဝင်း ကနောင်မင်းကြီးလမ်းတောင်ဘက် FUSO Showroom ၌ အောက်တိုဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ WLC-10 တွင် အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်မည့် ပွဲစဉ်ရှစ်ပွဲ ပါဝင်မည်ဖြစ်ပြီး စနစ်သစ် ငါးချီစိန်ခေါ်ပွဲ (အရှုံးအနိုင်မပေါ်လျှင် သရေအဖြစ် သတ်မှတ်မည့်) တွဲဆိုင်းငါးဆိုင်းပါဝင်မည်ဖြစ်သည်။

အဆိုပါစာနယ်ဇင်းရှင်းလင်းပွဲနေ့တွင် လက်ဝှေ့သမားများဖြစ်သည့် သွေးသစ်ဝင်းလှိုင်၊ ဘရုလက်၊ နီကိုလာဘာ့ခ်၊ ဘီယန်ကာဘာ လက်ဂျ်တီ၊ ဖျံသွေးနှင့် ရွှေရာမာဉ်တို့လည်း တက်ရောက်မည်ဟု သိရသည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ပွဲကို အောက်တိုဘာ ၄ ရက် ညနေ ၅ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလာသီရိ အားကစားရုံတွင် ကျင်းပမည်ဖြစ်ပြီး CANAL + မြန်မာက တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဟု သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# ဂရုဓမ္မသီလဖြည့်ကျင့်စောင့်ထိန်းကြ

## ဒေါက်တာမောင်ဖြေ (အမျိုးသားစာပေဆုရ)

“ကန်ရာသီဟု၊ အာနီမြခိုင်၊ ယင်းမာလှိုင်က၊ မွှေးကြိုင်နံ့ရှင်း၊ တော်သလင်းကား၊ မြစ်တွင်းရတု၊ ပန်းလုသဘင်၊ သစ်ဆင်းယင်လျက်၊ လက်သင်လှော်ကား၊ ရွှေသားစက်ကွင်း၊ လှေချင်းလှော်ပြိုင်” ဟု စာဆိုဦးအောင်ကြီးက ကန်ရာသီဖွဲ့ လူးတားတွင် စပ်ဆိုခဲ့သည်။ ဤတော်သလင်းလကို ရှေးအခါက “သစ်ဆင်းလ” ဟု ခေါ်ခဲ့သည်။ ဝေါဟာရလီနတ္ထဒီပနီ ကျမ်းပြုဆရာ လေ့သင်းအတွင်းဝန်၏ ဆရာအရင်း ဖြစ်တော်မူသည့် မုံရွေးဇေတဝန်ဆရာတော်ကြီးက သမန္တစက္ခုဒီပနီပထမကျမ်းတွင် သစ်ဆင်းလ ဆိုသည်မှာ တော်သလင်းလကိုဆိုလိုသည်ဟု ဖော်ပြထားခဲ့သည်။ ရာသီဥတုကြည်လင်သာယာပြီး မြစ်ပြင်တွင် လှိုင်းလေငြိမ်သည့်အခါ ရာသီအကြိုက်ဖြစ်သော လှေပြိုင်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ဟန်ရှိ၏။ ရှေးအခါက လှေပြိုင်ပွဲသဘင်ကို ပန်းလုသဘင်၊ လှေပွဲသဘင်၊ မြစ်ယံပွဲစသည်ဖြင့် အမျိုးမျိုးခေါ်ဆိုလာကြသည်။

### လှော်ကားလှေ

ထိုလှေပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲသောလှေများမှာ လှော်ကားလှေဖြစ်သည်ဟု အမှတ်အသားပြုကြသည်။ လှော်ကားလှေ၏အကြောင်းကို ရွှေဘုံနိဒါန်း၌ဖော်ပြထားသည်မှာ အလောင်းစည်သူမင်းသည် သင်္ဘောကြီးနှင့် (သက်န်းနက်)ဖောင်ဖြင့် ဇမ္ဗူဒိပ်ကျွန်းသို့လှည့်လည်ရာ ဆင်ကိုသတ်၍ ဆင်စွယ်ကိုအသိုက်ပြုနေသော ကင်းကောင်ကြီး တစ်ကောင်ကို တွေ့သည်ဟု ဆိုသည်။ ထိုဆင်စွယ်အသိုက်ကို ဆောင်ယူသည်တွင် ကင်းကောင်ကြီးသည် သမုဒ္ဒရာကိုကူး၍ ပြေးလိုက်သည်။ ခေါင်းနှင့်အမြီးကို ထောင်၍ပြသည်။ အလောင်းစည်သူမင်းလည်း နေပြည်တော်သို့ရောက်လျှင် ခေါင်းနှင့်အမြီးကို ထောင်ပြသော ကင်းကောင်ကြီး၏သဏ္ဌာန် လှေတော်ကို ပြုလုပ်စေပြီး ထိုလှေကိုလှော်ကားလှေဟု အမည်တွင်စေခဲ့သည်။ ထို့နောက် ယင်းလှော်ကားလှေတို့ဖြင့် လှေပြိုင်ပွဲကျင်းပကြသည်။ လှေပြိုင်ပွဲတွင်ထားသော ပန်းတိုင်တွင် အဝါရောင်စက္ကူပေါ်၌ အမည်းကွက်ခြယ်ထားသော စက်ကွင်းကိုချိတ်ဆွဲထားသည်။ ယင်းကို စာဆိုတို့၏ တေးကဗျာတို့၌ “ရွှေသားစက်ကွင်း” ဟု ဖော်ပြစပ်ဆိုကြသည်။ ဘုရင့်လှေတော်သားများနှင့် တကွ ဘုရင်ကခွင့်ပြုသော အရပ်သားလှေတော်သားများသည် ဆိုင်ရာဆိုင်ရာအဖွဲ့အလိုက်၊ အုပ်စုအလိုက် လှေပြိုင်ပွဲဆင်နွှဲကြသည်။

### ဒုတိယအင်းဝခေတ်

တောင်သူလယ်သမားကြီးများသည် ဆန်စပါး စိုက်ပျိုးရာ၌ အဓိကဖြစ်သောမိုးကို မျှော်ကိုးလျက်ရှိကြသည်။ လွန်စွာစိုးရိမ်တတ်ကြသဖြင့် နှစ်စဉ်နှစ်တိုင်း မိုးကောင်းစေရန် နည်းအမျိုးမျိုးဖြင့် ကြံဖန်ဆုတောင်းလေ့ရှိကြပါသည်။ ဤကိစ္စ၌လည်း မိုးကောင်းစေရန် အဓိကပြုလုပ်လျက် နတ်ပွဲများကို ငါးကြော်၊ မုန့်ဖြူ မုန့်နီစသည်ဖြင့် ပူဇော်ပသပြီးလျှင် နတ်ဆိုင်းများ တီးလျက် သစ်ဆင်းသဘင်ကို ကျင်းပကြသည်။ လေးတိုင်စင်မြင့်မှ မြစ်လယ်ရေထဲသို့ ခုန်ချလိုက်သူသည် အကယ်၍ ပက်လက်ကျသွားသည်ကိုမြင်ပါက ထိုနှစ်၌ မိုးခေါင်မည်ဟု ယူဆကြသည်။ ထိုသူမှောက်လျက်ကျသွားသည်ကိုမြင်ကြပါမူ မိုးကောင်းမည်ဟု ယူဆကြသည်ကို လေ့လာရသည်။ ထို့ပြင် ဆရာကြီး ဒဂုန်နတ်ရှင်က ဤသစ်ဆင်းပွဲတော်အယူသည် ဒုတိယအင်းဝခေတ်တွင်ပေါ်ပေါက်၍ ကုန်းဘောင်ခေတ်တွင် တိမ်ကောသွားသည်ဟု ဆို၏။

တော်သလင်း“သစ်ဆင်း”ဟူသော အခေါ်အဝေါ် အမည်နှင့်စပ်လျဉ်း၍ သက္ကရာဇ် ၈၈၉ ခုနှစ်ခန့်က ရှင်အဂ္ဂသမာဓိ စပ်ဆိုခဲ့သည့် “သုဝဏ္ဏလျှံသူဌေးခန်း” ပျို့ကဗျာတွင် “အခါခါမင်္ဂလာဖြင့် တကာလူဗိုလ် လွန်ကြည်ညို၍ ဝါဆိုဝါခေါင် ယဉ်ဆောင်သစ်ဆင်း တော်သလင်းနှင့်”ဟု ဖွဲ့ဆိုထားသည်။

သက္ကရာဇ် ၉၃၁ ခုနှစ်ခန့်တွင် စပ်ဆိုခဲ့သည့် မင်းရဲကျော်စွာစုန်ချေင်းတွင် “သဘင်ပန်းလု ခါရတုဖြင့် ပျော်မူ စံခင်း တော်သလင်းတုံ သစ်ဆင်းအခါ ပျော်ဘွယ်သာ တည့်---” ဟူ၍လည်း စပ်ဆိုထားသည်ကို လေ့လာရပေသည်။ သစ်ဆင်းအသုံးအနှုန်းကို အင်းဝခေတ်ကဗျာများတွင် ခံစားတွေ့ရ၏။

### နိုင်ငံတော်ကာကွယ်ရေးအတွက်

တော်သလင်းတွင် ရေစီးအဟုန် မည့်မဖျင်းဖြစ်၏။ မြစ်တွင်သာ၍ သစ်ဖောင်၊ ဝါးဖောင်များစုန်ဆင်းလေ့ရှိ၏။ ဤသည်ကို အကြောင်းပြု၍ တော်သလင်းကိုသစ်ဆင်းလဟု တွေးဆနိုင်၏။ ရှေးမြန်မာမင်းတို့ ကျင်းပသည့် လှေပြိုင်ပွဲသဘင်ကား ပျော်ပွဲသဘင်မဟုတ်။ နိုင်ငံတော်ကာကွယ်ရေးအတွက် ရေတပ်အင်အားကို တစ်နည်းတစ်လမ်း စမ်းသပ်လေ့ကျင့်ခြင်းဖြစ်သည်ဟု ယူဆရသည်။ ရေတပ်မတော်သားများ၏ အရည်အသွေးကို တိုးတက်စေသောပွဲတော် ဖြစ်ပေသည်။

### ကန်ဆင်းမိုးရွာချိန်

၉၅၂ ခုနှစ်ထိုး ကျောက်ဆည်မြို့ ရွှေသာလျောင်းကျောက်စာတွင် “သက္ကရာဇ်သဉ်၊ ကိုးရာ့ငါးဆယ်၊ စွန်သွယ်နှစ်စု၊ ဥတုဝဿ၊ လက်ာသစ်ဆင်း၊ တော်သလင်းဆန်တက်၊ ယုစ်ရက်ပိတဟူနိယ်” ဟူ၍ သစ်ဆင်းအသုံးကို ရှေးဦးစွာတွေ့ရသည် ဆို၏။ ထိုခေတ်က သစ်ဆင်းပွဲကျင်းပသည်ကို အကြောင်းပြု၍ သစ်ဆင်းလဟု အမည်တစ်မျိုး မှည့်ခဲ့ကြဟန်ရှိပေသည်။

မိုးတိမ်ကင်းစင်သည့်ကောင်းကင်တွင် နေမင်းက “တော်သလင်းနေ၊ ပုစွန်သေ” ဟူသော ဆိုစကားဖြစ်လောက်အောင် ပြင်းပြစွာထွန်းလင်းလျက်ရှိတတ်သည်။ တစ်ခါတစ်ရံ ရာသီဥတုက ဖောက်ပြန်လာလျှင် မိုးရွာသည်။ တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် မိုးသည်းတတ်၏။ တန်ဆိပ်ဝန်မင်းက အဘိရုကပျို့တွင် “လျှံဝင်းဖြိုးဖြိုး၊ ကန်ဆင်းမိုး” ဟုစပ်ဆိုထား၏။ ကန်ဆင်းမိုးသည် မြန်မာနှစ်ဆန်း ၁ ရက်မှရေတွက်လျှင် ရက်ပေါင်း ၁၅၄ ရက် ဖြစ်သောနေ့ကို ဗဟိုထား၍ရှေ့ခုနှစ်ရက်၊ နောက် ခုနှစ်ရက်တွင် ရွာတတ်သောမိုးကို ဆိုလိုသည်။ ထိုနေ့အရုဏ်တက်ချိန်တွင် မိုးကောင်းကင်၌ ဖျောက်ဆိပ်ကြယ်မွန်းလွဲသည်။ တနင်္ခွေခေါ်ဂြိုဟ်ကြီးသည် သိဟ်ရာသီမှ ကန်ရာသီသို့ ဆင်းသက်သည်။ ထိုအချိန်အခါတွင် ရွာသောမိုးကို ကန်ဆင်းမိုးဟု ခေါ်ဝေါ်ကြသူလည်းရှိသည်။

ထို့ပြင် မာဃဒေဝလင်္ကာသစ်ကြီး၌ သတိပေးထားသည်မှာ “ရာငါးဆယ်လေး မဝေးသချေ် ပဒုမ္မာကြာနှင့် ယင်းမာထုံသင်း တော်သလင်း၌ ကန်ဆင်းခေါ်မြဲ ဖျောက်ဆိပ်မွန်းလွဲ နှမ်းကြဲကာလ”ဟူ၍ နှစ်ဆန်း ၁ ရက်နေ့မှ ၁၅၄ ရက်မြောက် တော်သလင်းလ (စက်တင်ဘာလ ၁၇)တွင် ဖျောက်ဆိပ်ကြယ်မွန်းလွဲချိန်တွင် ကန်ဆင်းမိုးရွာမည်ဟု ဆိုသည်။

### သီလလုံခြုံကြသည့် အတိတ်ဝတ္ထု

တော်သလင်းလပြည့်နေ့သည် ဂရုဓမ္မအခါတော်နေ့ ဖြစ်သည်။ ကုရုတိုင်းဣန္ဒပတ္တနဂိုရ်မြို့၌ ဓနဉ္စယကောရဗျမင်းသည် မင်းပြု၏။ ထိုမင်းသည် ဆယ်ပါးသော မင်းကျင့်တရားတို့ကို မပျက်စေမူ၍ ကုရုဓမ္မသီလ၌တည်၏။ ကုရုဓမ္မသီလဟူသည်ကား ငါးပါးသီလပေတည်း။ ကောရဗျမင်းမှစ၍ တိုင်းသူပြည်သားအားလုံး ကုရုဓမ္မသီလကို စောင့်ထိန်းကြ၏။

ကုရုဓမ္မသီလ (ငါးပါးသီလ)သည် ကမ္ဘာဦးအခါက စတင်ဖြစ်ပေါ်လာသည့်တရားဖြစ်၍ ပဝေဏီဓမ္မဟုလည်း ခေါ်သည်။ ထို့ပြင် ယင်းသီလကို အခြားအမည်ထူးများဖြင့်လည်း ခေါ်ဆိုကြသေး၏။ လူတိုင်းလိုက်နာကျင့်သုံးရမည့် တရားဓမ္မဖြစ်သဖြင့် “ဓမ္မတာသီလ”၊ သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးအပ် သဖြင့် “ဂရုဓမ္မသီလ”၊ စကြဝတေးမင်းတို့ ဓမ္မသတ်သဖွယ် ကျင့်သုံးသဖြင့် “စက္ကဝတ္တိဓမ္မသတ် သီလ”၊ ကုရုတိုင်းနေ ပြည်သူတို့ လိုက်နာကျင့်သုံးသော တရားဖြစ်သဖြင့် “ကုရုဓမ္မသီလ”၊ အရေအတွက်အားဖြင့် ငါးပါးရှိသဖြင့် “ပဥ္စသီလ” ဟူ၍ အမည်ထူးများခေါ်တွင်ကြ၏။

### မိုးခေါင်ကပ်ဆိုက်သော နိုင်ငံ

ကာလိင်္ဂတိုင်း ဒန္တပူရမြို့၌ ကာလိင်္ဂမင်းသည် မင်းပြု၏။ ထိုမင်း၏တိုင်းပြည်၌ မိုးမရွာသောကြောင့် တိုင်းပြည်တစ်ဝန်းလုံး၌ ငတ်မွတ်ခြင်းဘေးသည်ဖြစ်၏။ အာဟာရချို့တဲ့ခြင်းကြောင့် လူတို့၏ရောဂါများလည်း ဖြစ်၏။ မိုးမရွာသောဘေး၊ ငတ်မွတ်သောဘေး၊ ရောဂါဘေး ဤသုံးပါးတို့သည် ဖြစ်ပေါ်လာကုန်၏။

ရှေးရှေးသောမင်းတို့ကဲ့သို့ မိုးမရွာလျှင် အလှူပေး၍ ဥပုသ်ဆောက်တည်ကြသော်လည်း မိုးကား မရွာပါ။ ဣန္ဒပတ္တနဂိုရ်ပြည်မှာ ဓနဉ္စယကောရဗျမင်း၌ အဉ္စနဝဏ္ဏမည်သော မင်္ဂလာဆင်တော်ရှိ၏။ ယင်းဆင်ဖြူရှိ၍ မိုးရွာသည်ဟု ယူဆကြ၏။

### ဆင်ဖြူတော်ရောက်သော်လည်းမိုးမရွာ

တမန်တော်များလွှတ်၍ မင်္ဂလာဆင်တော်ကို အလှူခံရာ အထူးထူးသောတန်ဆာဆင်၍ မင်္ဂလာဆင်ဖြူတော်နှင့်တကွ ဆင်ထိန်းကိုပါ ဝမ်းမြောက်ဝမ်းသာ ပေးလှူလိုက်၏။ ဒန္တပူရပြည်သို့ ဆင်ဖြူတော် ရောက်သော်လည်း မိုးသည်မရွာ၊ ကုရုဓမ္မတရားကို အမြဲစောင့်ထိန်းကြသောကြောင့် မိုးရွာကြောင်း သိကြသောအခါ ထိုတရားကို တောင်းယူပြီး ကျင့်သုံးမှ သင့်လျော်ပါတော့မည်ဟု လျှောက်ထားကြကုန်၏။ လျှောက်ထားကြသည့်အတိုင်း ကောရဗျမင်းထံ ကုရုဓမ္မသီလကို တောင်းခံကြ၏။ ထိုစဉ် ကောရဗျမင်းက “ငါသည်ကုရုဓမ္မ(ငါးပါးသီလ)ကို စောင့်ရှောက်နေသည်ကား မှန်၏။ သို့သော် ငါသည် ငါစောင့်ထိန်းသော သီလအပေါ်၌ ငါကိုယ်တိုင်ပင် ကျေကျေနပ်နပ်မနှစ်သက်နိုင်သေးပါ” ဟု ဆို၏။

### တစ်ဆယ့်တစ်ဦးသောသူတို့နှင့် ကုရုဓမ္မသီလ

ကျွန်ုပ်တို့အား ကုရုဓမ္မ ဂရုဓမ္မသီလကိုသာ ပေးတော်မူပါဟု တောင်းခံသဖြင့် (၁) သတ္တဝါကိုမသတ်အပ်၊ (၂) အရှင်မပေးအပ်သောဥစ္စာကို မခိုးအပ်၊ (၃) ကာမတို့၌ မှားသောအကျင့်ကို မကျင့်အပ်၊ (၄) မုသားစကားကို မဆိုအပ်၊ (၅) သေအရက်ကို မသောက်အပ်ဟု ရွှေပြားပေါ်၌ ရေးစေ၍ပေးလိုက်၏။

မင်းကြီးသည် ငါ့သီလကိုငါကိုယ်တိုင်ပင် မနှစ်သက်သေးသည်ဖြစ်၍ ငါ့မယ်တော်ကြီးထံ သွား၍ တောင်းကြလေဦးဟု ဆို၏။ သို့ဖြစ်၍ (၂) မယ်တော်ကြီးထံ သွားတောင်းကြသည်။ ထို့နောက် (၃) ရွှေးမိဖုရားထံ၊ (၄) အိမ်ရှေ့မင်းထံ၊ (၅) ပုရောဟိတ်ထံ၊ (၆) မြေတိုင်း အမတ်ကြီးထံ၊ (၇) ရထားထိန်းထံ၊ (၈) သူဌေးကြီးထံ၊ (၉) စပါးတင်းခြင်အမတ်ကြီးထံ၊ (၁၀) တံခါးစောင့်ထံ၊ (၁၁) ပြည့်တန်ဆာမထံ အသီးသီး ကုရုဓမ္မသီလကို လိုက်လံတောင်းယူကြသည်။

### ပြည့်တန်ဆာမထံသွားကြပြန်

နောက်ဆုံး ၁၁ ယောက်မြောက်ဖြစ်သော ဝဏ္ဏဝါသီအမည်ရှိသော ပြည့်တန်ဆာမထံသို့ သွားကြပြီး တမန်တို့က အရှင်မ စောင့်ထိန်းသော ကုရုဓမ္မသီလပေးပါဟု တောင်းသောအခါ မပေးလိုကြောင်း၊ မိမိသည် မိမိကိုယ်ကိုရင်း၍ အသက်မွေးမြူသော ပြည့်တန်ဆာမတစ်ဦးဖြစ်ပါ၏။ တစ်နေ့သောအခါ လုလင်ပျိုတစ်ယောက်သည် ကျွန်ုပ်လာခဲ့ပါမည်ဟု ဆိုကာ တစ်ထောင်ကျပ်ပေးကာ ပြန်သွား၏။ သုံးနှစ်ကြာသည်အထိ ပေါ်မလာခဲ့ပါ။ သူသည်ဥစ္စာများ ကုန်ခန်းသွားသဖြင့် အသက်မွေးမြူဖို့ရာ ခက်ခဲလာ၏။ ထိုယောကျ်ား သေသည်၊ ရှင်သည်ကိုလည်း မသိတော့ပါ။ ကျွန်ုပ်၏စားဝတ်နေရေးများ အခက်အခဲများ ရှိပါသဖြင့် နောက်ထပ် ယောကျ်ားတစ်ယောက်က အတူနေဖို့ရန် တစ်ထောင်သောငွေကို ပေးလေ၏။ ပြည့်တန်ဆာမသည်လည်း ထိုငွေကိုယူဖို့ရန် လက်ကို ဆန့်တန်းလိုက်၏။ ထိုအချိန်၌ မူလက ငွေပေးခဲ့သော လုလင်ပျိုသည် ပြန်လည်ရောက်ရှိလာ၏။ ထိုလုလင်ပျိုကားအခြားမဟုတ် သိကြားမင်းဖြစ်၏။ ပြည့်တန်ဆာမသည် ဒုတိယယောကျ်ားကပေးသော အသပြာငွေတို့ကို လက်မခံခဲ့ပါ။ ယခုယောကျ်ားကား လွန်ခဲ့သောသုံးနှစ်က ငါ့အားငွေတစ်ထောင်ကျပ် ပေးခဲ့သောသူဖြစ်၍ ဟုပြောကာ မိမိလက်ကို ပြန်ရုပ်သိမ်း၏။ သိကြားမင်းကား ဤမိန်းမ၏အကျင့်သီလကို စမ်းသပ်လို၍ လွန်ခဲ့သောသုံးနှစ်ခန့်က တစ်ထောင်သော ဥစ္စာကို ပေးခဲ့၏။ ဤပြည့်တန်ဆာမအား “ကောင်းပေစွတကား” ဟု သိကြားမင်း ချီးမွမ်းသွားသည်။ ပြည့်တန်ဆာမလေးသည် အခြားယောကျ်ားတစ်ဦးထံမှ ငွေကိုယူရန် လက်ကမ်းမိခဲ့၏။ ထို့ကြောင့် သူသည်လည်း သူစောင့်ထိန်းသည့် သီလအပေါ် ကျေကျေနပ်နပ် မနှစ်သက်နိုင်ပါ။

ကာလိင်္ဂတိုင်းမှ တမန်တို့သည် တစ်ဆယ့်တစ်ဦးသော လူတို့ထံမှ တောင်းယူ၍ရရှိသည့် ကုရုဓမ္မသီလများကို ရွှေပြားပေါ်၌ရေးမှတ်ကာ မိမိတို့၏ရှင်ဘုရင်အား ပြန်လည် ဆက်သကြကုန်၏။ ကာလိင်္ဂမင်းနှင့်တကွ ပြည်သူအပေါင်းတို့သည်လည်း ကုရုဓမ္မငါးပါးသီလကို ဖြည့်ကျင့်ကြကုန်၏။

ထိုအချိန်မှစ၍ ကာလိင်္ဂတိုင်းနိုင်ငံ၌ မိုးလည်းရွာ၊ ကပ်ဘေးသုံးပါးလည်းကင်းပျောက်၊ ကြီးပွားချမ်းသာခြင်းသို့ ရောက်ခဲ့ကုန်သတည်း။ ယင်းကုရုဓမ္မခေါ် ဂရုဓမ္မဇာတ် ဇာတက ၃-ဒု-ကုရုဓမ္မဇာတ် (၃၇၇-၃၃၀)တွင် ဖော်ပြပါရှိသည်။ ဤဝတ္ထုပေါ်ပေါက်လာသည့်ကာလမှာ မိုးတွင်းကာလဖြစ်သဖြင့် တော်သလင်းလပြည့်နေ့ ဂရုဓမ္မအခါတော်နေ့တွင် ငါးပါးသီလစောင့်ထိန်းကြရမည်။ ဤဂရုဓမ္မဇာတ်တော်ဝတ္ထုကား နေပြည်တော် ဝဲကြီးဆရာတော်ကြီး မြန်မာပြန်သော သီလဝတ္ထုဒီပနီမှ ဖြစ်ပေ၏။ ဤတစ်ဆယ့်တစ်ဦးသောလူတို့ကား ဂရုဓမ္မသီလတော် စောင့်ထိန်းမြဲကြသော်လည်း သူတို့၏ မကျေနပ်သောသံသယရှိမှုများကို သိရှိနိုင်ပါ၏။ ။

---

# မော်လမြိုင်ကျွန်းမြို့နယ် သစ်တောပယ်ဖျက်လယ်မြေများအား လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၃**

မော်လမြိုင်ကျွန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ သစ်တောပယ်ဖျက်လယ်မြေများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းလှိုင်တို့က ကျေးရွာအုပ်စု ရှစ်အုပ်စုရှိ တောင်သူများအား လယ်ယာမြေ လုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ရခြင်းနှင့် ထုတ်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ သစ်တောပယ်ဖျက်ကျေးရွာအုပ်စုများဖြစ်သော ရေတွင်းကုန်း၊ မဘော၊ ကြက်လျှာ၊ ကျားဟုန်း၊ နတ်မှူး၊ ရှောက်ချောင်း၊ အလယ်ရေကျော်နှင့် ကျွန်းချောင်းကျေးရွာအုပ်စုများရှိ တောင်သူ ၁၂၇၉ ဦးတို့၏ သစ်တောပယ်ဖျက်ဧရိယာ လယ်မြေ ဧက ၁၃၀၀၀ တို့မှ တောင်သူကိုယ်စားလှယ်များအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းဌေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား တာဝန်ရှိသူများနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဝင်များက ကျေးရွာအုပ်စုအလိုက် သစ်တောပယ်ဖျက်လယ်ယာမြေများ၏ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) တို့ကို အသီးသီးပေးအပ်ကြသည်။

**မော်ကျွန်း-မြင့်အောင်**




## ဖခင်အမည်မှန်

မြန်အောင်မြို့နယ်၊ အထက၊ ကနောင်၊ သတ္တမတန်း(C)မှ မောင်ချစ်လင်းဇော်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း [၁၄/မအန(နိုင်)၁၅၅၂၂၉] ဖြစ်ပါသည်။

**ဦးဆန်းဝင်း**

## ဖခင်အမည်မှန်

ဇလွန်မြို့နယ်၊ အထက၊ သပြုကွင်း၊ ဒသမတန်းမှ မစုစုလွင်၏ ဖခင်အမည်မှန်မှာ ဦးလင်းခိုင် [၁၄/ဇလန(နိုင်)၀၀၂၃၀၁] ဖြစ်ပါသည်။

**ဦးလင်းခိုင်**

## မိခင်အမည်မှန်

မြိတ်မြို့ အလက(ဘုရားကိုင်)ကျောင်း၊ ပထမတန်း(A)မှ မအေးသဇင်ထွန်း၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဒေါ်အိရွှေဇင် [၆/ကသန(နိုင်)၁၁၃၇၀၆] ဖြစ်ပါကြောင်း။ **ဒေါ်အိရွှေဇင်**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအောင်မျိုး [၆/ပလန(နိုင်)၀၅၅၄၁၆] ပိုင်ဆိုင်သော "အောင်ချမ်းသာ-၉၉၉" ရေယာဉ်မှတ်ပုံတင်အမှတ် FMD/0195/17 ကမ်းနီးငါးဖမ်းလှေ၏ ဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၄၈၀၀၅၈၈**

## အမည်မှန်

ကျွန်းစုမြို့နယ်၊ အထက(ပထက်) ဒုတိယတန်း(A)မှ ဦးကျော်အောင်၏သား မောင်ဝန်းရံခ၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ဝန်းယံခ ဖြစ်ပါကြောင်း။ **မောင်ဝန်းယံခ**

## မိခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ အထက(ပထက်) ဒသမတန်းမှ မောင်စိုးမင်းဟိန်း၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဒေါ်ရှင်ဝါ [၆/မအရ (နိုင်) ၀၆၇၆၁၃] ဖြစ်ပါကြောင်း။

**ဒေါ်ရှင်ဝါ**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြားအင်းကျေးရွာ၊ ငါးဆူးတောင်၊ အ.ထ.က ကျောင်း၊ ဒသမတန်းမှ မမာမာလွင်၏ ဖခင် ဦးတဲထန်(ခ)ဦးဇာကဲ [၄/မတပ (နိုင်) ၀၂၇၆၉၉] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတဲထန်(ခ)ဦးဇာကဲ**



# သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**
သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဗိုလ်ချုပ်သန်းထွင်နှင့် ဦးတင်မြင့်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာတင်မေထွန်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ INGO၊ NGO များ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မြန်မာကြက်တောင်မယ် သက်ထားသူဇာ ဆီမီးဖိုင်နယ် တက်ရောက်



မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် စက်တင်ဘာ ၁၃**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် Myanmar International Series ကြက်တောင်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲ ၁ နာရီမှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ကျင်းပရာ မြန်မာကြက်တောင် အားကစားမယ် သက်ထားသူဇာ အနိုင်ရပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ဆက်တိုက်ရရှိပြီး ပရိသတ်အားပေးမှုရထားသည့် သက်ထားသူဇာ၏ ကွာတားဖိုင်နယ်ပွဲကို ပရိသတ်အများအပြား လာရောက်အားပေးခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

## ကြေးမုံ ယနေ့ ဖတ်စရာ

ဂျပန်နိုင်ငံတစ်ဝန်းတွင် အသက် ၁၀၀ ကျော် ဘိုးဘွားဦးရေ ၇၀၀၀၀ ကျော်ရှိဟုဆို စာမျက်နှာ » ၁၂

ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲအလွန်ကာလများတွင် ငြိမ်းချမ်းရေး အဖွဲ့အစည်းများကြား တူညီသည့်မျှော်မှန်းချက်များရရှိရေး ဆောင်ရွက်နေ စာမျက်နှာ » ၁၃

စည်ပင်အခွန်အခများကို မိုဘိုင်းဖုန်းမှတစ်ဆင့် ပေးဆောင်နိုင် စာမျက်နှာ » ၁၇





## အာခါလူမျိုးအကြောင်း သိကောင်းစရာ



**မိုင်းနော်ရိန်း**

**သမိုင်းကြောင်းနှင့်ဆင်းသက်လာပုံ**

အာခါလူမျိုးတို့သည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည့် လူမျိုးအုပ်စုကြီးများအနက် တိဗက်-မြန်မာအုပ်စုဝင် လိုလိုအုပ်စုခွဲတွင် ပါဝင်ပါသည်။ အာခါတိုင်းရင်းသားတို့၏ မူရင်းအမည်မှာ အာခါဖြစ်ပြီး ကော်ဆိုသည်မှာ အခြားတိုင်းရင်းသားများက ခေါ်ဆိုသော အမည်ဖြစ်ပါသည်။ ရှမ်းတိုင်းရင်းသားတို့က အီကောဟု ခေါ်ဆိုခဲ့ကြပါသည်။ အီဆိုသည်မှာ ရှမ်းဘာသာဖြင့် မိန်းကလေး(မိန်းမ)ဟု အဓိပ္ပာယ်ရပြီး ကောဆိုသည်မှာ ဖက်သည်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် အီကော ဆိုသည်မှာ မဖက်ဟု အဓိပ္ပာယ်ရှိပါသည်။ ကော်ဆိုသည့် စကားသည် အီကောနှင့် နီးစပ်သဖြင့် အာခါတိုင်းရင်းသားများ ယင်းအခေါ်ကို မကြိုက်ကြပါ။ မူရင်းဖြစ်သော အာခါကိုသာ သုံးစွဲခေါ်ဝေါ်ကြပါသည်။

ရှေးအခါက ရှမ်း၊ လားဟူနှင့် အာခါ စသည့် လူမျိုးသုံးမျိုးရှိရာ ၎င်းတို့သုံးဦးကို ကောင်းကင်မှ ဘုရားရှင်က တရားတော်ကိုလက်ခံရန် ခေါ်ယူ၏။ ရှမ်းက ပထမဆုံး ရောက်သွားသဖြင့် ဘုရားသခင်က စာပေကိုပေး၏။ လားဟူက ဒုတိယရောက်သွားသဖြင့် ခေါပုတ်ကိုပေး၏။ အာခါက နောက်ဆုံးမှရောက်သဖြင့် သားရေပြားကို ပေး၏။ အာခါတို့ ခရီးဝေးမှ လာရောက်ရသဖြင့် နောက်ဆုံးမှ ရောက်ရှိခြင်းဖြစ်သည်ဟု ဆိုပါသည်။ ထို့ကြောင့် ရပ်ဝေးဟူသည့်စကားကို အခါလာသဖြင့် ရော်ခါဟုခေါ်ဆိုရာမှ အာခါလူမျိုးဟု ခေါ်တွင်ခဲ့သည်ဟု အဆိုရှိပါသည်။

အာခါလူမျိုးတို့သည် လိုလိုအုပ်စုခွဲမှ ပေါက်ဖွား ဆင်းသက်လာကြပြီး မဲခေါင်မြစ်အတိုင်း တောင်ဘက်သို့ ရွေ့ပြောင်းနေထိုင်ကြသည်။ ရေကြည်ရာမြက်နုရာ နေရာသစ်ရှာဖွေရာ တရုတ်ပြည် အနောက်တောင်ဘက် ယူနန်နယ်တွင် အခြေချနေထိုင်ကာ ယူနန်နယ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ခဲ့ကြပါသည်။

**ကိုးကွယ်ယုံကြည်မှု**

အာခါတိုင်းရင်းသားတို့သည် ယခင်က နတ်ကိုးကွယ်သူများဖြစ်ကြသည်။ ခရစ်ယာန်သာသနာပြုများ ရောက်ရှိလာပြီး ခရစ်ယာန်ဘာသာသို့ ကူးပြောင်းကိုးကွယ်ခဲ့ကြသည်။ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်သူလည်းရှိလာခဲ့သည်။

ကျိုင်းတုံမြို့နယ် ယန်းခကျေးရွာအုပ်စု ဝမ်ဆန်ကျေးရွာနေ ဦးအာချိုး(ခ)ပူရှိနှင့် ဦးအားဒို(ခ) အိုက်ကျိုင်းတို့ ညီအစ်ကိုမှ ၁၉၂၄ ခုနှစ် မတ်လ ၁၉ ရက်နေ့မှ စတင်၍ ဗုဒ္ဓဘာသာသို့ စတင်ကိုးကွယ်လာကြောင်း သိရှိရသည်။ ၂၀၁၄ ခုနှစ် မတ်လတွင် နှစ် (၉၀) ပြည့်မြောက်ပြီဖြစ်ပါသဖြင့် အာခါလူမျိုးတို့ ဗုဒ္ဓဘာသာကိုးကွယ်ခြင်း နှစ်(၉၀) ပြည့်အခမ်းအနားကို ကျင်းပခဲ့ပါသည်။ ၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှစတင်၍ အာခါဗုဒ္ဓဘာသာ စောင့်ရှောက်ရေးအသင်းကို ဦးအောင်စိုး ဦးဆောင်၍ ဖွဲ့စည်းခဲ့ပါသည်။ ယခုလက်ရှိတွင် အဆိုပါအသင်း၌ ဦးအာဆို့က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၀ ပြည့်နှစ်မှစတင်၍ ဗုဒ္ဓဘာသာခံယူပွဲ အခမ်းအနားများ ကျင်းပလျက်ရှိသည်။

အထူးကဏ္ဍ [ ခ ] သို့ »»

»»» အထူးကဏ္ဍ [ က ] မှ

ရှမ်းပြည်နယ်အရှေ့ပိုင်းသို့ ကက်သလစ်ခရစ်ယာန်သာသနာ ၁၉၁၁ ခုနှစ်တွင် လည်းကောင်း၊ နှစ်ခြင်းခရစ်ယာန်သာသနာသည် ၁၉၀၁ ခုနှစ်တွင် လည်းကောင်း ရောက်ရှိလာသဖြင့် နတ်ကိုးကွယ်သူ အာခါ၊ လားဟူ၊ ဝတိုင်းရင်းသားများလည်း ခရစ်ယာန်ဘာသာဝင်များဖြစ်လာကြသည်။ အာခါရွာတစ်ရွာဖြစ်သော ကျိုင်းတုံရှိ ဝေါနိမ့်အာခါရွာသည် တစ်ရွာလုံးနီးပါး ကက်သလစ်ဘာသာဝင်များဖြစ်ကြပြီး ရွာစတင်တည်ထောင်ခြင်း (၇၅) နှစ်ပြည့် စိန်ရတုကို ၂၀၁၄ ခုနှစ် မေလတွင် ကျင်းပခဲ့ပါသည်။ ရွာစတင်တည်ထောင်စဉ်ကပင် ကက်သလစ်ဘာသာဝင် အာခါများဖြစ်ပါသည်။

အာခါတိုင်းရင်းသားများတွင် ခရစ်ယာန်သာသနာနှင့် ဗုဒ္ဓဘာသာသို့ ကူးပြောင်းသက်ဝင်ယုံကြည်သော်လည်း နတ်ကိုးကွယ်သူနတ်စားအာခါများမှာ အများဆုံးဖြစ်ပါသည်။ နတ်ကိုးကွယ်သည်ဆိုရာတွင် ရွာစောင့်နတ်၊ အိမ်စောင့်နတ် စသည်တို့ကို ပူဇော်ပသခြင်းရှိသော်လည်း အထူးသဖြင့် ဘိုးဘေးတို့၏ ဝိညာဉ်များကို ပူဇော်ပသခြင်းဖြစ်ပါသည်။ မည်သည့်ပွဲ ကျင်းပသည်ဖြစ်စေ ဦးစွာဘိုးဘေးတို့အား ပူဇော်ပသပြီးမှ ကျန်သည့် ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။

**အာခါတိုင်းရင်းသားတို့၏ စာပေ**

အာခါတို့သည် မူရင်းကိုယ်ပိုင် စာပေမရှိကြပေ။ ၁၉၁၂ ခုနှစ်တွင် ကက်သလစ်ခရစ်ယာန် ဘုန်းတော်ကြီးများ ကျိုင်းတုံဒေသသို့ ရောက်ရှိလာစဉ် အာခါလူမျိုးတို့၏ ဘာသာအသံထွက်နှင့် တူညီမည့် ရောမအက္ခရာသင်္ကေတများဖြင့် တီထွင်ခဲ့ပါသည်။ ခရစ်ယာန်သာသနာပြုများ တီထွင်သည့် အာခါစာပေမှာ ဘာသာရေးအတွက် ရည်ရွယ်ပြီး ပုံနှိပ်သင်ကြားခဲ့သဖြင့် ဘာသာဝင်ကျောင်းသားများသာ တတ်မြောက်ပြီး အာခါအများစုမှာ တတ်မြောက်ခြင်းမရှိကြပေ။

အာခါလူမျိုးများ စာပေတတ်မြောက်သူနည်းပါးသဖြင့် ကိုယ်ပိုင်စာပေတီထွင်နိုင်ရေးအတွက် ၁၉၆၁ ခုနှစ်တွင် မြန်မာဗျည်းအက္ခရာကို အခြေခံပြီး တီထွင်ခဲ့ပါသည်။ ၁၉၇၅ ခုနှစ်တွင် မြန်မာဗျည်းအက္ခရာ ၂၆ လုံးကို အခြေခံသည့် အာခါစာကို လိုအပ်သည့် သရအက္ခရာများဖြည့်စွက်လျက် ပြန်လည်ပြင်ဆင်ခဲ့သည်။

မြန်မာနိုင်ငံရှိ အာခါလူမျိုးများမှာ ရောမအက္ခရာအာခါစာပေနှင့် မြန်မာအက္ခရာအာခါစာပေ နှစ်မျိုးအသုံးပြုကြသည်။ အခြားနိုင်ငံများရှိ အာခါတို့က ရောမအက္ခရာအာခါစာပေကို အသုံးပြုကြသည်။ ရောမအက္ခရာအာခါစာပေတွင် ဗျည်း ၂၅ လုံးနှင့် သရ ၁၆ လုံးဖြင့် အသုံးပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

**အာခါလူမျိုး၏ တူရိယာပစ္စည်းများ**

အာခါလူမျိုးတို့သည် ယခင်က အာခါတို့အသုံးပြုခဲ့သည့် တူရိယာပစ္စည်းများမှာ ဘူးသီးခြောက်တွင် အပေါက်ငါးပေါက်ဖောက်လုပ်ထားပြီး သံစဉ်အလိုက် လက်သန်း၊ လက်ဝါး အတို၊ အရှည်ထည့်ပြီး ပျားဆန်ဖြင့် အလုံပိတ်၍ မှုတ်ရသော လှာဂျေ့(ခေါ်)ဘူးသီးပလွေ၊ ချွေးလွေးဟုခေါ်သော ဝါးပလွေ၊ တစ်ထွာခန့် အရှည်ရှိသော ဝါးပြားကို အလယ်တွင် ကြက်လျှာကဲ့သို့ ပြုလုပ်ထားပြီး ပါးစပ်တွင် ထည့်ကာ ပါးစပ်ဖြင့် အသံလိုသလို မှုတ်ရသည့် ဂျားအွေ(ခေါ်) ဝါးလျှာခတ်ဂီတာတို့ဖြစ်ပါသည်။ ထို့ပြင် သစ်ရွက်၏ တစ်ဖက်ကို ခေါက်၍ မှုတ်သည့် ဓလေ့လည်းရှိပါသည်။ ယခုခေတ်တွင် အဆိုပါတူရိယာပစ္စည်းများမှာ တီးမှုတ်တတ်သူ ရှားပါးနေပြီဖြစ်ပါသည်။

ယခုခေတ်တွင် အသုံးပြုလျက်ရှိသော အာခါတူရိယာများမှာ လင်းကွင်း၊ မောင်းနှင့် အိုးစည် စသည့် တူရိယာပစ္စည်းများမှာ မူရင်းအာခါတို့၏ တူရိယာပစ္စည်းများ မဟုတ်ဘဲ နေထိုင်ရာဒေသရှိ နီးစပ်ရာရှမ်းလူမျိုးတို့၏ တူရိယာပစ္စည်းများကိုယူ၍ သုံးစွဲခြင်းဖြစ်ပါသည်။

**အာခါလူမျိုး၏ ဝတ်စားဆင်ယင်မှု**

အာခါလူမျိုးတို့သည် အဝတ်အစားကို ကိုယ်တိုင်ရက်လုပ်သောပိတ်ဖြင့် ချုပ်လေ့ရှိသည်။ ကိုယ်တိုင်ရက်လုပ်သော ပိတ်စကို ကိုယ်တိုင်ဖော်စပ်ထားသော ဆိုးဆေးဖြင့် ဆိုး၍ ကြက်ခြေခတ်ပုံသဏ္ဌာန် ပန်းပုံများကို ကိုယ်တိုင်ထိုးကာ ဝတ်ဆင်ကြသည်။ အနက်ရောင်(သို့မဟုတ်) နက်ပြာရောင် အဝတ်အစားပေါ်တွင် ပန်းထိုးထားသော အထည်များကို ချုပ်လုပ်ဝတ်ဆင်ကြသည်။ နေရာအနှံ့အပြားရှိ အာခါလူမျိုးတို့၏ ဝတ်စားဆင်ယင်မှုမှာ အတူတူပင်ဖြစ်သည်။ အမျိုးသမီးများ ဆောင်းလေ့ရှိသော ခေါင်းဆောင်းသည် နေရာဒေသကိုလိုက်၍ ပြောင်းလဲခြင်းရှိသော်လည်း ဝတ်စုံမှာမူ အတူတူပင်ဖြစ်သည်။

အာခါအမျိုးသားများ၏ ဝတ်စုံသည် အပေါ်အင်္ကျီရှည်၊ ဘောင်းဘီရှည်နှင့် ခေါင်းပေါင်းတို့ပါဝင်ပါသည်။ အင်္ကျီသည် စတစ်ကော်လံပါ ရင်စေ့ခါးရှည် လက်ရှည်အင်္ကျီဖြစ်ပါသည်။ အင်္ကျီရှေ့ခြမ်းနှင့် လက်ဖျားတွင် ပန်းထိုးထားသောအစများ ကပ်ချုပ်ထားပါသည်။ ဘောင်းဘီရှည်မှာလည်း ပေါင်မှ ခြေမျက်စိအထိ တစ်ဖြောင့်တည်း အပွဖြစ်သော ရှမ်းဘောင်းဘီဖြစ်ပါသည်။

ခေါင်းပေါင်းသည် အလယ်တွင် အပေါက်ပါပြီး ပတ်ပတ်လည် အစဖြင့် ပတ်ထားသော အဝိုင်းဖြစ်ပါသည်။ ခေါင်းပေါင်းပတ်ပတ်လည်တွင် ပန်းဖွားအမိတ်များကို တပ်ဆင်တီထွင်ကာ ဆောင်းကြပါသည်။ အသက်ကြီးသူ အာခါအမျိုးသားများသည် ပန်းရောင်၊ အနီရောင် စသော အစများဖြင့် ပိုးထည် ခေါင်းပေါင်းကို ပတ်ပေါင်းကြပါသည်။ အချို့လည်း ခေါင်းပေါင်းမပေါင်းကြပါ။

အာခါအမျိုးသမီး၏ ဝတ်စုံသည် ရင်ခံအင်္ကျီ၊ အပေါ်အင်္ကျီရှည်၊ ခါးပတ်၊ စကတ်၊ စကတ်ဖုံး၊ ခြေပတ်နှင့် ခေါင်းဆောင်းတို့ဖြစ်ပါသည်။ အမျိုးသမီးများသည် အတွင်းမှ ရင်ခံတစ်ထပ်ဝတ်ဆင်ပြီး အပေါ်မှ လက်ရှည်ခါးရှည်ဗွီပုံစံ လည်ပင်းပါသော အင်္ကျီကို ဝတ်ဆင်ကြပါသည်။ အတွင်းရင်ခံတွင် ငွေခွက်များ တွဲသီချုပ်လုပ်ထားပါသည်။ အပေါ်အင်္ကျီတွင် ပန်းထိုးထည်များကိုကပ်၍ ချုပ်ထားကြပါသည်။ ၎င်းအပေါ်မှ ခါးပတ်ကို

**အာခါလူမျိုးတို့သည် လိုလိုအုပ်စုခွဲမှ ပေါက်ဖွားဆင်းသက်လာကြပြီး မဲခေါင်မြစ်အတိုင်း တောင်ဘက်သို့ ရွေကြည်ရာမြက်နုရာ နေရာသစ်ရှာဖွေရာ တရုတ်ပြည်အနောက်တောင်ဘက်ရှိ ယူနန်နယ်တွင် အခြေချနေထိုင်ကာ ယူနန်နယ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ခဲ့ကြ**



ခါးလည်တွင် အင်္ကျီအပေါ်မှဝတ်၍ ဝတ်ဆင်ပါသည်။ ခါးပတ်တွင်လည်း ပုတီးစေ့များ၊ ခရုလုံးများ တွဲသီချုပ်လုပ်ထားပါသည်။ ငွေကြေးချမ်းသာသူများက ငွေခါးပတ်များကို ဝတ်ဆင်ကြသည်။

ထို့နောက် အနက်ရောင် (သို့မဟုတ်) နက်ပြာရောင်စကတ်ကို ဝတ်ဆင်ကြသည်။ အာခါအမျိုးသမီးစကတ်သည် အတွန့်အခေါက်များဖြင့် ချုပ်ထားသည်။ စကတ်အပေါ်မှ ပန်းထိုးစများ ကပ်ချုပ်ထားသော ရှစ်လက်မအကျယ် အစအပေါ်တွင် ငွေခွက်များ၊ ပုတီးများ တွဲချုပ်လုပ်ကာ စကတ်အဖုံးအဖြစ် ဝတ်ဆင်ကြပါသည်။ စကတ်အောက်တွင် ခြေပတ်ကို နှစ်ဖက်စလုံး ဝတ်ဆင်ကြပါသည်။ ခြေပတ်တွင် ပန်းထိုးစများဖြင့် ကပ်ချုပ်ပြီး တွဲသီထားသော ပုတီးကုံးဖြင့် ခြေပတ်၏ထိပ်တွင် ပတ်ချည်ဝတ်ဆင်ကြပါသည်။ အာခါလူမျိုးတို့သည် ယောက်ျားလေးရော မိန်းကလေးပါ ငယ်ရွယ်သည့်အချိန်တွင် ငွေသီးငွေခွက်များနှင့် ပန်းဖော်ထားသော ဦးထုပ်အဝိုင်းကို ဆောင်းကြပါသည်။

ခေတ်အလိုက် တီထွင်ဝတ်စားဆင်ယင်ကြသော်လည်း မူလပုံစံမှ ခွဲထွက်ကာ တီထွင်ချုပ်လုပ်ဝတ်ဆင်မှု နည်းပါးသည်ကို လေ့လာတွေ့ရှိရပါသည်။ အရောင်သည်လည်း နက်ပြာရောင်သည် မူရင်းအာခါဆိုးဆေးအရောင်ဖြစ်သော်လည်း နက်ပြာရောင်နှင့် အနက်ရောင်ပါ ဝတ်ဆင်ကြပါသည်။

**ပန်းထိမ်လုပ်ငန်း**

အာခါလူမျိုးတို့သည် အာခါအမျိုးသမီးများ ခေါင်းဆောင်းတွင် တပ်ဆင်သည့် ငွေခွက်များကိုပြုလုပ်သည့် ပန်းထိမ်လုပ်ငန်းများစွာ ရှိပါသည်။ ခေါင်းဆောင်းတွင် တပ်ဆင်သည့် ငွေခွက်များကို အဓိကပြုလုပ်ပြီး ကျန်သည့် ငွေလက်ဝတ်ရတနာများကို ပြုလုပ်ကြပါသည်။ ရှေးဦးစွာ ငွေခွက်ပြုလုပ်မည့် ငွေခဲများကို ခြင်တွယ်ပြီး သံခွက်တွင်ထည့်ကာ မီးကျိုပါသည်။ အရည်ပျော်လာပါက မြောင်းကလေးပါသော သံချောင်းတွင်းသို့ ငွေချောင်းရရှိစေရန် လောင်းထည့်ပါသည်။ ရရှိလာသော ငွေချောင်းကို တူဖြင့်ထုပြားကာ အပြားဆွဲသည့်ကိရိယာဖြင့် ထပ်မံဖိပြားပါသည်။ ငွေပြားရရှိပါက အသင့်ပြုလုပ်ထားသော မိုခွက်တွင် လက်ဖြင့်ရိုက်၍ ငွေပြားကိုဖြတ်ထုတ်ပြီး ထိုမိုခွက်တွင်ပင် ငွေခွက်ကလေးများကို တူဖြင့်ရိုက်၍ ပြုလုပ်ပါသည်။ ပြီးပါက အရောင်ထွက်စေရန် မီးစားခြင်း၊ ဆေးကြောခြင်းများ ပြုလုပ်ပြီးပါက ခေါင်းဆောင်းတွင် တပ်ဆင်သည့် ငွေခွက်များရရှိပြီး ဖြစ်ပါသည်။ ။



**ဖိတ်ခေါ်ပါသည်**

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

**[စာတည်း]**

# ကယားပြည်နယ် တိုင်းရင်းသားတို့၏ စိတ်ဝင်စားဖွယ်ရာ ရိုးရာပွဲတော်များ

ဒေါ်ခင်ခင်စု

*(၇-၉-၂၀၁၉ ရက်နေ့မှအဆက်)*

အဆိုပါ တိုင်းရင်းသားတို့သည် မိမိတို့၏ ရိုးရာနတ်များ၏ ကူညီမှုမ်းမမှုကိုရစေရန် ရိုးရာပူဇော်ပွဲများအား လူမှုကိစ္စအဝဝကို ပြုလုပ်ဆောင်ရွက်ရာတွင် ကျင်းပကြသည်။ ကယားပြည်နယ် တိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များကို (၁) လူမှုရေးမင်္ဂလာပွဲများနှင့် (၂) စီးပွားရေးနှင့်သက်ဆိုင်သော ရိုးရာပွဲတော်များဟူ၍ ခွဲခြားတင်ပြသွားမည်ဖြစ်ပါသည်။

လူ့ဘဝခရီးတစ်လျှောက်တွင် မီးဖွားရခြင်း၊ မွေးကင်းစကလေးငယ်ကို လူ့အဖွဲ့အစည်းတွင် အဖွဲ့ဝင်တစ်ဦးအနေဖြင့် အံ့ဝင်ခွင်ကျဖြစ်အောင် စနစ်တကျမွေးမြူရခြင်း၊ ရှင်ပြုပေးရခြင်း၊ အရွယ်ရောက်ချိန်တွင် ထိမ်းမြားပေးရခြင်း စသည့်ကဏ္ဍအသီးသီးရှိရာ ထိုကဏ္ဍအသီးသီးနှင့် ဆက်စပ်လျက်ရှိသော မိမိတို့၏ ယဉ်ကျေးမှုအလျောက် ကျင်းပရသော မင်္ဂလာအခမ်းအနား အသီးသီးလည်းရှိပေသေးသည်။ ကျွန်မတို့ မြန်မာတိုင်းရင်းသားများအဖို့ မင်္ဂလာဟူသော စကား၏အဓိပ္ပာယ်မှာ အလုံးစုံ၏ ကောင်းခြင်း၊ ပြည့်ဝခြင်း၊ အလုံးစုံအထမြောက်အောင်မြင်ခြင်း စသည်တို့ဖြစ်ပါသည်။ မည်သည့်လူမျိုးမဆို မင်္ဂလာဟူသော အထိမ်းအမှတ်ကို အသိအမှတ်ပြုကြပြီး မင်္ဂလာရှိသော အကြောင်းအရာ အဖြစ်အပျက်တို့ကို ကြားနာလို၊ ရှုလိုမြင်လိုကြစမြဲဖြစ်ပါသည်။ ထို့ကြောင့် မင်္ဂလာဆိုသော စကားသည် မြန်မာများအဖို့ အမြတ်တနိုးထားအပ်သော စကားဖြစ်သကဲ့သို့ ကယားပြည်နယ် တိုင်းရင်းသားတို့အဖို့မှာလည်း မည်သည့်လုပ်ငန်း မျိုးကိုမဆို မပြုလုပ်မီ မင်္ဂလာရှိသော အတိတ်နိမိတ်ကို အထူးအလေးပြုကာ အထိမ်းအမှတ်ထားလေ့ရှိကြသည်။ ထို့ကြောင့် ကယားပြည်နယ် တိုင်းရင်းသားတို့၏ လူမှုရေးမင်္ဂလာပွဲများဖြစ်သည့် ကလေးအမည်ပေးပွဲ၊ ကလေးချက်ကြွေပွဲ၊ ကလေးထွန်းကားပွဲ၊ အိမ်သစ်တက်ပွဲနှင့် ထိမ်းမြားမင်္ဂလာပွဲ စသည်တို့ကို ကျင်းပသည့်အခါတွင် ၎င်းစီးပွားရေးနှင့် သက်ဆိုင်ရာရိုးရာပွဲတော် များဖြစ်သည့် တံခွန်တိုင်ပွဲတော်၊ ထမင်းထောင်းစားပွဲ၊ ကောက်ညှင်းထုပ်ပွဲတော်၊ ငှက်လိုက်ပွဲတော်နှင့် တောကောင်လိုက်ပွဲ စသည်တို့ ကျင်းပရာတွင် ကြက်ရိုးထိုးကာ နှီးချိုးကာ ဝက်သည်းခြေကို ကြည့်ကာဖြင့် ရက်ကောင်းရက်မြတ်များကို ရွေးချယ်ပြီး မင်္ဂလာယူလေ့ရှိ သည်။

မြန်မာတို့ မင်္ဂလာပွဲအခမ်းအနား ကျင်းပသည့်အခါ အနည်းဆုံး မိမိတို့နေအိမ်မှ အရှေ့၊ အနောက်၊ တောင်၊ မြောက်ရှိ ခုနစ်အိမ်မှ လူများကို ဖိတ်ကြားရရိုး ထုံးစံရှိပြီး ကြွရောက်လာကြသော ဧည့်ပရိသတ်တို့ကိုလည်း ကျွေးမွေးဧည့်ခံခြင်းပြု၍ ထိုသူများကလည်း ပြန်လည်၍မင်္ဂလာပွဲခံယူသူကို ကောင်းချီးသြဘာပေးခြင်း၊ ဆုပေးခြင်းတို့ကို ပြုလုပ်ကြသကဲ့သို့ ကယားပြည်နယ် တိုင်းရင်းသားများကလည်း မိမိတို့မင်္ဂလာပွဲများ ပြုလုပ်သည့်အခါ အနည်းဆုံး အိမ်နီးနားချင်းများနှင့် ရပ်ဆွေရပ်မျိုးများကို ဖိတ်ခေါ်ကျွေးမွေးကာ မင်္ဂလာယူလေ့ရှိကြသည်။ လူမှုရေးမင်္ဂလာပွဲများမှာ ကြီးကျယ်ခမ်းနားမှုမရှိသော်လည်း ဆင်းရဲချမ်းသာမရွေး တိုင်းရင်းသားတို့သည် မိမိတို့ချွေးနဲ့စာဖြင့် တတ်အားသမျှ အကုန်အကျခံကာ အဆိုပါ မင်္ဂလာအခမ်းအနားများကို ကျင်းပလေ့ရှိကြသည်။

> **မြန်မာတိုင်းရင်းသားများအဖို့ မင်္ဂလာဟူသော စကား၏အဓိပ္ပာယ်မှာ အလုံးစုံ၏ ကောင်းခြင်း၊ ပြည့်ဝခြင်း၊ အလုံးစုံအထမြောက် အောင်မြင်ခြင်း စသည်တို့ဖြစ်ပါသည်။ မည်သည့်လူမျိုးမဆို မင်္ဂလာဟူသော အထိမ်းအမှတ်ကို အသိအမှတ်ပြုကြပြီး မင်္ဂလာရှိသောအကြောင်းအရာ အဖြစ်အပျက်တို့ကို ကြားနာလို၊ ရှုလိုမြင်လို ကြစမြဲဖြစ်ပါသည်။ ထို့ကြောင့် မင်္ဂလာဆိုသောစကားသည် မြန်မာများအဖို့ အမြတ်တနိုးထားအပ်သော စကားဖြစ်သကဲ့သို့ ကယားပြည်နယ် တိုင်းရင်းသားတို့အဖို့မှာလည်း မည်သည့် လုပ်ငန်းမျိုးကိုမဆို မပြုလုပ်မီ မင်္ဂလာရှိသော အတိတ်နိမိတ်ကို အထူးအလေးပြုကာ အထိမ်းအမှတ်ထားလေ့ရှိကြ**

### ကယားတိုင်းရင်းသားတို့၏ ကလေးအမည်ပေးပွဲ ကြက်သွေးချိုးခြင်း

ကယားတိုင်းရင်းသားများ၏ အိမ်ထောင်စုတစ်စု အိမ်၌ အမျိုးသမီးတစ်ဦး မီးဖွားနေလျှင် အဆိုပါ မီးနေသည် မီးမထွက်မချင်း အိမ်နီးနားချင်း အသိမိတ်ဆွေများ မီးနေသည်အိမ်သို့ မလာကြရချေ။ အကယ်၍ ဤပညတ်ချက်ကို ချိုးဖောက်လျှင် လာဘ်တိတ်သည်ဟု အယူရှိကြလေသည်။ မီးနေသည် မီးထွက်လျှင် မင်္ဂလာပွဲအနေဖြင့် ဆွေမျိုးသားချင်းများကို ဖိတ်ခေါ်ကာ ထမင်းကျွေး၍ ကလေးအမည်ပေးပွဲကျင်းပလေသည်။ ကလေးမီးဖွားပြီးလျှင် နှီးချိုးကြည့်ပြီး အဖေဘက်ကဖြစ်စေ၊ အမေဘက်ကဖြစ်စေ အသက်ကြီးသူ အဘိုးအဘွားတို့၏ အမည်တစ်ခုခုကို ပေးလေ့ရှိကြသည်။ နှီးချိုးနည်းမှာ နှစ်မျိုးရှိသည်။ ပထမနည်းမှာ နှီးပြားကလေးကို အကန့်များပြု၍ ညီတူညီမျှတိုင်းကာ အချိတ်ပုံသဏ္ဍာန် ချိုးချခြင်းဖြစ်သည်။ နောက်ဆုံးအကန့်သည် အခြားအကန့်များနှင့် ညီတူဖြစ်နေလျှင် ကောင်းသည်ဟု နိမိတ်ကောက်၍ အကန့်၏ ထက်ဝက်ကျော်လျှင် မကောင်းသော်လည်း ဆိုးသည်ဟု မယူနိုင်၊ အကန့်၏ ထက်ဝက်လျော့နေမှသာ လုံးလုံးမကောင်းဟု ယူဆလေသည်။ နောက်တစ်နည်းမှာ နှီးကိုချိုးပြီး "စုံ" ဖြစ်ပါစေ၊ "မ" ဖြစ်ပါစေ ဟု အဓိဋ္ဌာန်ခြင်းပင်ဖြစ်သည်။ "စုံ" ဆိုလျှင်ကောင်း၍ "မ" ဆိုလျှင် မကောင်းပါ။ အမည်ပေးပြီး ရက်အနည်းငယ် အတောအတွင်းမှာ ကလေးသိပ်ပြီး ငိုကြွေးလျှင်၊ ကလေးမှာ ရွှင်ရွှင်ပျပျမရှိလျှင် ပေးပြီးသားအမည်နှင့် ကလေးမှာမသင့်တော်ဟုယူဆက တစ်ဖန်နှီးချိုး အဓိဋ္ဌာန်ပြုပြီး အမည်သစ်တစ်ဖန်ထပ်၍ပေးပြန်သည်။ ထို့ကြောင့် ကယားတိုင်းရင်းသားများ၏ ကလေးများတွင် အမည်အနည်းဆုံး နှစ်မျိုး၊ သုံးမျိုးရှိသည်ကိုတွေ့ရပါသည်။ အချို့က ကလေးအမည်ကို ကလေးမွေးပြီးလျှင်ပြီးချင်းပေးလေ့ရှိပြီး အချို့ကမီးထွက်မှ ဧည့်ပရိသတ်များကိုဖိတ်ခေါ်၍ ထမင်း၊ ဟင်း၊ ခေါင်ရေတို့ဖြင့် ကျွေးမွေးဧည့်ခံကာ အမည်ပေးကြပါသည်။ ကလေးအမည်ပေးပွဲတွင် ကလေးကို ရေချိုးပေး၏။

အမည်ပေးပွဲကျင်းပသည့်နေ့တွင် မီးနေသည် ကလေးနှင့်တကွ အိမ်သူအိမ်သားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်စူး၍ ကြက်လေးကောင်ကို ကြက်ရိုးထိုးပြီးနောက် တစ်ကောင်စီကို ရိုးရာဓလေ့ထုံးစံအရ အောက်ပါအတိုင်း ပြုလုပ်ကြလေသည်။ ကယားဘာသာစကားဖြင့် "ရှေးလော့" ခေါ် ကြက်သွေးချိုးရန် ကြက်တစ်ကောင်၏ လည်ပင်းသွေးကိုယူပြီး မီးနေသည်၏ ကျောနှင့် နဖူးတို့ကို သုတ်လိမ်း၍ပေးရသည်။ ယင်းကြက်၏အသားကိုလည်း မီးနေသည်စားရန်အတွက် ထားပေးရသည်။ ထို့နောက် "ရှေးရှိုး" ခေါ် ကြက်သွေးကို ဒုတိယကြက်မှ ခွက်တစ်လုံးဖြင့်ခံယူကာ ကင်ပွန်းရေသဘောမျိုး အသုံးချကြ၏။ များသောအားဖြင့် ထိုကြက်သွေးကို ဝါးခြမ်းခွက်ဖြင့် ထည့်ထားလေ့ရှိ၏။ ဝါးချည်ကြိုးများတွင် ပုတီးလုံးတစ်လုံးထိပ်မှာချည်ထား၍ ထိုကြိုးတစ်ချောင်းစီကို ကြက်သွေးခွက်ထဲသို့နှစ်၍ မီးနေသည်လာမေးသော ဧည့်သည်များ တစ်ယောက်စီ၏လက်ကို အိမ်ရှင်ဖခင်ဖြစ်သူက ချီ၍ပေးသည်။ ဧည့်သည်ကလည်း အိမ်အပြန်တွင် အိမ်ရှင်၏ ဝင်းထရံတစ်နေရာရာတွင် ထိုကြိုးကိုပြန်၍ ချိတ်ပစ်ခဲ့ရသည်။ နှုတ်မှလည်း အိမ်သူအိမ်သားများ ဘေးအန္တရာယ်ကင်းရှင်းပါစေဟု ဆုတောင်းပေးခဲ့ရလေသည်။ ကြက်သွေးကို မင်္ဂလာယူကာ ကင်ပွန်းရေသဘောမျိုး သုံးခြင်းပင်ဖြစ်ပါသည်။ ယခုခေတ်တွင် ဗုဒ္ဓဘာသာဝင် ကယားလူမျိုးတို့မှာ ကြက်သွေးသုံးသူများ အလွန်နည်းပါးသွားပြီဖြစ်သည်။ "ရှေးရှိုး" ကြက်သားကိုမူ အခြားလူများ မစားရဘဲ သားသမီးမမွေးတော့သော အဘွားကြီးများသာ စားကြသည်။ လူငယ်များမစားကြရချေ။ "ရှေးမို့" ခေါ် ကြက်မှာ မွေးကင်းစကလေးအမည်အတွက်ဖြစ်သည်။ ယင်းကြက်သားကို မည်သူမျှမစားကြရချေ။ အိမ်သားများစားလျှင် ညီအစ်ကိုမောင်နှမအချင်းချင်း ခိုက်ရန်ဒေါသဖြစ်တတ်သည်ဟု အယူရှိကြလေသည်။ အဆိုပါကြက်ရိုးကိုလည်း ကြက်ရိုးထိုးကြည့်ပြီး ကျပ်ခိုးစင်ပေါ်တွင်တင်ထားရ၏။ ကျပ်ခိုးစင်မပျက်မချင်း ၎င်းကိုယူမပစ်ရချေ။ ခွေးများ၊ ကြောင်များကို ထိုကြက်ရိုးကို စားခွင့်မပြုရချေ။ "ရှေးပယ်" ခေါ် ကြက်မှာ တစ်အိမ်သားလုံး မင်္ဂလာရှိစေရန်ရည်ရွယ်၍ သတ်သဖြင့် ထိုကြက်၏ အသားကိုချက်၍ တစ်အိမ်သားလုံး စားနိုင်သည်။ အခြားလူများကိုလည်း ကျွေးနိုင်သည်။ ကြက်လေးကောင်ကိုသတ်၍ အထက်ပါနည်းအတိုင်း ပြုလုပ်ခြင်းမှာ ပူဇော်ပသတင်မြှောက်သော သဘောမျိုးမဟုတ်သော်လည်း အန္တရာယ်ကင်းရန် ကြက်ရိုးထိုးပြီး ကျွေးမွေးပွဲတစ်မျိုးပင်ဖြစ်၍ ယင်းဓလေ့မှာ ကယားတိုင်းရင်းသားတို့၏ ယုံကြည်မှုတစ်ရပ်ပင်ဖြစ်သည်။ ကလေးအမည်ပေးပွဲသို့ လာရောက်သော ပရိသတ်အချို့က ကလေးကို ခမဲပေးသည့်အနေဖြင့် မုန့်စေ့၊ မတ်စေ့များကို ပေးကြပါသည်။

### ဂေခိုတိုင်းရင်းသားတို့၏ ကလေးချက်ကြွေပွဲ

ဂေခိုတိုင်းရင်းသားတို့သည် မိမိတို့၏ သားသမီးများကို အထူးချစ်ခင်ကြင်နာယုယသူများဖြစ်ရာ ကလေး၏ ကြီးပွားတိုးတက်အောင်မြင်မှုကို အထူးလိုလားကြသည်။ ထို့ကြောင့် ကလေးမီးဖွားချိန်မှစ၍ ကလေးအတွက် မင်္ဂလာယူလေ့ရှိကြသည်။ မီးဖွားပြီးလျှင် ကလေး၏အချင်းကို အချို့က မြေတွင်မြှုပ်ကြပြီး အချို့က ဝါးလုံးဘူးထဲတွင်ထည့်၍ သစ်ပင်ကြီးတစ်ပင်ပေါ်တွင် ချိတ်၍ထားတတ်ကြသည်။ အချင်းကို မြေကြီးတွင် မြှုပ်နှံခြင်းအားဖြင့် ကလေးမှာ မြေကြီးကဲ့သို့မာ၍ ကျန်းမာသန်စွမ်းပေမည်၊ အသက်ရှည်ပေမည်ဟု အယူရှိကြသည်။ အချင်းကို သစ်ပင်ပေါ်တွင်ချိတ်ထားခြင်းအားဖြင့်လည်း ကလေးသည် သစ်ပင်ကဲ့သို့ ဘုန်းတန်ခိုးမြင့်မားမည်၊ အထက်တန်းကျကျ နေရမည်ဟု အယူရှိကြသည်။

ဂေခိုတိုင်းရင်းသား အမျိုးသမီးတစ်ဦးသည် မီးဖွားပြီး သုံးရက် သို့မဟုတ် ငါးရက်အကြာမှ မီးထွက်လေ့ရှိသည်။ မီးမထွက်မီ မီးဖွားနေသည့်အိမ်ကို အခြားဧည့်သည်များ မလာရချေ။ ထိုအတောအတွင်း အကယ်၍ ဧည့်သည်လာလည်မိလျှင် ကလေးချက်တော်တော်နှင့်မကြွေဟု အယူရှိကြသည်။ ကလေးချက်မှာ များသောအားဖြင့် သုံးရက်၊ လေးရက်လောက်ရှိလျှင် ကြွေလေ့ရှိသည်။

ကလေးချက်ကြွေသောအခါ မီးထွက်သည့်အနေဖြင့် ကလေးချက်ကြွေပွဲဟူ၍ အရပ်ထဲမှလူကြီးလူကောင်းအချို့တို့ကို ဖိတ်ခေါ်ပြီး ကြက်သားဟင်းနှင့်ဖြစ်စေ၊ ဝက်သားဟင်းနှင့်ဖြစ်စေ ထမင်းကျွေးမွေးပါသည်။ ယင်းချက်ကြွေပွဲသို့ လူကြီးများကိုသာ ဖိတ်ခေါ်ကျွေးမွေးခြင်းပြု၍ ကလေးများကိုမူ ကျွေးမွေးလေ့မရှိပါ။ ကလေးများကို ကျွေးမွေးလျှင် ကလေးတို့၏ မျက်စိမှုန်တတ်သည်ဟု ယူဆကြလေသည်။ ကလေးချက်ကြွေပွဲကို ဥစ္စာပစ္စည်းတောင့်တင်းသောသူများက တတ်နိုင်သလောက်အကုန်ကျခံပြီး ကျွေးမွေးကြသည်။ မတတ်နိုင်သူများကမူ အဘိုးအို၊ အဘွားအို လေး၊ ငါးယောက်ကိုသာ ဖိတ်ခေါ်ပြီး ကြက်နှစ်ကောင်၊ သုံးကောင်လောက်နှင့် ထမင်းဟင်းချက်ကျွေးကာ ဧည့်ခံလေသည်။ ဤချက်ကြွေပွဲကို ဆင်းရဲချမ်းသာမရွေး အိမ်ထောင်စုတိုင်းပင် လုပ်လေ့ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ဆူးဖဲလော-လုံပု-တေလဲ ကျေးရွာချင်းဆက်လမ်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြီးစီးမည်



ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ဆူးဖဲလောကျေးရွာ၊ လုံပုကျေးရွာနှင့် ရှားတောမြို့နယ်ရှိ တေလဲကျေးရွာနေ ဒေသခံပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် ဆူးဖဲလော-လုံပု-တေလဲ ကျေးရွာချင်းဆက်လမ်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆူးဖဲလော-လုံပု-တေလဲ ကျေးရွာချင်းဆက်လမ်းသည် ရှားတောမြို့နယ် ပွန်ချောင်းကျေးရွာအနီး လွိုင်ကော်-ရှားတောလမ်းမှ အစပြုလျက် တေလဲကျေးရွာအရောက် လမ်းအရှည် ၁၁ မိုင် သုံးဖာလုံဖြစ်ကြောင်း လွိုင်ကော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။ ယခုအခါ ၁၂ ပေ အကျယ်ကျောက်ချောလမ်း တစ်မိုင်နှင့် ပေ ၄၀ အကျယ်မြေသားလမ်း ကိုးမိုင် တစ်ဖာလုံတို့ကို ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ပေ ၄၀ အကျယ် မြေသားလမ်း တစ်မိုင် နှစ်ဖာလုံ၊ (၁၀× ၂၄) ပေ ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ် တံတားနှစ်စင်း၊ (၅× ၂၄) Box Culvert ရှစ်စင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

### စတင်အကောင်အထည်ဖော်

အထက်ဖော်ပြပါလုပ်ငန်းများကို ယခုနှစ်ဇန်နဝါရီတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်းတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ကြီးမြင့်နိုင် (လွိုင်ကော်)

# ရခိုင့်သဘာဝအလှ စိုင်းဒင်ရေတံခွန်



**အောင်ကြည်မိုး (စစ်တွေ)**

**ရခိုင် ပြည်နယ်သည် လှပသောပင်လယ်ကမ်းရိုးတန်းနှင့် ရခိုင်ရိုးမတောင်တန်းကို ပိုင်ဆိုင်ထားသော ဒေသတစ်ခုဖြစ်ပြီး သဘာဝကလက်ဆောင်ပေးထားသော သဘာဝအလှအပနေရာများစွာတို့ ရှိနေသည်။ ထိုများစွာထဲမှ မေယုဒေသ ဘူးသီးတောင်မြို့နယ်ရှိ စိုင်းဒင်ရေတံခွန်သည် အလွန်သာယာလှပပြီး ရခိုင်ကမ်းမြောင်ဒေသ၌ အကြီးမားဆုံးနှင့် အမြင့်ဆုံးရေတံခွန်ဖြစ်သည်။ ဘူးသီးတောင်မြို့ စိုင်းတင်ချောင်းတွင်ရှိ၍ စိုင်းဒင်ရေတံခွန်ဟု ခေါ်တွင်ကြခြင်းဖြစ်သည်။ စိုင်းဒင်ရေတံခွန်သည် ပေ ၇၀ ခန့်မြင့်ပြီး အကျယ်ပေ ၇၀၀ ခန့်ရှိသည်။ ပေ ၅၀၀ ကျော်မြင့်သော တောင်တန်းကြီးနှစ်ခုအကြား ကျောက်လွှာပြတ်မှ ရေလုံးကျဆင်းခြင်းဖြစ်သည်။ ရေဖမ်းနယ်မှာ အလျားမိုင် ၃၀၊ အနံ ၁၅ မိုင်မျှ ကျယ်ဝန်းပြီး မြောက်ဘက်ဘင်္ဂလားဒေ့ရှ်နယ်စပ်အထိ ရှည်လျားသည်။**

ရေတံခွန်အနီးတစ်ဝိုက်တွင် သဘာဝဝါးတောများရှိနေ၍ ဘူးသီးတောင်မြို့၏ မျှစ်အထွက်ဆုံးသောနေရာတစ်ခုလည်းဖြစ်နေသည်။ စိုင်းဒင်ဒေသသည် သဘာဝအလှတရားများနှင့်ပြည့်စုံနေပြီး ကျောက်ဆောင်ကျောက်တုံးများနှင့် အလှဆင်ကာ ဆေးဖက်ဝင်အပင်မျိုးစုံလည်း ပေါက်ရောက်နေသည်။ စိုင်းဒင်ရေတံခွန်မှ သဘာဝရေအားလျှပ်စစ်နှင့် စိုင်းဒင်ဒေသရှိ ဝါးတောမှ စက္ကူထုတ်ယူသုံးစွဲရန် ကြိုးပမ်းဆောင်ရွက်နေကြသည်။

**စိုင်းဒင်ရေတံခွန်၌ အဆင့်ခုနစ်ဆင့်**

စိုင်းဒင်ရေတံခွန်သည် စစ်တွေမြို့၏မြောက်ဘက် မိုင် ၅၀ အကွာနှင့် ဘူးသီးတောင်မြို့၏ အရှေ့မြောက်ဘက် မိုင် ၃၀ အကွာအဝေး၌ တည်ရှိနေသည်။ စိုင်းဒင်ရေတံခွန်၌ အဆင့်ခုနစ်ဆင့်ရှိသည်။ ပွင့်လင်းရာသီချိန်၌ စိုင်းဒင်ရေတံခွန်သို့ အပျော်ခရီးထွက်ကြသူများက ဝါးဖောင်များစီး၍ ကျယ်ပြန့်သော ရေပြင်ရှိသည့် အဆင့်များသို့တက်၍ ရေကစားကြသည်။ စိုင်းဒင် ရေတံခွန်သို့ လာရောက်လည်ပတ်မည်ဆိုလျှင် ဘူးသီးတောင်မြို့မှ စက်တပ်လှေများဖြင့် သွားရောက်နိုင်သလို ဘူးသီးတောင် - ရသေ့တောင်- ပုဏ္ဏားကျွန်း-စစ်တွေ ကားလမ်းမှတစ်ဆင့်လည်း ဘူးသီးတောင်မြို့မှ ကား၊ ဆိုင်ကယ်များဖြင့် သွားရောက်နိုင်ပါသည်။ စိုင်းဒင်ရေတံခွန်သည် မေယုမြစ်ထဲသို့ စီးဆင်းသည့် စိုင်းဒင်မြစ်ရဲ့အထက်ဘက်၌တည်ရှိပြီး စက်တပ်လှေဖြင့် နှစ်နာရီခန့် ကား၊ ဆိုင်ကယ်တို့ဖြင့် တစ်နာရီခွဲနီးပါးသွားရသည်။

စိုင်းဒင်ရေတံခွန် ရှိနေသောနေရာ၌ ရှေးရခိုင်ဘုရင်များလက်ထက် စိုင်းဒင်မြို့ဟု အမည်ရသော မြို့တစ်မြို့တည်ရှိခဲ့ဖူး၍ စိုင်းဒင်ရေတံခွန်ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ သို့ဖြစ်၍ ရှေးရခိုင်ဘုရင်များ ကိုးကွယ်ခဲ့သော ရှေးဟောင်းဘုရား ဒုံးသိမ်ပုထိုးတော်ကြီးရှိနေသည်။ ဒုံးသိမ်ပုထိုးတော်ကြီးအား အရံစေတီတော်ငယ် ၁၂ ဆူ ဝန်းရံထားပြီး မြောက်ဦးမြို့ရှိ ထုက္ကန်သိမ်နှင့် ပုံသဏ္ဌာန်ဆင်တူသည်။ စိုင်းဒင်ရေတံခွန် အနီးအနား၌ အင်္ဂလိပ်လက်ထက်က ရခိုင်လူမျိုး သူဌေးဦးကျော်ခိုင် တည်ထားကိုးကွယ်ခဲ့သည့် မေယုဒေသ၌ ထင်ပေါ်ကျော်ကြားသော သုံးဆယ့်တစ်ဘုံစေတီတော်ကြီးလည်း တည်ရှိနေသည်။

**ဒေသခံပြည်သူများ အကျိုးရှိလာနိုင်**

မြန်မာပြည်တစ်ဝန်းမှ ခရီးသွားဧည့်သည်များ သဘာဝအလှတရားများနှင့် ပြည့်စုံနေသော ဘူးသီးတောင်မြို့ရှိ စိုင်းဒင်ရေတံခွန်အား တစ်ခေါက်တစ်ခါ လာရောက်ကြည့်ရှုနိုင်ကြဖို့နှင့် စိုင်းဒင်ရေတံခွန်၊ ရှေးဟောင်းဘုရား ဒုံးသိမ်ပုထိုးတော်ကြီးတို့ရှိနေသော မေယုဒေသ၌ နိုင်ငံတော်မှ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဆောင်ရွက်ပေးနိုင်ပါလျှင် ဒေသခံပြည်သူများ အကျိုးရှိလာနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

---

**မြန်ဂုဏ်ဆောင်**

## မြတ်နိုးခုံမင်ဖွယ် ကယန်းတူညီဝတ်စုံနှင့် အသုံးအဆောင်

*(၇-၉-၂၀၁၉ ရက်နေ့မှအဆက်)*

ကယန်းဘောင်းဘီ အနက်ခံထိပ်တွင် ဝါ၊ နီ၊ ဖြူ၊ ပြာ တစ်ခုတည်းကို ကြိုက်ရာရွေးချယ်၍ တစ်ရောင်တည်းဖြင့် ပုံဖော်သည်။

**ရိုးရာအမှတ် အသားအဖြစ်ပုံဖော်**

(Logo)အမှတ်တံဆိပ်လိုင်းကို ရိုးရာအမှတ်အသားအဖြစ်ပုံဖော်သည်။ ဘောင်းဘီတွင် ခါးပတ်မလိုဘဲ ကြိုးအနက်ပါပြီး ခါးကိုစည်းနှောင်ဝတ်ဆင်ကြသည်။

မိန်းကလေးခေါင်းစည်းကို အပျို၊ လူပျိုအတူတူ ဝတ်ဆင်ရသည်။ ခုနစ်လက်မ၊ ရှစ်လက်မဗျက်အစတွင် အလယ်တည့်တည့်၌ အနီရောင်လိုင်းကြောင်းနှစ်ခု ထည့်သည်။

အမျိုးသမီးထဘီကို ဂျပ်ခုတ်စင်တွင် လက်ရက်ထည်ဖန်တီးပါက တစ်ထည်လျှင် နှစ်ရက်ခန့်ကြာသည်။ ထဘီတွင် အလယ်၌ ခုတ်ထည်နှစ်စကိုဆက်ရာတွင် ကြေးဝါလိုင်းကိုအခြေခံပြီး တစ်ဖက်တစ်ချက်တွင် ဖားဥပုံသဏ္ဌာန် အလုံးကလေးများကို စီထားသည်။ ထဘီတစ်ထည်ဖြစ်ရန် နှစ်နံစပ်လက်ရက်ထည်ဖြင့် ချုပ်ရသည်။ စက်ရက်ကန်းစင်ထွက် လုံချည်တစ်တောင်အနံကိုယ်ထည်ထွက်ရှိသည်။ အမျိုးသမီးက ကိုယ်လုံးပိန်ပါးလျှင် နှစ်ကိုက်စဖြင့် ချုပ်ဝတ်နိုင်သည်။ ကိုယ်လုံးကိုယ်ထည် ဝသောသူက နှစ်ကိုက်တစ်ထွာ ချုပ်ဝတ်ရသည်။

အမျိုးသား အမျိုးသမီး တချို့က အထည်လိပ်ထဲမှ အစကို ကိုယ်တိုင်စိတ်တိုင်းကျ ကိုက်ထိုးဖြင့် စတိုးဆိုင်မှဝယ်ယူပြီး အင်္ကျီ၊ လုံချည်၊ ထဘီတို့ကို ချုပ်ဝတ်ကြသည်။

ဖယ်ခုံမြို့ပေါ်ရှိ ကယန်းဝတ်စုံ အထည်စတိုးဆိုင်သို့ ဖယ်ခုံမြို့နယ်အတွင်းရှိ မိုးဗြဲ၊ ဖယ်ခုံ၊ ကုန်းသာရွာနှင့် ဟန်တောခူရွာတို့မှ ချုပ်လုပ်ပြီးအထည်၊ လက်ရက်ကန်းအထည်၊ အစမျိုးစုံတို့ကို လာရောက်ရောင်းချကြသည်။

**မြတ်နိုးခုံမင် အလေးထား**

အနောက်တိုင်းက ဝတ်စုံမျိုးစုံထိုးဖောက်ဝင်ရောက်ချိန်တွင် မြန်မာပြည်ဖွား တိုင်းရင်းသားမျိုးနွယ်စုများ၏ တူညီရိုးရာဝတ်စုံများက ရိုးရာအဆင်၊ ရိုးရာဓလေ့များဖြင့် ဂုဏ်ထည်ဝတ်ဆင်မှုကို သွေးတူသားတူ တိုင်းရင်းသားမျိုးနွယ်စုအားလုံးက မြတ်နိုးခုံမင်အလေးထားလျက်ရှိပါကြောင်း ....။